www.burmeseclassic.com

# မင်းနှင့်စာဆို

## တိုက်စိုး

Founded - 2005
The Light of the Life
Buddhist Library
Mahamyatmuni Pagoda
THIPAW, MYANMAR.
BURMESE CLASSIC .com
သာသနာ့အလင်း - ဗုဒ္ဓဝမ္မ စာကြည့်တိုက်
၁၃၆၆
စေတမုနိဘုရားကြီး၊ သီပေါမြို့



www.burmeseclassic.com

ပထမအကြိမ်ရိုက်နှိပ်ခြင်း

နှလုံးလှစာပေတိုက်။ အမှတ် ၅၊ ၁၀၀
ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း ၁၂၉၇၁။

www.burmeseclassic.com

အုပ်ရေ
၂၀၀၀
*

ပန်းချီ
စံတိုး

*

ဦးချစ်အောင် (၀၂၀၇)လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေးကရိုက်နှိပ်၍၊ ဦးစိန်လွင်(၀၃၆၃) အလိမ္မာစာပေ၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေးက ထုတ်ဝေသည်။

www.burmeseclassic.com

တိုက်စိုး

# မင်း နှင့် စာဆို

www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်သူ မိဖနှစ်ပါးအား
ဤစာအုပ်ဖြင့်
ကန်တော့ပါ၏။


www.burmeseclassic.com

# မာတိကာ


| | |
|---|---|
| အမှာစာ | ၁ |
| ကင်းဝန် | ၉ |
| ကျွန်စစ်သား | ၃၁ |
| ရှင်မင်းနု | ၄၀ |
| နတ်သျှင်နောင် | ၅၁ |
| ရှင်မဟာရဋ္ဌသာရ | ၆၃ |
| လှိုင်ထပ်ခေါင်တင် | ၇၂ |
| ဦးရွှေလူ | ၈၂ |


(စာမျက်နှာသည် မူရင်းစာအုပ်အရ မဟုတ်ပါ၊)



www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ

ဤစာအုပ်တွင် ကင်းဝန်မင်းကြီးဦးကောင်း၊ ကျန်စစ်သား၊ ရှင်မင်းနု၊ နတ်သျှင်နောင်၊ ရှင်မဟာရဋ္ဌသာရ၊ လှိုင်ထိပ်ခေါင်တင်၊ ဦးရွှေလူဟူ၍ ပုဂ္ဂိုလ် ၇–ဦး အထုပ္ပတ္တိပါ ပါသည်။ ထို အထုပ္ပတ္တိအားလုံးသည် ငွေတာရီမဂ္ဂဇင်းတွင် ပါဝင်ပြီး ဖြစ်ပါသည်။

အထုပ္ပတ္တာများလာ အချက်အလက်များအနက် အချို့ကို စာဖတ်သူများ သိပြီးဖြစ်၍ အချို့ကိုမူ ယခုစာအုပ်တွင်မှ အသစ်တွေ့ရကောင်း တွေ့ရမည်ဖြစ်ပါသည်။ ထိုအချက်အလက် များကို စာရေးသူ၏ အယူအဆနှင့်ပေါင်းစပ်၍ စာရေးသူက ဉာဏ်မီသမျှ တင်ပြထားသည်ဖြစ်ရာ စာဖတ်သူများ လက်ခံနိုင်လိမ့်မည်ဟု မြော်လင့်ပါသည်။ ဆက်လက်လေ့လာသူများအဖို့ အရေး ကြီးသောစာ စာရင်းကိုလည်း ရွေးထုတ်၍ ပြထားပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ကူညီကြသော တက္ကသိုလ်များဗဟိုစာကြည့်တိုက် မှူး ဦးသော်ကောင်း၊ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်စာကြည့်တိုက်မှူး ဦးမောင်မောင်၊ စာရေး ဆရာ မောင်စွမ်းရည်၊ စာရေးဆရာလေးမြိုင်၊ စာရေးဆရာ သမိန်သောင်းတို့ကို ကျေးဇူးတင် ကြောင်း ဖော်ပြအပ်ပါသည်။

တိုက်စိုး



www.burmeseclassic.com

www.burmeseclassic.com


## ကင်းဝန်

ကင်းဝန်မင်းကြီးဦးကောင်း၏ အမည်ကို ကြားလိုက်ရလျှင် စာပေမွေ့သူများက 'နေမိရကန်'မှ နန်းတွင်းသူဘွဲ့ကို နှစ်နှစ်သက်သက် အာရုံထင်မိကြလိမ့်မည်။ ဥပဒေသမိုင်းသုတေသီများက 'သုံးဆယ့်ခြောက်ဆောင်တွဲ ဓမ္မသတ်ကြီး'ကို တလေးတစား သတိရမိကြလိမ့်မည်။ ရှေးဟောင်းပစ္စည်း လိုက်စားသူများက ဥရောပပိသုကာပုံစံဖြင့် (ဦးကောင်း ဆောက်လုပ်)လှူဒါန်းခဲ့သော သာကဝန်ကျောင်းတိုက်ကို တအံ့တဩ ပြေးမြင်မိကြလိမ့်မည်။ သို့သော် ဦးကောင်း၏ အမည်သည် ရာဇဝင်တွင် အကောင်းဘက်လိုလို အဆိုးဘက်လိုလိုနှင့်အငြင်းထွက်စရာ ဖြစ်နေသည်။ "ဦးကောင်းလိမ်ထုတ်၊ မင်းဆက်ပြုတ်"ဆိုသောစကားနှင့်ရောထွေးယှက်တင် ဖြစ်လျက်ရှိသည်။

ထိုစကားသည် အဓိပ္ပါယ် ၂ချက် ထွက်နေ၏။ အဓိပ္ပာယ်တချက်မှာ နေ့နံသင့်တွက်ပုံအရ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် (ခရစ် ၁၈၈၅ ခုနှစ်)တွင် အင်္ဂလိပ်လက်သို့ နောက်ဆုံးမင်းဆက် ဖြစ်သော သီပေါမင်း ပါရသည်ဟူ၍ဖြစ်သည်။ ဒုတိယအဓိပ္ပာယ်မှာ ဦးကောင်း လိမ်လည်ကောက်ကျစ်လေသောကြောင့် ဤသို့ပါရသည်ဟူ၍ ဖြစ်သည်။

အင်္ဂလိပ်လက်သို့ မြန်မာမင်း ပါရပုံပါရနည်းသည် ၃ ဆင့်ဖြစ်လေသည်။ ၁၈၂၄ ခုနှစ် မတိုင်မီ ကာလအထိ မြန်မာနိုင်ငံမှာ တထီးတနန်းနှင့်လွတ်လပ်သော နိုင်ငံဖြစ်လေသည်။ သို့သော် ဘကြီးတော်လက်ထက်တွင် အင်္ဂလိပ်နှင့်စစ်ဖြစ်၍ မြန်မာက ရှုံးသဖြင့် တနင်္သာရီနှင့်ရခိုင်နယ်များကို စွန့်လွှတ်ခဲ့ရသည်။ ပုဂံမင်းလက်ထက်တွင် ဒုတိယအကြိမ် စစ်ဖြစ်၍ ရှုံးပြန်သဖြင့် တောင်ကျောင်းသရက်မြို့အထိ မြန်မာပိုင်နက်ကို စွန့်လွှတ်ခဲ့ရသည်။ ပုဂံမင်းနောက် စိုးစံသော မင်းတုန်းမင်းလက်ထက်တွင် မင်းတုန်းမင်း၏ အမြော်အမြင်ကြီးမှုကြောင့် အင်္ဂလိပ်နှင့်ဆက်ဆံရေး သင့်တင့်တန်သရွေ့ သင့်တင့်သည်။ နောက်ဆုံး မင်းဆက်ဖြစ်သော သီပေါမင်းလက်ထက်တွင်မူ တတိယစစ်ဖြစ်ပြီးနောက် သီပေါမင်းလည်း စစ်ရှုံး၊ မြန်မာ့လွတ်လပ်ရေးလည်း လုံးဝ ကွယ်ပျောက်လေတော့သည်။

ဦးကောင်းသည် (မြန်မာဘက်မှ) မင်းတုန်းမင်းနှင့်သီပေါမင်းနှစ်ဆက်တိုင်တိုင် အမှုထမ်းခဲ့လေသည်။ မင်းတုန်းမင်းနှင့်သီပေါမင်းလက်ထက်မှစတင်၍ အလုပ်တာဝန်တွင် တစတစ တိုးမြှင့်လာခဲ့ရာ သီပေါမင်းနန်းတက်စအချိန်၌ အထွတ်အထိပ်သို့ ရောက်ခဲ့သည်ဟု ဆိုရလိမ့်


www.burmeseclassic.com

www.burmeseclassic.com

မည်။ အလွန်လည်း အရာရောက်ခဲ့သည် ဖြစ်လေသည်။ သို့သော် အင်္ဂလိပ်လက်သို့ သီပေါမင်း ပါရပုံအကြောင်းနှင့်စပ်၍ကား ဦးကောင်း၏ ဆောင်ရွက်ချက်တို့သည် အစွန်းအထင်း ရှိနေသည်။ ထို့ကြောင့် "ဦးကောင်းလိမ်ထုတ်၊ မင်ဆက်ပြုတ်"ဆိုသောစကား ယုတ္တိတန် မတန်သည်ကို သူ့ ဘဝလမ်းစဉ်ကို ပြန်ကြည့်ပါက အကြောင်း ပြည့်ပြည့်စုံစုံ တွေ့နိုင်စရာ ရှိလေသည်။

ဦးကောင်း၏ အဖ ဦးမှိုသည် မုံရွာနယ်၊ ဗန့်ကျီတိုက်အဝင် မုန်တိုင်ပင်(မင်းတိုင်ပင်)ရွာတွင် နေထိုင်သူ ဖြစ်လေသည်။ အသည်(သား)ကား မဟုတ်။ နတ်သျှင့်ရွေး သေနတ်စုထဲမှ ဖြစ်လေသည်။ သို့သော် စစ်မက်မရှိသည့်အခါ၌ဖြစ်စေ၊ မင်းနေပြည်တွင် တာဝန်မကျသည့်အခါ၌ ဖြစ်စေ၊ ထိုအစုသားသည် ကိုယ့်ရပ်ရွာတွင် အေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်သည် ဖြစ်၍ ယက်ကန်းသုံး ယင်သွားများကို လုပ်ကိုင်ရောင်းချ၍၎င်း၊ ဓာတ်ဆရာအဖြစ်ဖြင့်၎င်း အသက်မွေးသူဖြစ်သည်။ သားဖြစ်သူ ဦးကောင်းမှာလည်း ထိုရွာတွင်ပင် ၁၈၂၂ ခုနှစ်၌ မွေးဖွားလာရလေသည်။ ဤတွင် အဖဖြစ်သူက အစုသားဖြစ်၍ သားဖြစ်သူသည် မြန်မာ့အုပ်ချုပ်ရေးထုံးတမ်းအရ အချိန်တန် အရွယ်ရောက်လာသည့်အခါ ထိုအစုတွင် သာမန်အားဖြင့် အမှုထမ်းရမည်ဖြစ်လေသည်။ ဤသို့ကား အစုသား ရိုးရိုးမဖြစ်။ သူက စာတတ်၍ မင်းပါးစိုးခွင် ရောက်ကာ မင်းတိုင်ပင်အမတ်အထိ ဖြစ်လာသည်။ အမှန်စင်စစ် သူ့ရွာတွင် ကျောင်း မယ်မယ်ရရမရှိ။ မရှိသော်လည်း ပညာလိုလားသော ဦးကောင်းသည် အနီးအပါးမှ ကျောင်းရှိသော ငှက်ပျောတောရွာ၊ စစ်ကုန်းရွာ၊ ငါးရံ့အိုမြစ်စုတ်ရွာ၊ ပဒူးရွာ အသီးသီးတွင် စာလိုက်၍သင်သည်။ ကျောင်းသားဘဝ၊ ကိုရင်ဘဝ၊ ရဟန်းဘဝ အဆင့်ဆင့်ဖြင့် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း၊ အလင်္ကာ၊ ဗေဒင်၊ ဆေး စသည်တို့ကို သင်သည်။ ထိုမျှဖြင့် အားမရတင်းမတိမ်သေးဘဲ အမရပူရမင်းနေပြည်ရှိ ဗားကရာကျောင်းသို့တက်၍ စာဆက်သင်သည်အထိ ဇွဲကောင်းလေသည်။

ဤတွင် ဦးကောင်းအတွက် တက်လမ်း ပေါ်လာလေသည်။ ပေါ်လာပုံမှာ ပဒူးရွာကျောင်းတွင် နေစဉ်က သူသည် ဦးရန်ဝေးဆိုသူ ဦးပဥ္ဇင်းနှင့်သိကျွမ်းခင်မင်ခဲ့ဘူးသည်။ ထိုဦးပဥ္ဇင်းသည် ယခုအခါတွင် ဗားကရာကျောင်းအနောက်ဖက် ရွှေရေးကျောင်း၌ ကျောင်းထိုင်လည်းဖြစ်၊ မင်းတုန်းမင်းသား၏ အကိုးကွယ်ခံ ဆရာလည်းဖြစ်နေသည်။ ထိုအခါ မင်းတုန်းမင်းသားက "ပညာဗဟုသုတအရာ လေ့လာသူများကို လိုချင်ပါသည်"ဟူ၍ ဦးရန်ဝေးထံ လျှောက်ထားလေရာ၊ ဦးရန်ဝေးအမအစဖြင့် ဦးကောင်းသည် မင်းတုန်းမင်းသား၏ မင်္ဂလာအိမ်တော်သို့ အမှုထမ်းရန် ရောက်လာခဲ့ရသည်။ မင်းတုန်းမင်းသားသည် ပညာလိုလားသူဖြစ်သည့်အတိုင်း နောင်အခါ ယောအတွင်းဝန်ဖြစ်မည့် ဦးဖိုးလှိုင်ကဲ့သို့ပုဂ္ဂိုလ်များသည် သူ့ထံတွင် ဝင်ထွက်သွားလာ နေကြသည်ဖြစ်လေသည်။ ဦးရန်ဝေးပင်လျှင် မကြာမီ လူဝတ်လဲ၍ မင်းတုန်းမင်းသား၏ အကြီးတော်အဖြစ်သို့ ပြောင်းခဲ့လေသည်။



www.burmeseclassic.com

ထိုအခါ ကာလသည် ပုဂံမင်းစိုးစံနေချိန် ဖြစ်လေသည်။ ထိုမင်းသည် ပြည်သူအများ၏ကြည်ညိုမှုကို ကောင်းစွာရခဲ့ဟန် မရှိ။ သူ့အိမ်တော်ပါ အမှုထမ်းဖြစ်သူ မြို့ဝန်ဦးဘိုင်ဆက်သည် သားပျိုသမီးပျိုများကို ဖျက်ဆီးနှိပ်စက်သည်။ ပြည်ထဲရေးကို ဘုရင့်ယောက်ဖဖြစ်သူ မင်းသားဦးကျောက်လုံးနှင့်ကျီဝန်ဦးပွားတို့ ခြယ်လှယ်နေသည်။ ထိုအပေါ်တွင် ပုဂံမင်းကိုယ်တိုင်က ညီလာခံ မှန်မှန်မထွက်ဘဲ ကြက်တိုက်၊ လက်ဖွေ့ပြိုင်စသည်အလုပ်တွေကိုသာ လိုက်စားနေပြန်လေသောကြောင့် ပြည်သူများက နှလုံးနာနေကြသည်။ ထို့ကြောင့် အကျင့်သိက္ခာရှိသော မှန်မှန်လွတ်တတ်သော(ပုဂံမင်းနှင့်အဖတူ အမိကွဲ ညီတော်သူ)မင်းတုန်းမင်းသားကို ပို၍ကြည်ညိုနေကြသည့်လက္ခဏာရှိသည်။ အခြေအနေက မဟန်ရသည်တွင် ပုဂံမင်းအဖို့ ကံဆိုးချင်သောကြောင့်ပေထင့်၊ အင်္ဂလိပ်နှင့်မြန်မာ စစ်ဖြစ်ရပြန်လေသည်။ ထိုအရေးတွင် ပုဂံမင်းဘက်က အလွန်မရှိ၊ သို့သော် အင်္ဂလိပ်က ကဲ၍သာလာသဖြင့် စစ်တိုက်ခဲ့ရခြင်း ဖြစ်လေသည်။ မင်းတုန်းမင်းသားမှာမူ အင်္ဂလိပ်၏လက်နက်အားကို မြန်မာက မယှဉ်နိုင်မှန်း စဉ်းစားမိပြီးဖြစ်၍တကြောင်း၊ နဂိုကလည်း ငြိမ်းချမ်းစွာ နေတတ်လေ၍တကြောင်းကြောင့် စစ်ကို တနည်းနည်းဖြင့် တားဆီးလိုသည်ဖြစ်လေသည်။ ထိုအတွင်း သူနှင့်သူ့ညီရင်းဖြစ်သူ ကနောင်မင်းသားတို့၏ အိမ်တော်သားများသည် ဓားပြမှုတွင် ပါဝင်သည်ဆိုကာ ပုဂံမင်း၏ကျေးကျွန်များက စွပ်စွဲအပြစ်ရှာကြလေရာ၊ သူသည် ညီ၏ တိုက်တွန်းချက်ဖြင့် နောင်တော်ကို ပုန်ကန်လေတော့သည်။ ၁၈၅၃–ခုနှစ်တွင် ရမည်းသင်းသေနတ်ဗိုလ်(နောင် ရေနံချောင်းဝန်ကြီး)ဦးစိုး စသော သစ္စာရှိ နောက်လိုက်များ၏ အကူအညီဖြင့် မင်းတုန်းမင်းသားက နောင်တော်ကို အနိုင်ရပြီးလျှင် အမရပူရကို သိမ်းပိုက်နန်းထိုင်နိုင်ခဲ့၍ ညီဖြစ်သူ ကနောင်မင်းသားကို အိမ်ရှေ့အရာ ထားလေသည်။ စစ်ကိုလည်း ရပ်စဲလိုက်လေသည်။

အရှင် မြင့်က ကျွန်တင့်ရမည်မှာ ဓမ္မတာပေတည်း။ ဦးစို၊ ဦးရန်ဝေး၊ ဦးဖိုးလှိုင်၊ ဦးကောင်းစသော မင်းတုန်းမင်းဘက်သားများသည် အရည်အသွေးအလျောက် အချီးအမြှောက်ခံရလေသည်။ ဦးကောင်းအတွက် သက်သက်ရေးမည်ဆိုလျှင် မင်းတုန်းမင်းသား၏ အိမ်တော်တွင် ရှိစဉ်ကလည်း သူ့အလျှောက်အပြုကောင်းမှု၊ သတ်ပုံသတ်ညွှန်း မှန်ကန်မှုကြောင့် အမှုထမ်း၍မှ မကြာခင် ဘဏ္ဍာစာရေးအရာတွင် တိုးမြှင့်ခန့်ထားခြင်း ခံရဘူးသည်။ ဤတွင်မက မင်းတုန်းမင်းသားကပင် ကြပ်မ၍ ဘကြီးတော်လက်ထက်၌ မှန်နန်းအပျိုတော်ဖြစ်ခဲ့သော ဆင်ကြန်သခင်နှင့်လက်ဆက်ပေးသည့်အထိ ဂုဏ်ရည်တင်ခြင်း ခံခဲ့ရသည်။ ခုတဖန် မင်းတုန်းမင်းသားက အထွတ်အထိပ်သို့ ရောက်လာသည့်အခါ သူကလည်း အလုပ်တွင် ကြိုးစားလေသည်နှင့်အမျှ ရွှေတိုက်စိုး၊ နောက် လွှတ်တော်အမှာတော်ရေး၊ နောက် လွှတ်တော်စာရေးကြီး၊ နောက် အလုံမြို့ဝန်၊ နောက် တောင်ငူရမည်းသင်းနှစ်မြို့ အခွန်ဝန်၊ နောက် လွှတ်တော် ဝန်ထောက်၊ နောက် ရေကြည်းနှင့်ဆိုင်ရာ ကင်းခွန်များကို ကြီးကြပ်အုပ်ချုပ်ရသော ကင်းဝန်ထောက်ဖြစ်ရသည့်အထိ ရာထူးဂုဏ်သိရ် ကြီးမြင့်တိုးတက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြီးမြင့်လာရအောင်လည်း သူဆောင်ရွက်ခဲ့ပုံတို့ကို သာဓကပြရဦးမည်။ ၁၈၅၇–ခုနှစ်တွင် မင်းတုန်းမင်းသည် အမရပူရကို မကြိုက်၍ မန္တလေးမြို့သစ်တည်ရန် ကြံရွယ်သည့်အခါ ဦးကောင်းသည် မြတောင်ဝန်ကြီးဦးမှူး၏ ဆင့်ဆိုချက်အရ ကျုံး၊ မြို့ရိုး၊ နန်းတော်စသော ခုနစ်ဌာနနှင့်တကွ တည်ထား လုပ်ဆောင်ရန် အဆောက်အအုံပုံစံစနစ်ကို အခါမပြတ် ရေးပေးနိုင်ခဲ့သည်။ မန္တလေးပတ်ဝန်းကျင်၌ သာယာစိမ်းလန်းရအောင် ဥယျာဉ်နှစ်ဆယ်လုပ်ဆောင်ရန် မင်းအမိန့်ရှိရာတွင် ဝေပုံကျဖြစ်သော မဟာသီရိပေမဝန် ဥယျာဉ်ကို ပန်းသစ်ပင်မြိုင်မြိုင်ဖြင့် ဖန်တီးပေးနိုင်ခဲ့သည်။ အလုံမြို့ဝန် တာဝန်ယူရစဉ်က သုံးနှစ်အတွင်း မြို့ရွာနယ်ပယ်ကို အေးချမ်းစည်ပင်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ တောင်ငူ ရမည်းသင်းဘက်ရှိ သစ်အလုပ်အဆောင် နေရာမကျ၍ အခွန်ဘဏ္ဍာ ယုတ်လျော့နေသည်တွင် အမှန်ဖြစ်အောင် စီမံပေးနိုင်ခဲ့သည်။ နောက်ဆုံး ၁၈၆၆ ခုနှစ်တွင် မင်းတုန်းမင်း၏ သားများအထဲမှ မြင်ကွန်း မြင်းခုံတိုင် မင်းသားနှစ်ဦးက အိမ်ရှေ့ ကနောင်မင်းသားကို သတ်၍ သူပုန်ထသည့်အခါ (ပခန်းမင်းကြီးဖြစ်လာခဲ့သော)ဦးရန်ဝေးနှင့်အတူ လွှတ်တော်မှ ရပ်တည်ဆင့်ဆို စည်းကြပ်ကာ သူပုန်ရန်ကို ခုခံနိုင်ခဲ့သည်။

ဤမျှပင်လော၊ ရှိပါသေး၏ ။ ဦးကောင်းသည် မင်းမှုရေးရာတို့တွင် ကိုယ်အားစိတ်အားဖိ၍ ဆောင်ရွက်ရုံဖြင့် မတန်သေး၊ စုဆောင်းပြီး ဗဟုသုတ၊ ကျွမ်းကျင်ပြီး ကဗျာပညာဖြင့် မင်းတုန်းမင်း၏ စာဝါသနာကို ဖြည့်နိုင်ခဲ့ပြန်သည်။ မင်းတုန်းမင်းသည် ဘာသာရေး၌ ကိုင်းရှိုင်းသူပီပီ ဘာသာရေးကဲသော စာများကို ကြားနာတတ်သူဖြစ်လေသည်။ အထူးသဖြင့် ကဗျာလင်္ကာများကို ကြားနာသည့်အခါ ကိုးခန်းပျို့မှ မင်းသားလေးပါး တောထွက်ခန်းကို ကြိုက်တတ်သည်။ ငွေတောင်ရကန်၊ ရာမရကန်တို့မှာ သာယာနာပျော်ဘွယ် ကောင်းပါ၏၊ သို့သော် သမ္မပ္ပလာပစာမျှသာဟု ထင်လေ့ရှိသည်။ ထို့ကြောင့် သူ့ဆန္ဒအလျောက် ဦးကောင်းကို ကဗျာဖွဲ့ခိုင်းသည်။ ဦးကောင်းကလည်း တိဏ္ဍုကပျို့၊ နေမိရကန်လိုစာမျိုးကို ရေးဖွဲ့ပေးလေသည်။ တိဏ္ဍုကပျို့မှာ ကဗျာသဘောထက် စာသဘောကဲနေသည် မှန်သော်လည်း မင်းကျင့်တရားမဲ့သော ပဥ္စာလရာဇ်မင်းကြီးကို ဘုရားလောင်း တည်ပင်စောင့်နတ်က ဆုံးမခန်း အပြည့်ပါလေသောကြောင့် မင်းတုန်းမင်းက နှစ်သက်ပြီး ဖြစ်သည်။ တဖန် နေမိရကန်မှာ မိန်းမဘွဲ့မှုတပါး သရုပ်ဖော်မှုတွင် အားနည်းသော ရကန်မှန်တန်းထဲက ဖြစ်သော်လည်း ဒါနကြောင်း သီလကြောင်းဖြင့် နှီးနွယ်လေသောကြောင့် မင်းတုန်းမင်း၏ ဘဝင်နှင့်တွေ့ပြီး ဖြစ်သည်။

ထို့ကြောင့် မင်းတုန်းမင်းက အကြောင်းရှိလျှင် ရှိသလို ဦးကောင်းပေါ်၌ ယုံမှတ်သုံးစွဲလေသည်ဖြစ်သည်။ ယခုလည်း ဦးကောင်းသည် ကင်းဝန်ထောက် တာဝန်ယူရင်း နိုင်ငံခြားသံတမန်များနှင့်ဆက်ဆံရန် အခွင့်ရလာလေသည်။

www.burmeseclassic.com

၁၈၆၇–ခုနှစ်တွင် အောက်မြန်မာနိုင်ငံမှ မဟာဝန်ရှင်တော်မင်းကြီးဖြစ်သူ ဗိုလ်မှူးကြီး (ဖ်ပအခ္ခ) ခေါင်းဆောင်သောသံအဖွဲ့သည် မင်းတုန်းမင်းနှင့်ကူးသန်းရောင်းဝယ်ရေးစာချုပ် အသစ်ကို ချုပ်ဆိုရအောင်ဟု မန္တလေးသို့တက်လာလေသည်။ ထိုအဖွဲ့ကို မင်းတုန်းမင်းက အရေးပေးကာ ခရီးစခန်းအဆင့်ဆင့်တွင် တခမ်းတနား ကြိုဆိုစေလေသည်။ အောက်တိုဘာလ ခုနစ်ရက်နေ့ ညနေတွင် မန္တလေး သန်လျက်မော်ဆိပ်ကမ်းသို့ သံတမန်သင်္ဘော ဆိုက်ရောက်၍ နောက်တနေ့ နံနက်တွင် မြန်မာမှူးမတ်များက အင်္ဂလိပ်ဝန်ရှင်တော်မင်းကြီးကို သွားရောက်နှုတ်ဆက်ကြရာ၌ ရေနံချောင်းဝန်ကြီးဦးစိုးနှင့်အတူ ဦးကောင်းလည်း ပါလာလေသည်။ ကိုးရက်နေ့တွင် သံအဖွဲ့သည် အစီအစဉ်ဖြင့် သံတဲသို့ တက်သည့်အခါ ဦးကောင်းသည် စခန်းတနေရာမှ ကြိုဆိုရပြန်သည်။ ဆယ့်ရှစ်ရက်နေ့တွင် မင်းတုန်းမင်းက သံအဖွဲ့ကို တောင်ဥယျာဉ်စံနန်းတော်၌ လက်ခံတွေ့ဆုံသည့်အခါ ပုပ္ပားဝန်ထောက်(မင်းကြီး မဟာမင်းကျော်မင်းထင်)၊ ကုလားဝန်မနွတ် (S.Manook) စသူတို့နှင့်အတူ ဦးကောင်းသည် အပါးတွင် ရှိပြန်လေသည်။ ထိုအခါ၌ပင် မင်းတုန်းမင်းက ဦးကောင်းဖက်သို့ လက်ညှိုးထိုး၍ "ဖိုက်နှင့်ဦးကောင်းသည် တဦးနှင့်တဦး သိကျွမ်းချစ်ခင်စေချင်သည်၊ ဦးကောင်း မင်းတုန်းမင်းကိုယ်တိုင် ငယ်စဉ်ကတည်းက ကြည့်ရှုစောင့်ရှောက်ခဲ့ရသည်"စသည်ဖြင့် ဖိုက်ကို ပြောပြခဲ့လေသည်။

မင်းတုန်းမင်းသည် ဖိုက်နှင့်ကူးသန်းရောင်းဝယ်ရေး စာချုပ်ကို သဘောတူချုပ်ဆိုခဲ့လေသည်။ ချုပ်ဆိုရအောင်လည်း အခြေအနေက ဖန်တီးလျက်ရှိသည်။ မင်းတုန်းမင်းနန်းတက်စက စစ်ပြေငြိမ်းရေးစာချုပ်ကို လက်မှတ်ထိုးရန်(ထိုစဉ်က)ဝန်ရှင်တော်မင်းကြီးဖြစ်သူ ဖယ်ရာ (A.P, Phayre) က တိုက်တွန်းသည်။ သူက လက်မှတ်မထိုးခဲ့။ အင်္ဂလိပ်တို့ကလည်း မင်းတုန်းမင်း၏ ငြိမ်းချမ်းစွာ နေလိုသော သဘောကိုသိသဖြင့် ထိုကိစ္စကို ထပ်မပြောတော့ဘဲ နှစ်ပြည်ထောင်ကူးသန်းရောင်းဝယ်ရေး၌ ကုန်သည်များကို လွတ်လပ်စွာ ခရီးသွားလာနိုင်ရန်နှင့်နှစ်ပြည့်တပြည်ကိုယ်စားလှယ်ထားနိုင်ရန် ကိစ္စကိုသာ အရေးဆိုခဲ့သည်။ မင်းတုန်းမင်းကလည်း သဘောတူခဲ့လေသည်။ သို့သော် အထက်မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများကို (ပြည်ပထုတ်ရာ၌)မင်းတဦးတည်းပိုင် ကုန်တော်လုပ်ထားလေသဖြင့် အောက်မြန်မာနိုင်ငံမှ အင်္ဂလိပ်ကုန်သည်တို့မှာ သူတို့ကြိုက်ဈေးနှင့်ဝယ်မရ ဖြစ်လေသည်။ အထက်မြန်မာနိုင်ငံရှိ ကုန်ထုတ်လုပ်သူများထံမှ တိုက်ရိုက်မဝယ်နိုင်သည်ကို အထူးမကြေမနပ် ဖြစ်နေကြသည်။ အင်္ဂလိပ်ကုန်သည်များမှာ အထက်မြန်မာနိုင်ငံထွက်ကုန်များကို လွတ်လွတ်လပ်လပ် ဝယ်ယူနိုင်ရုံသာမက အထက်မြန်မာနိုင်ငံကို ဖြတ်၍ တရုတ်နိုင်ငံတွင်းက ယူနန်နယ်အထိ ဈေးကွက်ချဲ့ရန်ပင် စိတ်ဆန္ဒရှိနေကြသည်။

ဤသို့ဖြင့် အင်္ဂလိပ်ကုန်သည်များအတွက် ချုပ်ချယ်မှုများကို ပယ်ဖျက်နိုင်ရအောင် ဖိုက်က မန္တလေးသို့တက်လာသည်။ မင်းတုန်းမင်းကလည်း ပယ်ဖျက်ရန် ဆန္ဒရှိနေခဲ့သည်။ ရှိနေချိန်း



www.burmeseclassic.com

www.burmeseclassic.com

မှာ မြန်မာနိုင်ငံ၏ နောင်ရေးကို မြော်မြင်သောကြောင့် ဖြစ်လေသည်။ လက်လွှတ်ခဲ့သော မြန်မာ့နယ်မြေများကို အနုနည်းဖြင့်ဖြစ်စေ၊ အကြမ်းနည်းဖြင့်ဖြစ်စေ ပြန်ရအောင် သူလုပ်နိုင်အား မရှိ။ ကျန်ရှိသေးသည့် အထက်မြန်မာနိုင်ငံကိုသာ မြန်မာ့လက်တွင် မြဲမြဲထားနိုင်ရန် သူ ကြိုးပမ်းလိုလာသည်။ ဤအတွက်လည်း အထက်မြန်မာနိုင်ငံကို ခေတ်မီအောင် လုပ်မှ ဖြစ်တော့မည်ကို သူသိလေသည်။ ထို့ကြောင့် ပြည်သူ့ထံမှ သဿမေဓအခွန်ကိုသာ ဆင့်ဆိုခြင်း၊ အမှုထမ်းတို့ကို ရှေးကကဲ့သို့ မြို့ရွာများမှ အခွန်အတုတ် မစားစေတော့ဘဲ လခရိက္ခာပေးကမ်းခြင်း၊ အရောင်းအဝယ်လွယ်ကူစေရန် ဒင်္ဂါးပိုက်ဆံသွန်းလုပ်ခြင်း၊ သွားလာရေး လွယ်ကူစေရန် မီးသင်္ဘောများ ဝယ်ယူအသုံးပြုခြင်း၊ နိုင်ငံခြားသို့ ပညာတော်သင်ပို့ခြင်း စသည်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်စပြုလေသည်။ ယောအတွင်းဝန်ဦးဖိုးလှိုင် စသူတို့ကလည်း ကူညီကြလေသည်။ ထိုလုပ်ငန်းများတိုးတက်ဖို့အတွက် တိုင်းပြည်အေးချမ်းသာယာရန် အရေးကြီးသည်။ ယခုသော် ကနောင်မင်းသား အသတ်ခံရပြီးနောက် ပန်းတိမ်မင်းသားနှင့်အခြားမင်းသားများက ထောင်ထားသည်ကို မနည်းနှိမ်နင်းယူခဲ့ရသည်။ မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားနှစ်ဦး၏ မီးကလည်း မသေတတ်သေး။ နယ်စပ်မှနေ၍ အနှောင့်အယှက် ပေးနေသည်။ မင်းတုန်းမင်းသည် မီးသင်္ဘောနှင့်လက်နက်ခဲယမ်းမီးကျောက်များကို အပူတပြင်း လိုချင်လေသည်။

ထို့ကြောင့် ကျွန်းသစ်၊ ရေနံ၊ ကျောက်သံပတ္တမြားတို့ကိုသာ မင်းတဦးတည်းပိုင် ကုန်တော်အဖြစ်ထား၍ အခြားကုန်ပစ္စည်းများကို လွတ်လပ်စွာ ရောင်းဝယ်ရေး၊ အင်္ဂလိပ်ကုန်သည်များ တရုတ်နိုင်ငံဖက်သို့ သွားလာနိုင်ရန် မြန်မာအစိုးရက အကူအညီပေးရေး၊ အင်္ဂလိပ်မင်းလက်အောက်ခံ(သူ)နှင့်မြန်မာမင်းလက်အောက်ခံ(သူ) တရားတဘောင်ဖြစ်ပါက တွဲဖက်ရုံးဖြင့် စီရင်ရေး၊ နယ်ခြားအကောက်ခွန်ကို လျှော့ပေါ့ရေး၊ ဆယ်နှစ်တကြိမ် စာချုပ်ကို ပြန်လည်သုံးသပ်ရေးတို့တွင် သူ့ဖက်က သဘောတူခဲ့သလို ဗိုက်ဖက်ကလည်း သင်္ဘောရောင်းဝယ်ရေး၊ လက်နက်ခဲယမ်းမီးကျောက်များကို ပြည်ပမှ မြန်မာက ဝယ်ယူလိုလျှင် ဝန်ရှင်တော်မင်းကြီး၏ သဘောတူညီချက်ဖြင့် ဝယ်နိုင်ရေးတို့တွင် သဘောတူခဲ့လေသည်။

ဤတွင် မင်းတုန်းမင်းမှာ ကူးသန်းရောင်းဝယ်ရေးစာချုပ်ကို ချုပ်ဆိုပြီးရုံနှင့် မကြေနပ်နိုင်လေ။ ယခု သူ ဆက်ဆံနေရသော အစိုးရမှာ အင်္ဂလန်နိုင်ငံ၏ လက်အောက်ခံအစိုးရမျှသာဖြစ်သည်။ မဟာဝန်ရှင်တော်မင်းကြီးနှင့် အိန္ဒိယရှိဘုရင်ခံချုပ်ကို ဆက်ဆံနေရသည်မှာ တနည်းအားဖြင့် သူ့ဂုဏ်ကိုငင်း၊ မြန်မာ့အချုပ်အချာအာဏာကိုငင်း ထိပါးရာရောက်နေသည်။ တဖန်ရန်ကုန်က အင်္ဂလိပ်များနှင့်အလုပ်လုပ်ရသည်မှာလည်း ကိုယ့်စိတ်ကြိုက် လက်နက်များကို ဝယ်ခွင့်မရခြင်းစသော ကသိကအောက် ဖြစ်စရာများ ရှိရှိနေသည်။ ထို့ကြောင့် မင်းတုန်းမင်းသည် အင်္ဂလန်နိုင်ငံအစိုးရနှင့်တိုက်ရိုက်ဆက်ဆံရန် အားသန်လျက်ရှိသည်။ အင်္ဂလန်နိုင်ငံအပြင် အခြား


www.burmeseclassic.com

ဥရောပနိုင်ငံများနှင့်ကူးလူးဆက်ဆံနိုင်ခဲ့ပါလျှင် မြန်မာ့နောင်ရေးသည် စိတ်ချစရာရှိသည်ဟု သူမြင်လေသည်။ အမှန်ဆိုလျှင် သူ နန်းတက်စက အမေရိကန်နိုင်ငံ၊ ပြင်သစ်နိုင်ငံတို့နှင့်ဆက်သွယ်ရန် ကြိုးစားခဲ့ဘူးသေးသည်။ အောင်အောင်မြင်မြင်ကား မဖြစ်ခဲ့။ ယခုသော် မဖြစ်ဖြစ်အောင် သံအဖွဲ့တခု စေလွှတ်၍ 'ရာဇမဟာမိတ်'ဖွဲ့တော့မည်ဟု မင်းတုန်းမင်းက ဆုံးဖြတ်လိုက်လေသည်။

ရာဇမဟာမိတ်ဖွဲ့ရေးတွင် ဦးကောင်းသည် အလားအလာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်လေသည်။ သူက ဓမ္မသတ်၊ ရာဇသတ်တွေ ကျွမ်းကျင်သည်။ အဆိုအမိန့် ရဲရင့်သည်။ မင်းမှုရေးရာ အတွေ့အကြုံများသည်။ လူနေလူဟန် ကောင်းသည်။ ထို့ကြောင့် ဦးကောင်းသည် အင်္ဂလိပ်–မြန်မာနယ်စပ်ရှိ မင်းလှတွင် ရာဇဝတ်ရေး လုံခြုံအောင် စီစဉ်နေဆဲ အခြေအနေမှ မန္တလေးသို့ မင်းတုန်းမင်း၏ အမိန့်ဖြင့် ပြန်လာခဲ့ရသည်။ လွှတ်တော်ဝန်ကြီး အဖြစ်သို့လည်း တိုးမြှင့်ခံရလေသည်။ ထိုနောက် ကာလကတ္တားပြန် ပန်းတည်းဝန်ထောက်ဦးရွှေဘင်း၊ ပြင်သစ်ပြန် ဖန်ချက်ဝန်ထောက်(နောင် ကျောက်မြောင်း အတွင်းဝန်)ဦးရွှေအိုး၊ လွှတ်တော်စာရေးကြီး(နောင် မြောင်လှဝန်ထောက်)ဦးခြိမ့်တို့ပါဝင်သော သံအဖွဲ့ကို ဦးကောင်းခေါင်းဆောင်ရလေတော့သည်။

သံအဖွဲ့သည် ရန်ကုန်ကို ဖြတ်သန်းရာ၌ အဆင်မပြေလှချေ။ ရန်ကုန်ရှိ အင်္ဂလိပ်အာဏာပိုင်များက ခရီးမဖင့် ဖင့်အောင် လုပ်သည်။ သံအဖွဲ့က ရန်ကုန်မြေမှ ထွက်ဖြစ်အောင် ထွက်သည့်အခါ "အင်္ဂလန်နိုင်ငံ၌ တိုင်းပြည်မှု၊ လက်နက်ကိရိယာမှုမှစ၍ အမှုစကားတို့ မပြောပါလေနှင့်။ ပြောဆိုသော်လည်း စိတ်နှလုံးပူပန်ရုံသာ ဖြစ်ပါမည်"ဟု သတိပေးလိုက်သည်။ ဤတွင် သံအဖွဲ့သည် တနည်းမဟုတ် တနည်း အင်္ဂလန်နိုင်ငံသို့ရောက်၍ ဆိုင်ရာတို့နှင့်ဆက်ဆံကူးလူးခွင့်ရလျှင်ပင် တော်လှပြီဟု သဘောပိုက်ပြီးဖြစ်လေသည်။ ၁၇၇၂ ခု၊ ဇွန်လ ၅ ရက်နေ့၌ သံအဖွဲ့သည် ပြင်သစ်နိုင်ငံမှ ကူး၍ အင်္ဂလန်နိုင်ငံ ဒိုဗာမြို့ဆိပ်ကမ်းသို့ တက်ရောက်သည့်အခါ အမြောက်ဆယ့်ကိုးလက် ဖောက်၍ အကြိုဆိုခံရလေသည်။ ထိုအခါ "အကြီးဆုံး သံအမတ်တို့ လာရောက်ရာ နှုတ်ဆက်သည့်နည်းဖြင့် နှုတ်ဆက်သည်"ဟူ၍ဦးကောင်းတို့က ဝမ်းသာကြလေသည်။

ထိုနောက်မူကား သူတို့သည် ဝင်ဆာတိုက်နန်း (Windsor Castle) ၌ ဝိတိုရိယ (Victoria) ဘုရင်မကို တွေ့ဆုံခွင့်၊ လက်ဆောင်ပဏ္ဏာပေးခွင့် ရခဲ့လေသည်။ မာလဘာရိ (Malborough House) တိုက်နန်း၌ အိမ်ရှေ့မင်းသားကို သူတို့ ယူဆောင်လာခဲ့သော နှစ်ဆယ့်တသွယ်စလွယ် အပ်နှင်းခွင့်ရခဲ့လေသည်။ ဤအခမ်းအနားနှင့်စပ်လျဉ်း၍ ဦးကောင်းက သူ့စခန်းစဉ် လင်္ကာတွင် မမေ့မပျောက် ရေးဖွဲ့ထားသည်မှာ၊

"သီရိသီရိ၊ ထွန်းညှိတေဇော်၊ ကမ္ဘာပေါ်မှာ၊ အကျော်တံဆိပ်၊ ကွင်းကွင်းကြီး နှိပ်ပေသည့်၊ အင်္ဂလိပ်ဘုရင်မ၊ တိမ်ဦးလကဲ့သို့၊ အလှလွှတ်ဝံ့ စံတလူ။



www.burmeseclassic.com

www.burmeseclassic.com

ဝင်စွဲမည်ခေါ်၊ တိုက်နန်းပေါ်တွင်၊ သံတော်တို့အဝင်၊ ဤသဘင်မူ၊ ဘုရင်ချင်းချင်း၊ လက်ခံလျှင်း၏ သို့၊ ခင်းကျင်းလက်ခံ၊ ရာဇသံများနှင့်၊ မျက်ပျံ့ရောင်တောက်၊ လက်ကောက်ဒွါဒ ရာ၊ ဆက်ပန္နာများကို၊ ကြည်သာရွှင်ဝမ်း၊ လက်တော်သို့ကမ်းသည်ကို၊ လှမ်း၍ သိမ်းတော်မူသည်။

ပြည်သူတို့မျက်နှစ်၊ ဥပရာဇ်ကလည်း၊ မျက်စစ်စီခြယ်၊ စလွယ်ရတနာ၊ ဆက်ပန္နာများကို၊ ကြည်သာလှမ်းယူဘိ၏ လေ။

ရတနာပုံ၊ ပြည်ဇေယျုံနှင့်၊ မကြုံတောင်းဟန်၊ မြို့လန်ဒန်များမှာ၊ ယမန်ရှေးထက်၊ ပွား တိုးတက်၍၊ မိတ်လက္ခဏာ၊ မြဲမြံစွာလျှင်၊ ရှည်ကြာငြိမ်းထူမိ၏ လေ။"

ဟူ၍ဖြစ်လေသည်။ သို့သော် တခုရှိသည်မှာ သံအဖွဲ့သည် အင်္ဂလိပ်ဘုရင်မနှင့်တွေ့ဆုံရသည့်အခါ နိုင်ငံခြားဝန်ကြီး အစား၊ အိန္ဒိယနိုင်ငံဆိုင်ရာ ဝန်ကြီးဖြစ်သူ အာဂိုင် (Duke of Argl) က ရှေ့ ဆောင်ပြုခြင်းပင် ဖြစ်လေသည်။ တနည်းဆိုရသော် သူတို့က မြန်မာနိုင်ငံကို အရာနိမ့်၍ ဆက်ဆံ ခြင်းသဘောအဓိပ္ပာယ်ပင်တည်း။

ဤတွင် ဦးကောင်း၏ သံအဖွဲ့သည် ပြည်ထောင်ချင်းချင်း တန်းတူဆက်ဆံလိုသော မြန် မာ့ဆန္ဒကို ရောက်လေရာရာတွင် သိအောင် ကြိုးစားလေသည်။ ပမာအားဖြင့်သော် အင်္ဂလန်နိုင်ငံ တလျှောက် လှည့်လည်ကြည့်ရှုရင်း လစ်ဗာပူမြို့သို့ သံအဖွဲ့ ဆိုက်ရောက်၍ ထိုမြို့မှ ကုန်သည်ကြီး အသင်းက ကြိုဆိုဧည့်ခံသော ပွဲ၌ ဦးကောင်းက

"×××ကျွန်ုပ်တို့အရှင်မင်းမြတ်က×××နိုင်ငံတကာနှင့်ရာဇမဟာမိတ်အဖြစ် ဆက်လက် ကမ်းလှမ်းပေါက်ရောက် လိုသောကြောင့် စေလွှတ်လာရောက်ရပါသည်။ ×××တိုင်းရေးပြည်မှုနှင့် စပ်သည့်အရာများမှာလည်း ရန်ကုန်မြို့သို့ဖြတ်၍ အိန္ဒိယဘုရင်ခံနှင့်သာ ဆက်ဆံကမ်းလှမ်းနေ ထိုင်ရပါသည်။ ×××သို့သော်လည်း အင်္ဂလန်နိုင်ငံနှင့်တိုက်ရိုက်ဆက်ဆံနိုင်သည့်အခွင့်အခါ ပေါ် ပေါက်တွေ့ကြုံမ်အောင်ကိုသာ မျှော်ခေါ်တောင့်တ၍ နေပါကြောင်း×××"

စသည်ဖြင့် ပြောခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ သံအဖွဲ့သည် အင်္ဂလန်သို့ရောက်နေစဉ်အတွင်း ကြည့်ရှုလေ့လာစရာ များကို စေ့စေ့စပ်စပ် ကြည့်ရှုလေ့လာခဲ့လေသည်ဖြစ်သည်။ သူတို့သည် မင်းပိုင်းစိုးပိုင်းမှ ဖိတ် သောဧည့်ခံပွဲများအပြင် အောလဒါရှော့၊ ဝူးလစ်ကွင်းများ၊ အကြီးအကျယ်ခင်းကျင်းပြသသော စစ်ရေးပြပွဲများကိုလည်း တက်ခဲ့ကြသည်။ ဗြိတိသျှပါလီမန်၊ အစစ်ဇီတရားရုံး၊ အကျဉ်းထောင် စသည့်အုပ်ချုပ်ရေးဌာနများကိုလည်း သတိပြုခဲ့ကြသည်။ လက်နက်တိုက်၊ ချည်စက်၊ သင်္ဘော ကျင်း၊ ဒင်္ဂါးစက်ရုံ၊ ကြွေအိုးလုပ်တိုစသည့် စက်မှုလက်မှုလုပ်ငန်းများကိုလည်း စုံစမ်းခဲ့ကြသည်။ ဆေးရုံ၊ စိတ္တဇဆေးရုံ၊ တက္ကသိုလ်စသည့် ကျန်းမာရေး၊ ပညာရေးဌာနများကိုလည်း ဂရုထားခဲ့ ကြသည်။ အီဒင်နှင့်ဟာရိုကျောင်း ဗလီရိုက်ပွဲ၊ ကော်ဗင့်ဂါဒင်ရုံတင်ပြဇာတ်၊ အက်စကော့ပြိုင်ပွဲ

စသည့်စိတ်ဖျော်ဖြေစရာများကိုလည်း အာရုံခံခဲ့ကြသည်။ ဗြိတိသျှပြတိုက်၊ မဒမ်တဆော့ ဖယောင်း ပုံပြတိုက်၊ ဟောလီရှုနန်းတော်၊ ဝက်မင်စတာဘုရားရှိခိုးကျောင်းစသည့် ယဉ်ကျေးမှုဌာနများကို လည်း စိတ်ဝင်စားခဲ့ကြသည်။ လစ်ဗာပူး၊ ဘာမင်ဟန်၊ ရှက်ဖီး၊ မန်ချက်စတာ၊ ဂလပ်စဂို၊ အက်ဒင် ဗာရာ၊ ဒပ်ဘလင်စသော မြို့ကြီးပြကြီးသို့လည်း အနှံ့ရောက်ခဲ့ကြသည်။

ထိုနောက် ပြင်သစ်နှင့်အီတလီနိုင်ငံများသို့ ကူးပြီးလျှင် ဆိုင်ရာအစိုးရများနှင့်ကူးသန်း ရောင်းဝယ်ရေး စာချုပ်အကြမ်းချုပ်ဆိုပြီးနောက် သံအဖွဲ့သည် မန္တလေးသို့ပြန်ရောက်လေသည်။ သံအဖွဲ့ကိုလည်း မင်းတုန်းမင်းက ကြေနပ်စွာ လက်ခံလေသည်။ ဦးကောင်း၏ဆောင်ရွက်မှုကို လည်း အားရလေသည်။ ထိုနောက် မင်းတုန်းမင်းက အလိုဆန္ဒရှိသည့်အတိုင်း ပြင်သစ်–မြန်မာ စာချုပ်အသစ် ပြင်ချုပ်ရန် ပြင်သစ်နိုင်ငံသို့ ၁၈၇၃–ခုနှစ်တွင် ဦးကောင်း သွားရပြန်သေးသည်။ သွားရင်း ဓမ္မသတ်ဖက် သန်သူပီပီ ရှေးက ရေးလက်စရှိသော ‘အဋ္ဌသံခိပ်ဓမ္မသတ်လင်္ကာ’ကို သင်္ဘောပေါ်တွင် အပြီးသတ်ရေးခဲ့သေးသည်။

ဤသည် နောက်တွင်ကား (ပခန်းမင်းကြီး ဦးရန်ဝေးလည်း ကွယ်လွန်ခဲ့ပြီဖြစ်၍)ဦး ကောင်းသည် ဂုဏ်ရှိန်အကြီးမားဆုံး ပုဂ္ဂိုလ်ဖြစ်ခဲ့လေပြီ။ ၁၈၇၅–ခုနှစ်တွင် ကရင်နီနယ်၌ နှစ်ဦး နှစ်ဖက် မစွက်ဖက်ရေးကိစ္စနှင့်စပ်၍ အင်္ဂလိပ်ကိုယ်စားလှယ် ဆာဒေါက်ကလပ် ဖော်ဆိုက် (D.Forsyth) နှင့်အတူ သူပင် စာချုပ်လက်မှတ် ရေးထိုးရသည်။ အိန္ဒိယနိုင်ငံသို့ အင်္ဂလိပ်အိမ် ရှေ့မင်းသား လာရောက်သည့်အခါ သူပင် မြန်မာအစိုးရကိုယ်စားပြုကာ ကာလကတ္တားသို့သွား ၍ နှုတ်ခွန်းဆက်ရသည်။ မိဖုရားခေါင်ကြီး၏ အသုဘစသော လူမှုရေးရာတို့၌လည်း သူပင် ကြီး မှူးကြပ်မရသည်။ ယုတ်စွအဆုံး ရေးထိုးသတ်ပုံကအစ သူဆုံးဖြတ်သည်ကို နာခံရသည်ဖြစ်လေ သည်။ တခါက (မိန်းမဝတ်)‘ထဘီ’ပုဒ်မှ ‘ထ’ကို ဌဝမ်းဘဲနှင့်ပါဋ္ဌိဖက်ဆွယ်၍ စာလုံးပေါင်းချင် သော ဝန်တဦးကို “မြန်မာဘာသာမှာ ပါဋ္ဌိဝင်–ဝင်မစွက်ဖက်နှင့်”ဟူ၍ ဦးကောင်းက ဟန့်တား လိုက်ခြင်းမျိုးသည် သူ ဩဇာညောင်းသည့်သာဓကပင် ဖြစ်လေသည်။ ဤသို့ဖြင့် အရေးပါအရာ ရောက်ကာ ခုအချိန်တွင်လည်း သေနတ်ဝန်ကြီး တာဝန်ကို သူယူနေရသည်။ ဝန်ကြီးတိုင်း မြှော် မှန်းသော မင်းကြီးသက်တော်ရှည်အဖြစ်သို့ သူရရန် အကြောင်းရှိသော်လည်း ၁၈၇၈–ခု၊ ဩဂုတ် လထဲတွင် မင်းတုန်းမင်း မမာမကျန်း ဖြစ်လာသဖြင့် မရခဲ့။

ထိုအခါ နန်းတွင်းရေးရှုပ်လာလေသည်။ မင်းတုန်းမင်းသည် ကနောင်မင်းသား အသတ် ခံရပြီးသည့်နောက် နန်းရန် ထပ်မံထားခြင်းမပြုခဲ့။ သားမင်းသားတွေအထဲမှ နန်းရန်အထားခံ ရသောမင်းသားသည် ကနောင်မင်းသား၏ ကံကြမ္မာမျိုးတွေ့မည်ကို သူစိုးရိမ်ခဲ့သည်။ ယခုသော် နန်းရန် မခန့်ဖြစ်၍ မဖြစ်တော့ကပြီ။ ထိုအရေးတွင် ပေါ်လွင်ထင်ရှားနေသူများမှာ သုံးဆယ်မင်း



www.burmeseclassic.com

www.burmeseclassic.com

သား၊ မက္ခရာမင်းသား၊ ညောင်ရမ်းမင်းသားဟူ၍ သုံးဦးဖြစ်ကြသည်။ သုံးဆယ်မင်းသားနှင့် မက္ခရာမင်းသားတို့မှာ အမျိုးလည်းကြီး၊ အရွယ်လည်း ကြီးသည့်အပြင် ရဲစွမ်းဗလရှိကြသည်။ ညောင်ရမ်းမင်းသားမှာ သိက္ခာသမာဓိရှိ၍ လူအကြည်ညိုခံရသည်။ ဤတွင် ဆင်ဖြူမရှင်မိဖုရားကြီးကလည်း နန်းရန်ကိစ္စကို အထူးတလည် စိတ်ဝင်စားနေလေသည်။ သူ စိတ်ဝင်စားခြင်းမှာလည်း အခြားအကြောင်းကြောင့်မဟုတ်၊ သမီးဖြစ်သူ စုဖုရားလတ်သည် သီပေါမင်းသားနှင့်ချစ်ကြိုက်နေသောကြောင့် ဖြစ်လေသည်။ သီပေါမင်းမှာ မိဖုရားငယ်၏ သားဖြစ်၍ သာမန်အားဖြင့် ထီးနန်းကို မှန်းနိုင်သူမဟုတ်။ သို့သော် ပထမပြန်စာမေးပွဲကို အောင်ခဲ့လေသောကြောင့် မင်းတုန်းမင်းက နှစ်သက်သယောင်ယောင်၊ လိုလားသယောင်ယောင် ဖြစ်နေသည်။ ထိုကြောင့် မှူးမတ်များကလည်း ထောက်ခံပါလျှင် သီပေါမင်းသား နန်းရန် ဖြစ်နိုင်စရာ ရှိသည်ဟု ဆင်ဖြူမရှင်က တွက်လေသည်။

သို့ဖြင့် ဩဇာကြီးသော ဦးကောင်းကို သူ ချဉ်းကပ်လေသည်။ ဆင်ဖြူမရှင်အတွက် အားတက်စရာဖြစ်လာရသည်မှာ ဦးကောင်းကလည်း အစွယ်အပွားရှိသော မင်းသားကို နန်းရန်ထားရန် ဝန်လေးနေသောကြောင့်ပေတည်း။ သူက အင်္ဂလိပ်၏ လက်နက်အား၊ စက်မှုလက်မှုအားကို အသိကြီး သိသည်။ ထို့ပြင် စိတ်လိုက်မာန်ပါ လုပ်တတ်သော မင်းနှင့်ဆိုလျှင် အထက်မြန်မာနိုင်ငံ၏ နောင်ရေးသည် မတွေးဝံ့စရာဖြစ်တော့မည်။ သီပေါမင်းသားမှာမူ ဆယ့်ကိုးနှစ်အရွယ်သာရှိသေး၍ ဝန်ကြီးမှူးကြီးများ၏ အစီအမံကို လိုက်နာနိုင်လိမ့်မည်ဟု သဘောရလေသည်။ ဆင်ဖြူမရှင်ဖက်သို့ ဦးကောင်းပါလေတော့သည်။

မင်းတုန်းမင်း၏ ရောဂါမှာ တနေ့ထက်တနေ့ တိုး၍သာနေလေရာ ရင်းနှီးသူများမှလွဲ၍ အခြားသူများ သူ့အပါးသို့ မဝင်ရဖြစ်လေသည်။ မှူးမတ်များသည်လည်း နန်းရန်ရွေးနှင့်ရန် ပြင်ဆင်ကြလေသည်။ တနေ့သ၌ သူတို့သည် မင်းသားများ စာရင်းကို ပြင်ဆင်ကာ တောင်ပန်းခုံအုတ်တိုက်တွင် စည်းဝေးတိုင်ပင်ကြလေသည်။ အစည်းအဝေး၌ ဦးကောင်းကပင် စကားဦးသန်း၍ "မင်းသားများနှင့်စပ်ဆိုင်သော အရာရှိကြီးများ ပါဝင်ရန် မသင့်"ဟုဆိုသည်။ ဤတွင် ရေနံချောင်းဝန်ကြီးဦးစိုမှာ မြေးမင်းသားဖြစ်သူ ပျဉ်းမနားမြို့စားရှိနေသဖြင့် ဝင်၍မပြော။ ခန်းပတ်ဝန်ကြီးဦးရွှေမောင်မှာ နားဝေဒနာရှိ၍ အသာနေသည်။ မြို့သစ်ဝန်ထောက်ဦးအောင်ကိုး(?)ကမူ "သည်ဟာမျိုးဆိုတာ အကြီး ၃မျိုးစုံမှ နေရာကျတယ်"ဟုပြောလေသည်။ ထိုအခါ ဦးကောင်းက "ဘာအကြီးလဲဗျ"ဟု မေးလေသည်။ "အကြီးဆိုတာ ပညာကြီး၊ အမျိုးကြီးလဲပါပါရဲ့"ဟု ပြန်ဖြေသည်တွင် "ဟုတ်ကဲ့ဗျာ"ဟု ဦးကောင်းက ခပ်ငေါ့ငေါ့ဆိုလေသည်။ အမှန်စင်စစ် ထိုပုဂ္ဂိုလ်များမှာ ဦးကောင်းက ဩဇာညောင်းသောသူများသာတည်း။ ကျန်ပုဂ္ဂိုလ်များအထဲတွင်လည်း ယောအတွင်းဝန်ဦးဖိုးလှိုင်သည်သာ အငြင်းပွားနိုင်မည့်သူ ရှိသည်။ သို့သော် သူကလည်း ဤနေ



www.burmeseclassic.com

ရာတွင် ဦးကောင်း၏ ရည်ရွယ်ချက်ကို နားလည်ပြီးဖြစ်၍ သူ့ဆန္ဒကို လက်ခံလေသည်။ ဤသို့ဖြင့် သီပေါမင်းသားသည် နန်းရန်ဖြစ်ရန် ချရားပွင့်မှတ်ခံရပြီး ဖြစ်လာသည်။

များမကြာမီ ဆင်ဖြူမရှင်နှင့်ဦးကောင်းတို့သည် မင်းတုန်းမင်း၏ အမိန့်ဟုဆို၍ နန်းတော်အပြင်ဘက်တွင်ရှိသော မင်းသားများကို သံတော်ဆင့်များအားလွှတ်၍ အသာအယာခေါ် ယူစေသည်။ အကြောင်းမသိ၍ လာသောမင်းသားများလည်း မြောက်ဥယျာဉ်အတွင်း အချုပ်အနှောင်ခံရလေသည်။ ညောင်ရမ်းစားနှင့်ညောင်အုပ်စား မင်းသားနှစ်ဦးသာ ကြိုတင်သိနှင့်ပြီးလျှင် အင်္ဂလိပ်ကိုယ်စားလှယ်ဖြစ်သူ ရှော (R.B.Shaw) ထံခိုဝင်၍ လွတ်လေသည်။ မင်းသားများကိုဖမ်းသည့်အဖြစ်ကို မင်းတုန်းမင်း မသိလေ။ တနေ့တွင် ရောဂါအနည်းငယ် သက်သာလာသည်နှင့် သူသည် မျိုးမတ်များကို အပါးသို့ခေါ် ယူဆွေးနွေးလေသည်။ ထိုနောက် သီပေါမင်းသားကို အိမ်ရှေ့(နန်းရန်)နှင်းကြောင်း အမိန့်ချလေသည်။ အခွင့်ပေါ် လာသည့်အတိုင်း လင်ပန်း၊ သက်ပန်း၊ ခုနစ်ရွာ၊ မြောက်ရွှေရေးစသောမိဖုရားတို့သည် ရှေ့သို့ဝင်ကြပြီးလျှင် အဖြစ်အပျက်ကို တင်လျှောက်ကြလေသည်။ မင်းတုန်းမင်းလည်း တခဏချင်းပင် မင်းသားများကို အကျဉ်းမှလွှတ်စေလေသည်။ ထို့ပြင် သုံးဆယ်မင်းသားကို ချင်းတွင်းကြောင်း၊ မက္ခရာမင်းသားကို တောင်တွင်းကြီးကြောင်း၊ ညောင်ရမ်းမင်းသားကို အောက်မြစ်စဉ်ကြောင်း ဘုရင်ခံအသီးသီးခန့်ကြောင်း အမိန့်ထုတ်ပြန်ရုံမက၊ မင်းသားများနောက်လိုက်ရန် အရာရှိများနှင့်လိုသောအဝတ်အစား ရွှေငွေပစ္စည်းများကို ခွဲခြားသတ်မှတ်ပေးလေသည်။

ဤအစီအမံသည် ဆင်ဖြူမရှင်နှင့်ဦးကောင်းတို့၏ ရည်ရွယ်ချက်နှင့်ဖီလာဖြစ်ချေသည်။ ထိုကြောင့် သူတို့သည် အကျဉ်းမှလွှတ်လာ၍ မြောက်ဥယျာဉ်အတွင်း၌ မယ်တော် နှမတော်တို့နှင့် နှုတ်ဆက်စကားပြောနေကြသော မင်းသားများကို ထပ်မံဖမ်းဆီးပြန်စေလေသည်။ ဖမ်းဆီးသည့်အကြောင်းကို ဤအကြိမ်တွင် မင်းတုန်းမင်းအား မိဖုရားများက ပြန်၍ လျှောက်ခွင့်မရတော့။ အဘယ်ကြောင့်ဆိုသော် သူတို့သည်လည်း အဖမ်းခံရသည့်အထဲတွင် ပါသွားလေသောကြောင့်တည်း။

အောက်တိုဘာလ ၁–ရက်နေ့တွင် မင်းတုန်းမင်းသည် ရောဂါမှ မထမြောက်တော့ဘဲ လွန်လေသည်။ သီပေါမင်းသားလည်း "ဆင်ဖြူမရှင်မိဖုရားကြီးနှင့်တကွ မျိုးတော်မတ်တော်တို့ သဘောတူ၍"ဟု ရာဇဝင်တွင်လာသည့်အတိုင်း နောက်တနေ့၌ ထီးနန်းကို သိမ်းပိုက်လေသည်။ မကြာခင် စုဖုရားလတ်နှင့်အမဖြစ်သူ စုဖုရားကြီးတို့လည်း သူ့မိဖုရားများ ဖြစ်လာကြသည်။ (သို့သော် စုဖုရားလတ်က စိတ်ထက်မြက်လေသဖြင့် စုဖုရားကြီးမှာ မိဖုရားအမည်ခံမျှသာ ဖြစ်ပြီးလျှင် မယ်တော်၏ အဆောင်တွင် ပြန်နေရသည်ဖြစ်၏ ။) နန်းတင်ပေးခဲ့သော ဦးကောင်းမှာလည်း သတိုး



www.burmeseclassic.com

www.burmeseclassic.com

သုဓမ္မမဟာ သက်တော်ရှည်ဘွဲ့ရ၍ သူ့မြော်မှန်းချက် ပြည့်လေသည်။ အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ကား ရှေးလွှတ်တော်နှင့်ပြဲတိုက်တို့တွင် မည်သူက မည်သည့်တာဝန်ဟူ၍ ခွဲခြားသတ်မှတ်ခြင်းမရှိသည်ကို သီပေါမင်းက ပြင်ဆင်၍ လယ်ယာဌာနကို ရေနံချောင်းဝန်ကြီးဦးစို၊ လက်အလုပ်ဌာနကို ခန်းပတ်ဝန်ကြီးဦးရွှေမောင်၊ ကုန်းကြောင်းစစ်ဌာနကို သေနတ်ဝန်ကြီးဦးကောင်း၊ အကောက်ခွန်ဌာနကို (ယော၊ ဝက်မစွတ်အတွင်းဝန်၊ နောင်–မကွေးဝန်ကြီး)ဦးဖိုးလှိုင်စသည်ဖြင့် ဆယ့်လေးဌာန ဝေပုံကျခွဲလေသည်။

အုပ်ချုပ်ရေးတွင် ကောင်းသောစခြင်းပေတည်း။ သို့သော် သီပေါမင်းမှာ ဝါနုလှသေးသည်။ ဦးကောင်းနှင့်မှူးမတ်အချို့လည်း သီပေါမင်းကို နိုင်ငံခြားအတွေ့အကြုံရှိရအောင်ဟူ၍ အင်္ဂလန်သို့သွားရန် တိုက်တွန်းကြလေသည်။ သွားချင်အောင် နိုင်ငံခြားပြန်လူရွှယ်တို့ကိုလည်း အပါးတွင် ထားလေသည်။ အုပ်ချုပ်ရေးကို ခေတ်မီအောင်လည်း သူတို့စီစဉ်ကြလေသည်။ ထိုအခါ မူလဘူတ(အခြေခံ)ဥပဒေဆိုသည့်အရာသည် ရှေးက မကြားခဲ့စဘူး သူတို့ပါးစပ်မှ ထွက်လာသည်။ ဦးဖိုးလှိုင်ကမူ ‘ရာဇဓမ္မသင်္ဂဟ’ကျမ်းကို ရေးသား၍ မှူးမတ်တို့အလယ်တွင် ပြန့်ပွားစေလေသည်။ ထိုကျမ်း၏ သဘောအလိုမှာ အခြားမဟုတ်၊ မင်းတို့သည် အများဆန္ဒနှင့်အညီ အုပ်ချုပ်ရမည်၊ အများပြည်သူတို့က တင်မြှောက်သော လူကြီးတစုတသင်းနှင့်အရိုးအစဉ်အတိုင်း လာသောမှူးမတ်စုတသင်းဟူ၍ ဥပဒေပြုနှစ်ဌာနရှိသင့်သည်။ ကုန်သည်လယ်လုပ်တို့အကျိုးအတွက် ဘဏ်တိုက်ရှိသင့်သည်၊ မင်းတို့သည် ပြည်သူ့ဘဏ္ဍာကို ကိုယ်ရေးကိုယ်တာအတွက် မသုံးစွဲသင့် စသည်ဖြင့်ဖြစ်လေသည်။ ဦးကောင်းတို့က စည်းစံနစ်ချသည့်အမှုကို ရေနံချောင်းဝန်ကြီးဦးစို၊ မြို့သစ်ဝန်ထောက်ဦးအောင်ကိုး(?)လို ပုဂ္ဂိုလ်များကလည်း ထောက်ခံကြလေသည်။

ဤသည်ကို မင်း မိဖုရား အသိုင်းအဝိုင်းက သဘောမကျ။ အဘယ်မှာ သဘောကျနိုင်မည်နည်း။ စုဖုရားလတ်ဆိုလျှင် စုဖုရားကြီးကို ပယ်ထုတ်၍မှ မကြာသေးခင် ပွဲကြည့်သည်။ ထိုပွဲတွင် လက်စွဲလူပြက်က “ဘယ်ဆိုင်း ဇာတ်မဆို ပတ်မကြီးတလုံးတည်းသာပါစမြဲ”ဟု ပြက်သည်ကို သူသဘောတွေ့၍ ရွှတ်ချည်း ငွေတထောင် ဆုချခဲ့သည်ဖြစ်လေသည်။ ယခုသော် ရှင်ဘုရင်နှင့်မိဖုရားတို့ကို သုံးချင်တိုင်း မသုံးရ။ အတိုင်းအတာနှင့်ဖြစ်ရမည်ဆိုသည့်အရာမှာ ဘဝရှင်မင်းတရား၊ နန်းမတော်မိဖုရားကြီးဆိုသည့် ဝိသေသများကို ချေဖျက်ရာ ရောက်နေချေသည်။ ဤတွင် သီပေါမင်းနှင့်စုဖုရားလတ်တို့အဖို့ ဦးကောင်းနှင့်စပ်၍ ပြန်လှန်စဉ်းစားစရာတွေ့ ရှိလာသည်။ ညောင်ရမ်းစားနှင့်ညောင်အုပ်စားမင်းသားနှစ်ဦးသည်(လွှတ်တော်က သဘောတူသည့်အတိုင်း) အင်္ဂလိပ်ပိုင်နယ်မြေတွင် ခိုလှုံမည်ဟု မန္တလေးသံတဲမှ ထွက်မည်ပြုစဉ်က ရန်အောင်မြင်ဝန်ထောက်ဦးအိုက ဝင်လုရန် ကြံစည်ခဲ့ဘူးသည်။ ဦးအို၏ အကြံအစည်ကို ပယ်၍ ဦးကောင်းက တပ်အစောင့်အရှောက်ဖြင့် ကမ်းနားအရောက် လိုက်ပို့စေခြင်းသည် သက်ာမကင်းစရာ အချက်ပင်ဖြစ်သည်။



www.burmeseclassic.com

ထို့ပြင် မိဖုရားအနား ကပ်မြောင်၍ တီးတိုးပြောနေကြသော လက်သုံးတော်ကြီးကိုင်(မြောက်ဒဝယ်သေနတ်ဗိုလ်)ရနောင်မောင်မောင်တုတ်၊ တောင်ဒဝယ်ဗိုလ်(နောင် တိုင်တားအတွင်းဝန်၊ ဝန်ကြီး)ဦးဖိုးလိုလူတွေရှိသေးသည်။ မောင်တုတ်မှာ ငယ်စဉ်ကပင် စုဖုရားလတ်နှင့်အတူ နို့စို့ဘက်လည်းဖြစ်၊ သီပေါမင်း၏ လက်သုံးတော်ကြီးကိုင်လည်း ဖြစ်သည်။ ဦးဖိုးမှာ သီပေါမင်းကို မြင်းစီးသင်ပေးရသူလည်း ဖြစ်၊ စုဖုရားလတ်အတွက် ဗေဒင် ယတြာကိစ္စများကို ဆောင်ရွက်ပေးရသူလည်း ဖြစ်သည်။ ယခု သူတို့ပြောနေကြပြန်သည်မှာ "သီပေါမင်း ဘိလပ်(လန်ဒန်)သွားနေဆဲအခါ အခြားမင်းသားတပါးပါးကို မှူးမတ်များက ရှင်ဘုရင်ခန့်ထားလျှင် ရွှေနန်းရှင်သည် သောင်ပြင်မှာလွှတ်သည့် ခွေးကဲ့သို့ ဘိလပ်မှာ ဝင်္ဂ၍သေရလိမ့်မည်"ဟူ၍ဖြစ်သည်။

ပြည်တွင်းရေးရာတို့တွင် ဦးကောင်း၏ဩဇာသည် ကျစပြုလေတော့သည်။ ကျလျှင်လည်း ကျစေတော့၊ ရိုးရာကိုချည်း တသမတ်တည်း လိုက်နာနေ၍ မဖြစ်သည်ကို သူသိသည်။ အဟောင်းနေရာတွင် အသစ်ကို အစားထိုး၍ စမ်းကြည့်ချင်သောစိတ် သူ့တွင်ရှိသည်။ အုပ်ချုပ်ရေးတွင် မဆိုထားနှင့်၊ ယုတ်စွအဆုံး ထိုနှစ်အတွင်း မန္တလေးအနောက်ပြင် ဒေဝန်းရပ်၌ သူဆောက်သော သာကဝန်ကျောင်းတိုက်လို အနုသုခုမအဆောက်အအုံမျိုး၌ပင် ရိုးရာပိသုကာပုံစံအစား ဥရောပပုံစံကို သူသုံးကြည့်လေသည်ဖြစ်သည်။ ဤတွင် ဦးကောင်းမှာ မင်းကြီး သက်တော်ရှည်လည်းဖြစ်၊ သီပေါမင်းကို နန်းတင်ပေးခဲ့သော ဂုဏ်ကျေးဇူးကလည်း ရှိနေသောကြောင့် လိမ့်လိမ့်လဲလဲကား မဖြစ်၊ ရေနံချောင်းဝန်ကြီးဦးစို၊ မကွေးဝန်ကြီးဦးဖိုးလှိုင်၊ မြို့သစ်ဝန်ထောက်ဦးအောင်ကိုး(?)တို့မှာကား အရာမှ ကျလေတော့သည်။ သီပေါမင်း လန်ဒန်သွားရန် အကြံလည်းပျက်ပြီ။ ဆယ့်လေးဌာနအုပ်ချုပ်ရေးလည်း ပျက်ပြယ်ပြယ် ရော့ရဲရဲဖြစ်ပြီ။ ထိုထက်ဆိုးလာသည်မှာ ၁၈၇၉–ခုနှစ် ဖေဖော်ဝါရီလ အတွင်း မောင်တုတ်ခေါင်းဆောင်သော လူတစုက အကျဉ်းကျမင်းသား မင်းသမီးတွေကို မြောက်ဥယျာဉ်တွင် ထိန်းသိမ်းထားရာမှ အကျဉ်းထောင်သို့ပြောင်း၊ ထိုနောက် လွှတ်တော်ကို အသိမပေးဘဲ နှစ်ညသုံးညဆက်၍ သတ်ပစ်ခြင်းပင် ဖြစ်လေသည်။ သတင်းကို နောက်မှကြားရသော ဦးကောင်းသည် ဒေါသဖြစ်ဖြစ်နှင့် 'ထွီ' ဆိုရုံအပြင် ဘာမှမတတ်နိုင်တော့။ သူ့ရည်ရွယ်ချက်ကား ပျက်ခဲ့ပြီဖြစ်၏။ သူ့ရည်ရွယ်ချက်မှာ မင်းသား မင်းသမီးများကို ကောင်းစွာကျွေးမွေး၍ တစုတည်း လုံခြုံစွာထားရန် ဖြစ်လေသည်။ ထိုရည်ရွယ်ချက်ဖြင့် နန်းတော်အနောက်မှာ ဆောက်နေသော အုတ်ဝင်းကြီးနှင့်အုတ်ဝင်းအတွင်း အိမ်များပင် မပြီးတတ်သေးချေ။

အင်္ဂလိပ်လည်း မြန်မာ့အရေးတွင် စွက်ဖက်လာလေသည်။ မင်းသား မင်းသမီးများကို သတ်ဖြတ်ခြင်းသည် စက်ဆုပ်စရာဖြစ်ကြောင်း၊ နောင် ဤကိစ္စမျိုးဖြစ်လျှင် အင်္ဂလိပ်အလံတော်ကို ဆက်လက်ထူထောင်တော့မည် မဟုတ်ပါကြောင်း စသည်ဖြင့် အင်္ဂလိပ်ကိုယ်စားလှယ် ရှော်ထံမှ



www.burmeseclassic.com

 www.burmeseclassic.com

ကန့်ကွက်စာ လာလေသည်။ ကန့်ကွက်ချက်မှာ နားဝင်ကောင်း၏။ သို့သော် သဘောအမှန်မှာ လူလူချင်း မေတ္တာစေတနာ ထားသည်က သာမညအကြောင်းဖြစ်၍ မင်းသားမင်းသမီးတို့ကို သတ်ဖြတ်မှုကြောင့် အထက်မြန်မာနိုင်ငံ မငြိမ်မသက်ဖြစ်လျှင် သူတို့၏ကုန်သည်များအဖို့ ကူးသန်းရောင်းဝယ်ရေး ထိခိုက်မည်ကို စိုးရိမ်သည်က အဓိကအကြောင်းဖြစ်လေသည်။ မြန်မာနှင့်အင်္ဂလိပ်တို့၏ ဆက်ဆံရေးလည်း တင်းမာလာမယောင်ရှိလေသည်။ တောကျောင်းသရက်နှင့်တောင်ငူနယ်စပ်တို့တွင် အင်္ဂလိပ်က စစ်တပ်ဖြည့်သည်။ မြစ်ထဲတွင် သင်္ဘောအစောင့်အရှောက်ထားသည်။ ထိုအပြုအမူများ၏ အကျိုးဆက်ကား မန္တလေးမြို့ထဲတွင် သွားလာနေကြသော သံအရာရှိတို့နှင့် မြန်မာအရပ်သားတို့ မကြာခဏ ကတောက်ကဆဖြစ်ကြခြင်းပေတည်း။ ထိုအတွင်း ရှော ဖျားနာ၍ ကွယ်လွန်လေသည်။ ရှောတာဝန်ကို ဆက်လက်ယူသော လက်ထောက်ကိုယ်စားလှယ်သည် အာဖဂန်နစ်စတန်နိုင်ငံ ကဘူးမြို့၌ အာဖဂန်လူမျိုးတို့ လက်ချက်ဖြင့် အင်္ဂလိပ်ကိုယ်စားလှယ် အသတ်ခံရသည်ကို အကြောင်းပြု၍ မန္တလေးတွင်လည်း သူတို့၏ လုံခြုံရေး စိတ်မချရဆိုကာ မြန်မာအစိုးရကို အသိမပေးဘဲ သံအဖွဲ့နှင့်အင်္ဂလိပ် လက်အောက်ခံ ယောကျ်ားမိန်းမများကို မန္တလေးမှ ရုပ်သိမ်းပြန်လေသည်။

ဦးကောင်းသည် အင်္ဂလိပ်နှင့်ဆက်ဆံရေးပျက်ပြားမှုကို မလိုလားသူဖြစ်လေသည်။ ထိုကြောင့် ၁၈၈၀–ခုနှစ်အလယ်တွင် သူအပါအဝင် မှူးမတ်များ၏တိုက်တွန်းချက်ဖြင့် မြောင်လှဝန်ထောက်ဦးခြိမ့်ခေါင်းဆောင်သော သံအဖွဲ့ကို အိန္ဒိယရှိ အစိုးရထံသို့ ခရီးထွက်စေလေသည်။ သို့သော် အောက်မြန်မာနိုင်ငံအစိုးရက ထိုသံအဖွဲ့၌ ဘာမှအာဏာမရှိဆိုကာ တောကျောင်းသရက်တွင် တားထားသဖြင့် ရှစ်လတိုင်တိုင် စောင့်နေရပြီးမှ မန္တလေးသို့ ပြန်လာခဲ့ရသည်။ အခြေအနေမှ အခက်ပင်တည်း။ တောကျောင်းသရက်၌ သံအဖွဲ့စောင့်ဆိုင်းနေရစဉ်ကလည်း အင်္ဂလိပ်နှင့် မြန်မာတို့ တဖက်နှင့်တဖက် စကားများခဲ့ရသောအကြောင်းအချက်တွေ ရှိလေသေးသည်။ 'ရွှေမြို့'ခေါ် လူစီးသင်္ဘောကပ္ပတိန်နှင့်သင်္ဘောသားများကို မြန်မာအရပ်သားများက ရိုက်မှု၊ 'ယူနံ'ခေါ် လူစီးသင်္ဘောကို စလေမြို့တွင် ၂၂–နာရီတိုင်တိုင် စလေမြို့ဝန်က တားထားမှုတို့ကို အင်္ဂလိပ်ဘက်က မကြေနပ်ခဲ့သလို တောကျောင်းသရက်နယ်စပ်တွင်(ကာလကတ္တားမှ ထွက်ပြေးလာခဲ့သော)ညောင်အုပ်မင်းသားနှင့်သူ့တပည့်များက ဝင်ရောက်ထိပါးမှုကို မြန်မာဘက်ကလည်း မကြေနပ်ခဲ့။

ဦးကောင်းသည် အင်္ဂလိပ်တို့၏မကြေနပ်မှုကို သူတတ်နိုင်သည့်ဘက်မှ ပြေရာပြေကြောင်း ကြိုးစားပါလေသည်။ သို့သော် ပြည်တွင်း၌လည်း အုပ်ချုပ်ရေး မတည်ငြိမ်ဖြစ်နေ၍ စိတ်မောစရာပင်။ အကောက်အခွန် စာရင်းမှာလည်း မူလရသည့်အတိုင်း စံနစ်တကျ ထည့်သွင်းခြင်းမရှိ၊ လွှတ်ရုံး ၅–ရပ်အရာရှိများမှာလည်း ခန့်ထားမြဲထုံးစံထက် တိုးတက်ပိုမိုနေသည်။ အဝေး

www.burmeseclassic.com

အရာရှိခန့်ထားရေးမှာလည်း ဆိုင်ရာတို့၏ ဂတိလိုက်စားမှုကြောင့် အပြောင်းအလဲတွေ များလှသည်။ အချို့မြို့ရွာများတွင် တနေရာထဲကိုပင် မြို့သူကြီး ၂ဦး ၃ဦး ခန့်သည့်ကိစ္စမျိုးရှိတတ်သည်ဖြစ်၏။ စေတနာဖြင့် အရင်နှစ်များက ဖွင့်ခဲ့သောထီမှာလည်း အလုပ်အဆောင် မတတ်မှုကြောင့် လူအများ လွန်ကာဆင်းရဲကုန်ကြသည်။ ရှမ်းပြည်ဘက်တွင်လည်း မငြိမ်သက်၊ သီပေါမင်းသည် အခြေအနေမှန်ကို မသိသကဲ့သို့ ရှိနေလေတော့သည်။ ဤတွင် "တာရှည်ခံတော့မည်မဟုတ်၊ တာရှည်ခံတော့မည်မဟုတ်"ဟု ဦးကောင်း ငြီးမိကြောင်းဖြင့် အတွင်းစကားထွက်လာရာ ငြီးလည်းငြီးထိုက်ပါပေသည်။ သို့သော် ငြီးရုံဖြင့် အမှုမပြီးသေး။ လုပ်သင့်လုပ်ထိုက်သည်ကို သူတိုက်တွန်းကြည့်မှ သင့်တော့မည်။ သီပေါမင်း သဘောတူချက်ဖြင့် ပြည်သူတို့ အလိုရှိရာ လျှောက်နိုင်အောင်မြို့ဓာတ်တံခါး လေးဌာန၌ ရွှေသေတ္တာများ ထားရှိလေတော့သည်။ မကြာမီ မြောက်ဒဝယ်ဗိုလ်ရနောင်မောင်တုတ်နှင့်သူ၏ အပေါင်းအသင်းများ၏ လွန်ကဲမှုသည် ထိုသေတ္တာပါ စာလွှာများမှတဆင့် ပေါ်လာလေသည်။ အပြစ်ရှိသူများလည်း အပြစ်အလျောက် ခံကြရလေသည်။ အိမ်တော်ပါလူငယ်များ၏ တွင်ကျယ်မှုလည်း တန့်သလို ဖြစ်သွားခဲ့သည်။

ဤတွင် အိန္ဒိယနိုင်ငံ၌ ဘုရင်ခံချုပ်အသစ်ရောက်သဖြင့် မြန်မာတို့မှာ မဟာမိတ်ပြန်ဆက်ရန်နှင့်စီးပွားရေး ကိစ္စများကို ပြန်လည်ဆွေးနွေးရန် အခွင့်ရလာလေသည်။ ဘုရင်ခံချုပ်သစ်ကလည်း လိုလားသည်။ ထို့ကြောင့် ကျောက်မြောင်းအတွင်းဝန်ဦးရွှေအိုး ခေါင်းဆောင်သောသံအဖွဲ့သည် အိန္ဒိယနိုင်ငံ၊ ဆင်မလာမြို့သို့ သွားရောက်ဆွေးနွေးရလေသည်။ ဆင်မလာတွင် အမှုမပြီးပြတ်သဖြင့် ရန်ကုန်တွင် ဆက်လက်ဆွေးနွေးရသည်။ သို့သော် ဆွေးနွေးပွဲ မအောင်မြင်လေ။ မအောင်မြင်ရသည်မှာလည်း မြန်မာဘက်က လဖက်ကို ကုန်တော်အဖြစ်သတ်မှတ်လိုမှု၊ မြန်မာမင်းပိုင်နက်အတွင်း၌ အင်္ဂလိပ်လက်အောက်ခံလူများ သွားလာခြင်းကို စည်းကမ်းသတ်လိုမှု၊ ရန်တပိုစာချုပ်ကို ဖျက်သိမ်းလိုမှုစသည့်အချက်တို့တွင် အင်္ဂလိပ်တို့က လက်မခံနိုင်သောကြောင့်ဖြစ်လေသည်။ ထိုအခါ ပြင်သစ်၊ ဂျာမဏီစသော နိုင်ငံများနှင့်ကူးသန်းရောင်းဝယ်ရေးနယ်ချဲ့မည်ဟု မြန်မာအစိုးရက ကြံလေသည်။ ဤအရေးတွင် ဦးကောင်း၏ အကြံဉာဏ်ပါသည် မပါသည်ကိုကား မသိရ။ ၁၈၈၃ ခုနှစ်အလယ်တွင် မြို့သစ်အတွင်းဝန် ဦးတီခေါင်းဆောင်သောသံအဖွဲ့သည် ပြင်သစ်နိုင်ငံသို့ သွားလေသည်။ ထိုသံအဖွဲ့၏ လုပ်ငန်းကို အင်္ဂလိပ်အစိုးရက မသင်္ကာ၊ မြန်မာအစိုးရနှင့်ကူးသန်းရောင်းဝယ်ရေးကိစ္စမှလွဲ၍ မလုပ်ပါဟူသော ကတိကို ပြင်သစ်အစိုးရထံမှ အင်္ဂလိပ်အစိုးရက တောင်းသည်။ ပြင်သစ်နိုင်ငံတွင် သံအဖွဲ့သွားလာလှုပ်ရှားနေမှုကိုလည်း အင်္ဂလိပ်သံအမတ်က မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။ နိုင်ငံခြားဝန်ကြီး ဖယ်ရီပါဝင်သော ပြင်သစ်အစိုးရနှင့်မြန်မာသံအဖွဲ့တို့ ချုပ်ဆိုကြသော စာချုပ်မှာ ၁၈၇၃ ခုနှစ်က ဦးကောင်းချုပ်ဆိုခဲ့သော စာချုပ်ကို အတည်ပြုရေး၊ ဖြည့်စွက်ရေးပင် ဖြစ်သည်။ ထို့ကြောင့် ကူးသန်းရောင်းဝယ်ရေးကိစ္စ၊ သံတမန်လဲလှယ်ရေးကိစ္စတို့လောက်သာ ပါဝင်လေသည်။ သို့သော် အင်္ဂလိပ်အစိုးရက



www.burmeseclassic.com

www.burmeseclassic.com

ထိုစာချုပ်ပါ အချက်များအပြင် လျှို့ဝှက်ချက်များရှိသည်ဟု ထင်လေသည်။ သံအဖွဲ့သည် ပြင်သစ်နိုင်ငံတွင် အကြာကြီးနေခဲ့၍ ၁၈၈၅ ခုနှစ်၊ ဇန်နဝါရီလတွင်မှ စာချုပ်လက်မှတ်ထိုးသဖြင့် ပို၍ မသင်္ကာဖြစ်ရသည်။ စာချုပ်ချုပ်၍မှ ၅ လ၊ ၆ လလောက်သာရှိသေးသည်။ နောက်ဆက်တွဲအဖြစ်ဖြင့် ပြင်သစ်ကို ပတ္တမြားတွင်းတူးခွင့် ပေးသည်။ ဘဏ်ဖွင့်ခွင့်ပေးသည်။ ရောဝတီမြစ်ရိုးတလျှောက် သင်္ဘောသွားခွင့်ပေးသည်။ မန္တလေးမှ တောင်ငူသို့ မီးရထားလမ်း ဖောက်ခွင့်ပေးသည်စသော သတင်းသည် ရန်ကုန်နှင့်လန်ဒန် နှစ်နေရာစလုံး ပြန့်နှံ့လေသည်။ နောက်တဖန် ပြင်သစ်သြဇာလွှမ်းသော တုန်ကင်ဘက်မှ လက်နက်များကို မြန်မာနိုင်ငံသို့ပို့ရန် ပြင်သစ်အစိုးရက သဘောတူသည်ဟူသော သတင်းသည်လည်း ပြန့်နှံ့ပြန်လေသည်။ ဤသည်ကို ပြင်သစ်အစိုးရက ဝန်မခံ။ တကယ်ဆိုလျှင် အင်္ဂလိပ်ကလည်း ကြောက်နေစရာ မလို။ အဘယ်ကြောင့်ဆိုသော် စာချုပ်လက်မှတ်ရေးထိုးပြီးနောက် မတ်လတွင် ဖယ်ရီသည် အစိုးရအဖွဲ့မှ ပြုတ်ကျ၍ နောက်တက်သော အစိုးရက စာချုပ်ကို အတည်မပြုသောကြောင့်ပေတည်း။

ဘယ်လိုပင်ဖြစ်စေ၊ အင်္ဂလိပ်အစိုးရကား မြန်မာနိုင်ငံနှင့်အခြားနိုင်ငံများ တန်းတူဆက်ဆံသည်ကို လားလားမှ မကြိုက်ရိုးအမှန် ဖြစ်လေသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ အရှေ့ဘက်ရှိ တုန်ကင်၌ သြဇာလွှမ်းမိုးလာသော ပြင်သစ်ကို မြန်မာနှင့်ဆက်မိမှာ ကြောက်သည်။ အင်္ဂလိပ်ကုန်သည်ကြီးများကလည်း သူတို့ကြီးပွားရေးတွင် အခြားပြည်သားများ ဝင်မည်ကို ဆတ်ဆတ်ထိ မခံနိုင်။ ထန်းလျက်၊ ဝါဂွမ်း၊ လဖက်ကို ကုန်တော်လုပ်မည်ဟု သတင်းသန့်သန့်ကလေး ကြားလိုက်ရလျှင် ကုန်သည်ကြီးများက ကန့်ကွက်ရန် လက်မနှေးခဲ့။ မန္တလေးတွင် ထောင်ထ၍ လူတွေအပြုန်းအရှုံးသေသည်။ အလုံဘက်တွင် ဓားပြတွေ သောင်းကျန်းနေသည်စသည်ဖြင့် မြန်မာမင်းပိုင်နက်တွင် မငြိမ်မသက်ဖြစ်မှုတွေကို ကြားလိုက်ရလျှင် သူတို့က မြန်မာနိုင်ငံကို သိမ်းရန်၊ မသိမ်းနိုင်လျှင် သူတို့အလိုကျ မင်းသားတပါးကို နန်းတင်ရန် ဦးဦးဖျားဖျား အစိုးရကို တိုက်တွန်းသည်ဖြစ်လေသည်။

(ကုန်သည်အခြေခံ)အင်္ဂလိပ်အစိုးရသည် အချက်ကို စောင့်လေသည်။ ဘုံဘိုင်ဘားမားကုမ္ပဏီအရေး၌ အချက်ပေါ်လေသည်။ ထိုကုမ္ပဏီသည် မြန်မာမင်းထံ အခွန်ဆောင်၍ တောင်ငူ၌ သစ်ထုတ်လုပ်ရေးလုပ်ငန်း လုပ်နေခဲ့သည်။ ယခုအရေးပေါ်လာပုံမှာ ထိုကုမ္ပဏီက နှစ်နှစ်အတွင်း နယ်ခြားသို့ သစ်လုံးရေရှစ်သောင်း ထုတ်ယူသည်ကို အခွန်ရုံးတော်တွင် သစ်လုံးရေသုံးသောင်းကျော်သာ စာရင်းတင်ပြ၍ သစ်လုံးရေ ငါးသောင်းထိန်ချန် ကွယ်ဝှက်ကြောင်းဖြင့် ၁၈၈၅ ခုနှစ်၊ ဧပြီလ၌ သစ်ခေါင်းများက မြန်မာအစိုးရထံ လျှောက်ကြသောကြောင့် ဖြစ်လေသည်။ လျှောက်ချက်အတိုင်း မှန် မမှန် သိရအောင်ဟု လွှတ်တော်က(အင်္ဂလိပ်အာဏာပိုင်များ၏ သဘောတူချက်ဖြင့်)သစ်တောရုံးရှိ သစ်စာရင်းကို ကူးယူစစ်ဆေးသည်။ ထို့နောက် တောင်ခွင်မင်းကြီး



www.burmeseclassic.com

ဦးသိုင်း၊ တိုင်တားဝန်ကြီးဦးဖိုး၊ (သေနတ်ဝန်ကြီး)ဦးကောင်းတို့ပါဝင်သော လွှတ်တော်က တိုင်ချက်မှန်သည်ကို တွေ့ရသဖြင့် ကုမ္ပဏီက သစ်တောအကောက်နှုန်းအတိုင်း နှစ်ဆတန် ငွေနှစ်သန်း သုံးသိန်းကျော်ကို ပေးလျော်စေရမည်ဟု ကုမ္ပဏီဆိုင်ရာ အန္ဒြီနော (G.Andreino) ဘရိုက် (J.Bryce)၊ မက်ဇွဲ (H.Maxwell) တို့ရှေ့၌ပင် စီရင်ချက်ချလေသည်။ စီရင်ချက်ကို မကြေနပ်၍ ကုမ္ပဏီက အင်္ဂလိပ်အစိုးရထံ စာတင်သည်တွင် ဘုရင်ခံချုပ်က အရာရှိတဦးကို ခုံအဖြစ်စေလွှတ်မည်ဟု မြန်မာအစိုးရထံသို့ စာပို့လေသည်။ ဤတွင် ဦးကောင်းသည် အင်္ဂလိပ်နှင့်စစ်ဖြစ်မည်ကို စိုးရိမ်၍ ဘုရင်ခံချုပ်က လွှတ်မည့်ခုံ၏ အဆုံးအဖြတ်ကို ခံလိုသည်။ သို့သော် ဘုရင်ခံချုပ်၏ စာမှာ မြန်မာ့အချုပ်အချာအာဏာကို ထိခိုက်လှသဖြင့် မြန်မာအစိုးရက သဘောတူ၍မဖြစ်နိုင်။ ထို့ကြောင့် ယခုအမှုကို အခြားမဟာမိတ်နိုင်ငံ တဦးဦးကသာ ခုံအဖြစ်ဖြင့် စီရင်သင့်ကြောင်း စာပြန်လေသည်။ ဘုရင်ခံချုပ်က မြန်မာအစိုးရ၏ စာကို လိုက်လျောဖို့နေနေသာသာ ရာဇသံပင် ထပ်၍ပို့ပြန်သည်။ ရာဇသံ၏ အလိုမှာကား မြန်မာအစိုးရက ဘုရင်ခံချုပ်၏ ကိုယ်စားလှယ်နှင့်တွဲ၍ အမှုကို ဆုံးဖြတ်ရမည်၊ ထိုကိုယ်စားလှယ်သည် မြန်မာမင်းထံ ဝင်သည့်အခါ ခြေနင်းစီး၍ဆောင်မား ကိုင်စွဲမည်၊ ထိုကိုယ်စားလှယ်အတွက် စစ်သားအစောင့်အရှောက်နှင့်တိုက်သင်္ဘောအစောင့်ထားမည်၊ မြန်မာအစိုးရသည် အင်္ဂလိပ်အစိုးရက သဘောမတူဘဲ မည်သည့်နိုင်ငံနှင့်မှ အဆက်အဆံ မပြုရဟူ၍ဖြစ်လေသည်။ ဗိုလ်ချုပ်ကြီးပရင်ဒါဂတ် (H.N.D.Predergast) အုပ်ချုပ်သောပြည်သိမ်းတပ်ကလည်း တောကျောင်းသရက်နယ်စပ်တွင် အသင့်ပြင်၍ စောင့်လျက်ရှိလေသည်။

အခြေအနေက အလွန်ဆိုးဝါးနေပြီ။ မြန်မာ့စစ်အင်အားသည် အင်္ဂလိပ်စစ်အင်အားကို မယှဉ်နိုင်မှန်း သိလေသည်။ အကယ်၍ အင်္ဂလိပ်၏ တောင်းဆိုချက်ကို လိုက်လျောရလျှင် မြန်မာ့အချုပ်အချာအာဏာကို ထိခိုက်မည်မှန်သည်။ သို့သော် မြန်မာအချင်းချင်း အုပ်စိုးခွင့်ကား ကျန်နေသေးဦးမည်ဟု ဦးကောင်းက တွက်လေသည်။ ထို့ကြောင့် မင်း မှူးမတ်များအစည်းအဝေးတွင် တောင်ခွင်ဝန်ကြီးဦးသိုင်း၊ ကျောက်မြောင်းအတွင်းဝန်ဦးရွှေအိုး၊ စာရေးကြီးဦးမြဲတို့နှင့်အတူ ဦးကောင်းက ရာဇသံပါ အချက်အလက်အတိုင်း လိုက်နာရန် တိုက်တွန်းလေတော့သည်။ သီပေါမင်းက ပဌမတွင် ထိုစကားရပ်ကို လက်ခံမယောင်ယောင် ဖြစ်၏ ။ သို့သော် ငယ်ရွယ်၍ စိတ်မာန်ပြင်းလှသော စုဖုရားလတ်အတွက်ကား ထိုစကားသည် နားခါးစရာဖြစ်လေသည်။ ထို့ကြောင့် သူ့နှုတ်မှ ''သည်လောက် ကြောက်တတ်ရင် မိန်းမလုပ်ပါတော့လား၊ သနပ်ခါးနှင့်ကျောက်ပြင် ယူပေတော့''ဆိုသည့် စကားမျိုး ထွက်လာလေသည်။ မျိုးချစ်စိတ်ဓာတ် ပြင်းထန်သောတိုင်တားမင်းကြီးဦးဖိုးမှာလည်း ရာဇသံပါ တိုင်းတပါးနှင့်မြန်မာ မဆက်ဆံရဟူသောအချက်ကို မကြိုက်နိုင်ဖြစ်ကာ သူ့လူများကို အောက်မြန်မာနိုင်ငံသို့ လွှတ်ထားသည်၊ အရေးကျလျှင် ထကြွပုန်ကုန်ကြလိမ့်မည် စသည်ဖြင့် ခုခံပြောဆိုလေသည်။ ထိုအခါ ကျောက်မြောင်းအတွင်းဝန်ဦးရွှေအိုးသည် သူ့ယောက္ခမဦးဖိုး၏ မျက်နှာကို စေ့စေ့ကြည့်၍''သည်တခါ နိုင်ငံပါဆုံးတော့မှာ



www.burmeseclassic.com

www.burmeseclassic.com

ဘဲ''ဟုဝိုလေသည်။ အတိုချုပ်ရသော် သီပေါမင်းသည် တိုင်တားဝန်ကြီးဦးဖိုးနှင့်အချို့မှူးမတ်များ၏ တင်လျှောက်ချက်ကို လက်ခံ၍ လျော်ကြေးငွေကို မတောင်းခံတော့ပါ။ အင်္ဂလိပ်ကိုယ်စားလှယ်ကိုလည်း ရှေးကကဲ့သို့ပင် ထားနိုင်ပါသည်၊ အင်္ဂလိပ်အစိုးရ သဘောမတူဘဲ အခြားမည်သည့်နိုင်ငံနှင့်မှ မဆက်ဆံရဆိုသည့်အချက်ကိုမူကား ကြားနိုင်ငံတဦးဦးက ဆုံးဖြတ်သည်ကို ခံပါမည်ဟူ၍ စာပြန်စေလေသည်။ ပြန်စာကို အင်္ဂလိပ်ဘက်က လက်ခံမည်မထင်၍ မြန်မာစစ်တပ်များကိုလည်း စုရုံးစေလေသည်။

မြန်မာအစိုးရ၏ ပြန်စာကို အင်္ဂလိပ်က လက်မခံပါ။ နိုဝင်ဘာလ ဆယ့်လေးရက်နေ့တွင် ဗိုလ်ချုပ်ကြီး ပရင်ဒါဂတ်သည် စစ်တပ်ကို သင်္ဘောနှစ်ဆယ့်ရှစ်စင်းတွင်တင်၍ တောကျောင်းသရက်မှ ဆန်တက်ပါသည်။ သူ့တွင် အမြောက်သေနတ်အားသာမက စိတ်ဓာတ်စစ်(ဆင်ရေး) အားလည်း ပူးတွဲ၍ပါလေသည်ဖြစ်သည်။ ပူးတွဲပုံမှာ လူတယောက်ကို မင်းသားဟန်ပန်ပြင်ဆင်၍ သင်္ဘောဦးခန်းတွင် ထင်သာမြင်သာအောင် ပြုလုပ်ခြင်းပင်တည်း။ ထိုသူသည် ညောင်ရမ်းမင်းသားဟူ၍ သင်္ဘောဆန်ရာ ဧရာဝတီမြစ်ရိုးတလျှောက်တွင် သတင်းပြန့်နှံ့သည်။ တနည်းဆိုရလျှင် အင်္ဂလိပ်တို့က စစ်နိုင်သော် သီပေါမင်းကို နန်းချ၍ အခြားမင်းသားတပါးကို နန်းတင်မည်ဟူ၍ အထင်ရောက်စေလျက် မြန်မာတို့တွင် တိုက်အားလျော့အောင်၊ ညောင်ရမ်းမင်းသားကိုကြည်ညိုရင်းစွဲ ရှိသူတို့၏ အကူအညီရအောင် ပြုလုပ်ခြင်းဖြစ်သည်။ အင်္ဂလိပ်စစ်အတက်ကို မြန်မာဘက်က ခုခံသလောက် ခုခံကြပါ၏။ သို့သော် မင်းလှခံတပ် တည်ရာမှတပါး မယ်မယ်ရရ မခုခံနိုင်ဖြစ်လေသည်။ လှေသင်းအတွင်းဝန်ဦးရွှေမောင် အုပ်ချုပ်သော စစ်သည်ရဲမက်များလည်း မြင်းခြံမှနေ၍ ခံကြသေးသည်။ မရလေ။

ထိုအခါမှ မြန်မာအစိုးရကိုယ်စား ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးနှင့်ဝက်မစွတ်ဝန်ထောက်ဦးလတ်တို့က ပရင်ဒါဂတ်နှင့်တွေ့ဆုံ၍ စစ်ရပ်စဲရေးစကား ဆိုလေသည်။ ပရင်ဒါဂတ်က အရေးမပေးဘဲ လက်နက်ချရန်သာ တောင်းဆိုလေသည်။ မြန်မာအစိုးရလည်း မတင်းနိုင်တော့ဘဲ အဝခံမြို့၊ စစ်ကိုင်းခံမြို့၊ သပြေတန်းခံမြို့အတွင်းရှိ ရဲမက်စစ်သည်များကို လက်နက်ချရန် ကြေးနန်းဖြင့် အကြောင်းကြားလိုက်ရတော့သည်။ ဤတွင် သီပေါမင်းသည် သူနှင့်သူ့ရဲမက်များ လက်နက်ချပြီးပါက ပရင်ဒါဂတ်သည် မြန်မာအစိုးရနှင့်စာချုပ်အသစ် ချုပ်ဆိုကာ အောက်မြန်မာနိုင်ငံသို့ ပြန်လိမ့်မည်ဟု အထင်ရှိခဲ့သည်။ သို့သော် အင်္ဂလိပ်စစ်တပ်သည် မင်း မိဖုရားနှင့်တကွ နောက်လိုက်နောက်ပါအချို့ကို သူရိယသင်္ဘောဖြင့် ရန်ကုန်သို့ သယ်ဆောင်သွားခဲ့လေသည်။ ထိုနောက် အိန္ဒိယဘုရင်ခံချုပ် လော့ဒပ်ဖရင် (IST.marquis of Dufferin) က ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ တရက်နေ့စွဲဖြင့် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံပိုင် နယ်အတွင်းသို့ သွတ်သွင်းလိုက်ပြီဖြစ်ကြောင်း ကြေငြာလိုက်လေသည်။


www.burmeseclassic.com

ကြေငြာချက်နှင့်မရှေးမနှောင်းကာလတွင် အင်္ဂလိပ်စစ်တပ်နှင့်အတူ ညောင်ရမ်းမင်းသား ပါလာသယောင်ယောင် သတင်းသည် ပျက်ပြယ်သွားလေသည်။ ထူးခြားချက် တခုကား ရှိပါလေသည်။ ထိုထူးခြားချက်မှာ အခြားမဟုတ်၊ အင်္ဂလိပ်သို့ အထက်မြန်မာနိုင်ငံ ကျရခြင်းနှင့်စပ်၍ ညောင်ရမ်းမင်းသား၏ အမည်နှင့်ဦးကောင်း၏ အမည်သည် ရောယှက်လျက် ရှိနေခြင်းပင်ဖြစ်သည်။ ညောင်ရမ်းမင်းသားသည် အင်္ဂလိပ်နယ်မြေ၌ ရောက်ခဲ့ပြီးနောက် ကာလကတ္တား၌နေခဲ့လေသည်။ သို့သော် မန္တလေးရှိ သူ့ဆွေမျိုး၊ သူ့နောက်လိုက်များနှင့်ကား တနည်းမဟုတ် တနည်းအဆက်အသွယ်ရှိခဲ့သည်သာ ဖြစ်လေသည်။ အတွင်းစကားကို ယုံရမည်ဆိုလျှင် ဦးကောင်းနှင့်ပုဂ္ဂိုလ်အချို့သည် သီပေါမင်းအပေါ်တွင် စိတ်ပျက်၍ ညောင်ရမ်းမင်းသားနှင့်ဆက်သွယ်လေသည်။ ထိုအထဲတွင် ဆင်ဖြူမရှင်လည်း ပါဝင်သည်။ ဆက်သွယ်ပုံမှာ မြင်ကွန်းမြင်းခုံတိုင်အရေးဖြစ်စဉ်က ရန်ကုန်၌ ခိုဝင်နေခဲ့သော တောင်သာဗိုလ်မှတဆင့် မင်းသားထံသို့ ပစ္စည်းများ၊ စာများလျှို့ဝှက်စွာ ပို့ခြင်းပင် ဖြစ်သည်။ လျှို့ဝှက်ချက်ကို အင်္ဂလိပ်အစိုးရက တွေ့ရှိကာ ညောင်ရမ်းမင်းသားကိုရင်း၊ ဦးကောင်းကိုရင်း တဖက်လှည့်ဖြင့် ပြန်၍ဆက်သွယ်လေသည်။ ညောင်ရမ်းမင်းသားသည် ကာလကတ္တား၌ ၁၈၈၅ ခု နှစ်ဦးကပင် ကွယ်လွန်ခဲ့လေသည်။ သို့သော် အင်္ဂလိပ်ကအကြံနှင့်ဖုံးဖိထားသည်။ ထိုနောက် အထက်မြန်မာနိုင်ငံသို့ ပရင်ဒါဂတ်၏ စစ်တပ်တက်သည့်အခါ အင်္ဂလိပ်က ညောင်ရမ်းမင်းသားကို နန်းတင်မယောင်ယောင်၊ ညောင်ရမ်းမင်းသားသည် အင်္ဂလိပ်တပ်နှင့်တပါတည်း ပါလာသယောင်ယောင် သတင်းလွှင့်ခဲ့သည်။ ထိုသတင်းကို ယုံကြည်၍ ဦးကောင်းက မြင်းခြံအထက် အင်္ဂလိပ်တပ်ရောက်သည့်အခါ မြန်မာရဲမက်စစ်သည်တို့က ဆက်လက်မခုခံကြရန် ကြေးနန်းအမိန့် ထုတ်စေလေသည်ဟူ၏ ။

ညောင်ရမ်းမင်းသားနှင့်ဦးကောင်းဆက်သွယ်သည်ဟူသော အထက်ပါ အတွင်းစကားမှန် မမှန်ကိုကား ဧကန်မုချ မဆိုသာ။ အမြော်အမြင်ရှိသော မင်းနှင့်ခေတ်မီသော အုပ်ချုပ်ရေးကို ဦးကောင်းလိုလားသည်မှာ အမှန်ဖြစ်လေသည်။ ဦးကောင်းသာ မဟုတ် ရေနံချောင်းဝန်ကြီးဦးစို၊ မကွေးဝန်ကြီးဦးဖိုးလှိုင် စသည့်မှူးမတ်များကလည်း ဦးကောင်းနှင့်အတူ စိတ်တညီတည်းဖြစ်လေသည်။ မင်းကောင်းအုပ်ချုပ်ရေးကောင်း ရပါပြီ၊ အင်္ဂလိပ်တို့၏ အန္တရာယ်ကို ကာကွယ်နိုင်မည်လားဟု မေးစရာရှိပါ၏ ။ အင်္ဂလိပ်တို့ကလည်း စီးပွားရေးအရ၊ ထိုနောက် နိုင်ငံရေးအရမြန်မာနိုင်ငံကို လွှမ်းမိုးရန် ပြင်ဆင်နေခဲ့သည်မှာ အနည်းဆုံး မင်းတုန်းမင်းခေတ်ကတည်းကပင်ဖြစ်သည်။ ထိုကြောင့် အဖြေရခက်သည့်ကိစ္စတရပ်ဟု ဆိုရလိမ့်မည်။ သို့သော် အင်္ဂလိပ်တို့လွှမ်းမိုးမည့်အရေးတွင် သူတို့အတွက် အချက်မပေါ်ရအောင်မူ ဦးကောင်းတို့လူစုက အားထုတ်ခဲ့သည်ဖြစ်လေသည်။ ယခုသော် မြန်မြန်အချက်ပေါ်၍ အင်္ဂလိပ်အစိုးရလည်း တနိုင်ငံလုံးကို သိမ်းပိုက်ခဲ့လေပြီ။

အင်္ဂလိပ်အစိုးရသည် အုပ်ချုပ်ရေးစံနစ်ချလေသည်။ နိုင်ငံငြိမ်ဝပ်ပိပြားရေးကို ဦးစီးလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုကိစ္စများကို ဆောင်ရွက်ရေးအတွက် ဂုဏ်ဒြပ်ရှိသော ဦးကောင်းနှင့်ပုဂ္ဂိုလ်အချို့၏ အကူအညီကို တောင်းခံလေသည်။ ဦးကောင်းတွင် ငြင်းပယ်နိုင်အား မရှိတော့။ ထိုကြောင့် သူသည် တောင်ခွင်ဝန်ကြီးဟောင်းဦးသိုင်း၊ တိုင်တားဝန်ကြီးဟောင်းဦးဖိုးတို့ပါဝင်၍ နိုင်ငံရေးအရာရှိဖြစ်သူ ဗိုလ်မှူးကြီးစလေဒင် (E.B.Sladen) ဥက္ကဋ္ဌလုပ်နေသော လွှတ်တော်ဟောင်းတွင် ဝိုင်းဝန်းကူညီခဲ့လေသည်။ ၁၈၈၆ ခုနှစ်အတွင်း ဝန်းသိုစော်ဘွားဦးအောင်မြတ်က အစိုးရအပေါ် ပုန်ကန်သည်တွင် အင်္ဂလိပ်များ ကိုယ်စားပြု၍ ဦးအောင်မြတ်နှင့်စကားကမ်းလှမ်းခဲ့လေသည်။ ၁၈၉၅ –ခုနှစ်တွင် တရားဌာနချုပ်မင်းကြီး ဘားဂျက် (G.D.Burgess) ၏ မေတ္တာရပ်ခံချက်အရ ၃၆ စောင်တွဲ အမွေမှုခန်း ဓမ္မသတ်ကြီးနှင့် ၃၄ စောင်တွဲ အိမ်မှုခန်း ဓမ္မသတ်ကြီးနှစ်တွဲကို ပြုစုပေးခဲ့လေသည်။ ၁၈၉၇ ခုနှစ်တွင် ဒုဘုရင်ခံ၏ ဥပဒေပြုလွှတ်တော်၌ မင်းတိုင်ပင်အမတ်နေရာကို လက်ခံခဲ့လေသည်။

ဦးကောင်း၏ ကျေးဇူးကား အင်္ဂလိပ်အစိုးရအပေါ်တွင် ကြီးပါပေသည်။ သူ့လိုပုဂ္ဂိုလ်မျိုးက ပူးပေါင်းဆောင်ရွက်ပေးခြင်းကြောင်း အစိုးရအုပ်ချုပ်ရေးတွင် လွယ်ကူသည်။ မြန်မာအများကို အင်္ဂလိပ်တို့က သိမ်းသွင်းရာတွင် ချောမောသည်။

ထိုကြောင့် အစိုးရက သူ့ကို စီအက်အိုင် (C.S.I) ဆိုသည့် အိန္ဒိယတာရာဘွဲ့တံဆိပ်မျိုး ပေးအပ်ရုံမျှမက ၁၉၀၈ ခုနှစ်တွင် သူကွယ်လွန်သောအခါ၌လည်း ရှုံးပိတ်ပေး၍ အင်္ဂလိပ်စစ်ရဲမြင်းတပ် ခြံရံ၍ ဘင်ခရာတီး၍ သာကဝန်ကျောင်းတိုက်အရောက် မသာပို့စေပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com 

## ကင်းဝန်

ကုသ၊ ၁၉၅၂၊ "သာကဝန်ကျောင်းတိုက်"ရှမဝ၊ အတွဲ ၆၊ အမှတ် ၆၄၊ မျက် ၁၅ မှ ၁၉ အထိ၊ မျက် ၂၀၁ မှ ၂၀၂ ထိ။

ကောင်း၊ ဦး၊ ၁၉၆၈ ခု၊ နာနာနယ သင်္ခေပကဗျာဗန္ဓကျမ်း၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ကောင်း၊ ဦး၊ ၁၉၆၀ ခု၊ နေမိရကန်၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ကောင်း၊ ဦး၊ ၁၉၃၆ ခု၊ ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်စာတမ်း၊ ၂တွဲ၊ အစိုးရပုံနှိပ်တိုက်။

ကောင်း၊ ဦး၊ ၁၉၅၃–၅၄ ခု၊ လန်ဒန်မြို့သွား နေ့စဉ်မှတ်စာတမ်း၊ ၂တွဲ၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်။

ကောင်း၊ ဦး၊ ၁၉၄၀ ခု၊ အဋ္ဌသင်္ခေပ ဓမ္မသတ်လင်္ကာ၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

တင်၊ ဦး၊ ၁၉၁၇ ခု၊ ပသင်္ဂဝိသောဓနီသတ်ညွှန်း၊ မန္တလေးတိုင်း၊ သတင်းစာပုံနှိပ်တိုက်။

တင်၊ ဦး၊ ၁၉၃၂ ခု၊ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ ဒုတိယတွဲနှင့်တတိယတွဲ၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်။

ဖိုးကျား၊ ဦး၊ ၁၂၉၇ ခု၊ သီပေါမင်း ပါတော်မူအရေးတော်ပုံ၊ ရန်ကုန်၊ မြန်မာ့ဂုဏ်ရည်စာပုံနှိပ်တိုက်။

ဖိုးလှိုင်၊ ဦး၊ ၁၉၆၀ ခု၊ ရာဇဓမ္မသင်္ဂဟကျမ်း၊ ရန်ကုန်၊ ထိန်ဝင်းစာပေဖြန့်ချိရေး။

မင်းကျော်ရာဇာ၊ ၁၉၆၂ ခု၊ "ဝန်ကြီး မှူးကြီးများအကြောင်း"၊ မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ်၊ အတွဲ ၄၅၊ အပိုင်း ၂၊ မျက် ၁၃၇ မှ ၁၆၂ ထိ။

မောင်မောင်တင်၊ ဦး၊ ၁၉၃၆ ခု၊ ကင်းဝန်မင်းကြီးသမိုင်း၊ ရန်ကုန်၊ မြန်မာနိုင်ငံသုတေသနအသင်း။

မောင်မောင်တင်၊ ဦး၊ ၁၃၃၀ ခု၊ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။

မောင်မောင်တင်၊ ဦး၊ ၁၉၆၈ ခု၊ "တိုင်တားမင်းကြီးဦးဖိုး"၊ အမှတ်တရပုဂ္ဂိုလ်များ၊ ရန်ကုန်၊ ဝိဇယစာအုပ်တိုက်၊ မျက် ၁၁၆ မှ ၁၃၀ ထိ။

မြကေတု၊ ၁၉၅၆ ခု၊ "ကင်းဝန်မင်းကြီး၏အလှူတော်" စာပေဗိမာန်မဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၅၊ မျက် ၂၈ မှ ၃၂ ထိ။

လှ၊ ဦး၊ စုဆောင်းသူ၊ ၁၉၆၃ ခု၊ သတင်းစာများသည် သမိုင်းကို ပြောနေကြသည်၊ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်။

လွှတ်တော် ပုရပိုက်အမှတ်အသား အတိုကောက်မှတ်ပုံ၊ ၁၉၀၉၊ ဒုတိယတွဲ၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်။



www.burmeseclassic.com

www.burmeseclassic.com

သိန်း၊ မော်ပီဆရာ၊ ၁၉၆၅ ခု၊ မြန်မာဇာတ်ပွဲသဘင်နှင့်မြန်မာပြဇာတ် စာအုပ်များ၊ ရန်ကုန်၊ နှလုံးလှစာပေတိုက်။

သိပ္ပံမောင်ဝ၊ ၁၉၅၅ ခု၊ "နန်းတွင်းရေးများ ၁ နှင့် ၂"ခေတ်စမ်းရာဇဝင်ရေးများ၊ ရန်ကုန်၊ ကြေးမုံစာပေဖြန့်ချိရေး။

Correspondence relating to Burmah since the accession of "King Thee -baw in October." 1878. c 4614. 1886. Presented to both Houses of Parliament by command of Her Majesty. Printed by Eyre & Spotiswood.

Fielding, H. 1899. "Thibaw's queen." London, Harper & brothers.

Fytche, A.1878. "Burma Past & present. 2 vols London, Kegan Paul & Co.

Geary, G, 1886 "Burma after the Conquest." London, Sampson Low, Marston, Searle & Revington.

Langham, Carter, R.R. 1935. "The Kinwun Mingyi at home" "Journal of the Burma Research Society." Vol.XXV, part III, pp.121-128.

Mc Mahon, A.R.1893. "Far Cathay & Father India." London, Hurst & Blackett.

Marks, J.E, 1917. "Forty Years in Burma." London, Hutchinson & Co.

Scott, J.G.1963. "The Burma his life & Notions." N.Y.Norton & Co.

Scott, J.G. 1990. "Gazetteer of Upper Burma and the Shan States." Part I, Vo Rangoon, Supdt, Govt Printing, Burma.

Singhal, D.P. 1960. "The annexation of Upper Burma." Singapore, Eastern University press.

Taw Sein Ko. 1913. "Burmese Sketches." Rangoon. British Burma press.



www.burmeseclassic.com

ကျန်စစ်သား



www.burmeseclassic.com

www.burmeseclassic.com

## ကျန်စစ်သား

၁၉၅၇–ခုနှစ်တွင် ရှေးဟောင်းသုတေသနဌာနသည် အုတ်ခွက်တခုကို ထားဝယ်မြို့၌ တွေ့ရှိခဲ့လေသည်။ အုတ်ခွက်ကို တွေ့ရှိရသည်မှာ အရေးကြီးသည်ဟု ဆိုရမည်။ အဘယ့်ကြောင့် ဆိုသော် အုတ်ခွက်ဆိုသည်မှာ သရေခေတ္တရာပုဂံခေတ်များက ပေါ် ပေါက်ရှိရှိသည့်အပြင် အုတ်ခွက်၏ မျက်နှာဘက်တွင် ခေတ်ကာလပြ ရုပ်ပွားဆင်းတုပုံနှင့်ကျောဘက်တွင် အလှူ့ရှင်၏ စာတန်း ပါတတ်သောကြောင့် ဖြစ်လေသည်။ ယခုတွေ့ရသော အုတ်ခွက်မှာလည်း ထုံးစံအတိုင်း ရုပ်ပွား ဆင်းတုပါလေသည်။ အခြားတဖက်တွင်မူ ဆင်းတုကို ထားဝယ်မြို့၏ အကြီးအချုပ်ဖြစ်သူ သံဗျင်ယိခီက ပြုလုပ်ပါသည်၊ ထိုကောင်းမှုကြောင့် မိမိ၏ သခင် ကျန်စစ်သား(မင်းကြီး)သည် ဘုရားအဖြစ်သို့ရောက်ခဲ့သော် မိမိသည်လည်း အရှင်သခင်ထံ၌ တပည့်ရဟန်းတာ ဖြစ်လိုပါသည်ဟူ၍ (မွန်ဘာသာဖြင့်)ဆုတောင်းစာ ပါလေသည်။ ဤအတိုင်းဆိုလျှင် သံဗျင်ယိခီသည် ကျန်စစ်သားအပေါ် သစ္စာရှိပုံလည်း ရသည်၊ ကြည်ညိုပုံလည်း ရသည်။ ကျန်စစ်သားသည် ဘယ်လိုပုဂ္ဂိုလ်မျိုးပေနည်း။

ကျန်စစ်သား၏ မျိုးရိုးဇာတိကိုကား အမှန်ကေ မပြောနိုင်။ ထိုအကြောင်းနှင့်စပ်၍ ရာဇဝင်သုတေသီများ အငြင်းပွားကြဆဲပင်ဖြစ်သည်။ ကျန်စစ်သားသည် အနော်ရထာမင်း၏ သားဖြစ်သည်။ သို့သော် မင်းမျက်သင့်၍ ပုဂံတွင်မမွေးဖွားဘဲ စစ်ကိုင်းဘက်ရှိ ပရိမ္မရွာတွင် မွေးဖွားရသည်ဟု အချို့က ဆိုကြသည်။ အချို့ကမူကား ခေတ်ပြိုင် ကျောက်စာ၌ ကျန်စစ်သား၏ အဖအဖြစ်ဖြင့် အနော်ရထာ၏ အမည်ကို မတွေ့ရဟုဆိုကြပြန်သည်။ မည်သို့ပင်ဖြစ်စေ ကျန်စစ်သားသည် အနော်ရထာ၊ ထိုနောက် စောလူးတို့လက်ထက်တွင် အမှုထမ်းခဲ့သည်ကို နှစ်ဦးနှစ်ဖက်က လက်ခံသကဲ့သို့ ရှိလေသည်။

တဖန် ထိုလက်ထက်များအတွင်း၌ ကျန်စစ်သား ကြုံခဲ့သည်တို့မှာ ဆန်းကျယ်လှ၍ ဒဏ္ဍာရီဆန်ဆန်ရှိနေပြန်သည်။ သာဓကတခုကို ထုတ်ပြရလျှင် တရံတခါက ကျန်စစ်သားသည် မင်းအမျက်သင့်၍ ပုဂံတွင် ဆင်းရဲနွမ်းပါးနေသည်။ မိမိစီးသည့်မြင်းကိုပင် ကိုယ်တိုင်ကျောင်းရသည်။ မယားဖြစ်သူ အပယ်ရတနာမှာလည်း မိမိလင် မြင်းကျောင်းရာသို့ ထမင်း လာပို့ရတတ်သည်ဖြစ်လေသည်။ တနေ့၌ ကျန်စစ်သားသည် မြင်းကပါ တောင်ဘက်တွင် မြင်းကျောင်းရင်း မောရ်ခြုံပုတ်တခုအနီးတွင် အိပ်နေ၏။ ထိုစဉ် အပယ်ရတနာသည် ထမင်းပို့ရန်အလာ ကျန်စစ်သား ကိုယ်ပေါ် သို့ နဂါးတကောင်သည် ပါးပျဉ်းဖြင့် မိုးလျက်ရှိသည်ကို မြင်တွေ့ရ၍ အထိတ်တလန့်နှင့်နောက်သို့ဆုတ်လေသည်။ နဂါးလည်း ကျန်စစ်သား၏ ကိုယ်မှ ဖယ်ခွာလေသည်။ ကျန်စစ်သားသည် အိပ်ယာမှနိုး၍ မယား၏ အမူအရာကို မြင်သော် အကျိုးအကြောင်းကို မေးလေသည်။ အ


www.burmeseclassic.com

ကျိုးအကြောင်းကို သိရလေသော် မိမိသည် ဘုန်းတန်ခိုးပညာဖြင့် ပြည့်စုံသော မင်းဖြစ်မည်ဟူ၍လည်း နိမိတ်ဖတ်လေသည်။ နောင်အခါ ထိုအရပ်၌ အပယ်ရတနာမိဖုရားနှင့်အတူ နဂါးရုံနှင့်အပယ်ရတနာဂူဘုရားများကိုလည်း တည်လေသည်။

ထိုနိမိတ်သည် ယခုခေတ်အမြင်တွင် ယုတ္တိမတန် ဖြစ်ချေသည်။ အမှန်စင်စစ် အတိတ်နိမိတ်ပြခြင်းသည် အရေးအရာမဟုတ်။ ကျန်စစ်သား လုပ်ဆောင်ခဲ့သော အမှုကိစ္စတို့ကသာလျှင် ကျန်စစ်သား ဘုန်းပညာဖြင့် ပြည့်စုံသည် ကြီးကျယ်သည်ဟူသော အဖြစ်ကို သက်သေထူရမည်ဖြစ်လေသည်။ သက်သေထူစရာလည်း ရှိခဲ့လေသည်။ ၁၀၈၄–ခုနှစ်တွင် ကျန်စစ်သားသည် မင်းဖြစ်လေသည်။ မင်းဖြစ်ပြီးနောက် သူဓိဋ္ဌာန်ခဲ့သည်မှာ

×××ချစ်သူနှင့်ကွဲကွာ၍ မျက်ရေရှိသောသူတို့ကို ×××မေတ္တာစိတ်တည်းဟူသောလက်ဖြင့် သုတ်ပစ်လတ္တံ့။ စိတ်နှလုံးမသာသူ၏ အညစ်အကြေးတည်းဟူသော နှပ်ကို ×××သနားခြင်းတည်းဟူသော ရေဖြင့် ဆေးကြောလတ္တံ့။ ×××လက်ျာလက်ဖြင့် ထမင်းမုန့်ကို လူအပေါင်းတို့အားပေးလတ္တံ့။ လက်ဝဲလက်ဖြင့် အဝတ်ပုဆိုးပစ္စည်းတို့ကို ပေးလတ္တံ့။ ခပ်သိမ်းသော လူအပေါင်းတို့ကိုလည်း အမိ၏ ရင်ဝယ်သားကဲ့သို့×××စောင့်ရှောက်လတ္တံ့×××ဟူ၍ဖြစ်လေသည်။

ကျန်စစ်သား ဤသို့အဓိဋ္ဌာန်ပြုခဲ့သည်မှာ အကြောင်းရှိလေသည်။ ထိုအကြောင်းမှာ အခြားမဟုတ်။ မြစ်ဝကျွန်းပေါ် ဒေသ၊ သထုံ၊ မုတ္တမဒေသများသည် မွန်အများအပြားနေထိုင်ခဲ့ရာ ဒေသများပင်ဖြစ်လေသည်။ ထိုဒေသများသည် အနော်ရထာလက်ထက်တွင် ပုဂံပိုင်နက်အဖြစ်သိမ်းသွင်းခံခဲ့ရလေသည်။ ပန်းပု ပန်းပွတ် ပန်းချီ ပုရန်များ ဆင်တတ်သသူ၊ မြင်းတတ်သသူ၊ အကြော်အလျော် အပေါင်းအကျစ် တတ်သသူများ စသည်ဖြင့် မွန်အများအပြားလည်း အနော်ရထာနှင့်အတူ အထက်အညာသို့ လိုက်ပါလျက် ပုဂံကျောက်ဆည်တဝိုက်တွင် နေရာချထားခံခဲ့ရလေသည်။ ထိုနောက် အနော်ရထာလွန်၍ စောလူးနန်းတက်လေသောအခါ မြစ်ဝကျွန်းပေါ်ဘက်မှ မွန်တို့ဆူပူလှုပ်ရှားခဲ့လေသည်။ ထိုလှုပ်ရှားမှုသည် မြင်းကပါဘက်အထိ ပြန့်နှံ့ကြီးထွားလာပြီးလျှင် စောလူးကိုလည်း ဖမ်းဆီးသတ်ဖြတ်ခဲ့သည့်အခြေသို့ ရောက်လေသည်။ ထိုဘေးအန္တရာယ်ကို ကျန်စစ်သားပင်လျှင် ချေဖျက်ခဲ့ရကာ မျိုးမတ်တို့၏ သဘောတူညီချက်ဖြင့် ထီးနန်းကို ယူခဲ့လေသည်။ သို့သော် ထီးနန်းယူရုံမျှဖြင့် သူ့အဖို့ အရေးကိစ္စမပြီးပြေသေး။ သူ့စိတ်တွင် ကုက္ကုစ္စဖြစ်နေသော အရာများရှိနေလေသည်။ ထိုအရာများမှာ မွန်အရေးအခင်းအတွင်း၌ လူအများ သားကွဲ မယားကွဲဖြစ်ကြရခြင်း၊ လူမျိုးအချင်းချင်း စိတ်ဝမ်းကွဲပြားရခြင်း၊ ကိုင်းလုပ်ငန်း၊ ဥယျာဉ်လုပ်ငန်း၊ ယာလုပ်ငန်းများ ပျက်စီးရခြင်း စသည်တို့ပင် ဖြစ်လေသည်။ ထိုအနိဋ္ဌာရုံများကို ပပျောက်အောင် စီမံလိုသောစေတနာသည် သူ့တွင်ရှိလေသည်။ လူအများ အူမ,တောင့်၍ သီလစောင့်နိုင်စေလိုသော အာသီသသည် သူ့တွင် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် သူသည် ရာထူးရေးရာတွင် မွန်–မြန်မာ ဟူ၍ မခွဲခြားဘဲ အရည်အချင်းအလျောက် ခန့်အပ်ခဲ့လေသည်ဖြစ်သည်။ ပုဂံ၏ အာဏာစက် ဝေးသော ထားဝယ်လိုနေရာမျိုး၌ပင် မွန်လူမျိုးကို ခန့်အပ်ယုံမှတ်ခဲ့လေသည်ဖြစ်သည်။ (အနု)သုခုမအရာတွင်လည်း မြန်မာအဆိုအကနည်းတူ မွန်အဆိုအက၊ ပျူအဆိုအက စသည်ဖြင့် အခြားတိုင်းရင်းသား အဆိုအကများကို အားပေးအားမြှောက်လုပ်ခဲ့သည်။ လယ်ယာကိုင်းကျွန်း စီမံရာတွင်မူကား သူသည် အနော်ရထာလက်ထက်က ရှိခဲ့သော လုပ်ငန်းကို ဆက်လက်ပြုစုပါ၏ ။ ပုဂံကဲ့သို့မိုးနည်းသော နေရာများတွင် တောင်ကျရေကို ဆည်၍ ရေမြောင်းသွယ်ပြီးလျှင် လယ်ထဲယာထဲသို့ ရေသွင်းစေရသည်၊ ကန်တူးစေရသည်။ အထူးသဖြင့် အလံပုဂံဖက်၌၎င်း၊ တူးရွှင်းတောင်ခြေဖက်၌၎င်း ရေကန်တကန်စီ တူးစေခဲ့သေးသည်။ ထိုတူးရွှင်းတောင်ခြေရှိ ကန်အနီး၌ပင် ရှင်လူအများလေ့လာနိုင်ရလေအောင် ပိဋကတ်တိုက်တတိုက်ကိုလည်း လှူဒါန်းဆောက်လုပ်ပေးခဲ့ပြန်သည်။

ပိဋကတ်တိုက် ဆောက်လုပ်လှူဒါန်းခဲ့သည်မှာ ကောင်းပါ၏ ။ သို့သော် ပိဋကတ်စာပေဟူသည် ရဟန်းများ၊ လူစာတတ်များအတွက်သာ အထောက်အပံ့ ပြုနိုင်လေသည်ဖြစ်သည်။ ရှင်လူမရွေး၊ စာတတ်သူ စာမတတ်သူ မရွေး၊ ကုသိုလ်ပွားများရန် သာသနိကအဆောက်အအုံများကို ပြုစုရေးအတွက် လိုပေသေးသည်။ လိုသေးသည့်အတိုင်း သူမွမ်းမံ၍ အသစ်ပြုပြင်ခဲ့သော ဘုရားများမှာ ဗုဒ္ဓဂယာရှိ မဟာဗောဓိဘုရားနှင့်သထုံဘက်ရှိ ကျိုက်တလန်းဘုရားစသည်ဖြင့် ဖြစ်လေသည်။ သူ တည်ခဲ့သော ဘုရားများမှာ ရွှေစည်းခုံ၊ နဂါးရုံ၊ အပယ်ရတနာ၊ အာနန္ဒာစသည်ဖြင့် ဖြစ်လေသည်။

ဤအထဲမှ အာနန္ဒာဘုရားအကြောင်းကို အနည်းငယ် ရေးရလိမ့်ဦးမည်။ အာနန္ဒာဘုရားသည် ယခုခေတ်အခါတွင် အလွန်နာမည်ကျော်ကြား၏ ။ ကျော်လည်း ကျော်ကြားထိုက်ပေသည်။ ထိုဘုရားသည် ပုဂံရှိ သရပါတံခါးအနီးတွင် ရှိသည်။ ယခုခေတ် ဘုရားဖူးပင်ဖြစ်စေ၊ ရှေးခေတ်ဘုရားဖူးပင်ဖြစ်စေ ထိုတံခါးမှ မျှော်ကြည့်လိုက်လျှင် ထုံးဖြူဖွေးဖွေးနှင့် အထက်သို့မားမားစွင့်စွင့်ကြီး ပျံတက်နေသည့်ပုံသဏ္ဌာန်ကို မြင်တွေ့ရလိမ့်မည်။ မဟာရံတံတိုင်းအတွင်း လေးထောင့်ကုလားကျောင်းခံ၍ အချိုးပြေပြစ်စွာ မိုးလျှောနှင့်ပစ္စယာဆင့်၍ ကွမ်းထောင်တက်၍ စေတီပေါက်နေသည်ကို မြင်တွေ့ရလိမ့်မည်။ ဘုရားအတွင်းအပြင်၌လည်း ဘုရားဖူး၏ အာရုံကို ဆွဲငင်စရာအကွက်အကွင်း များလှသည်။ အပြင်အုတ်ခုံပတ်လည်တွင် ဘုရားရှင်ကို မာရ်နတ်က စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့်တိုက်ဟန်ပြ စဉ့်ကွင်းအများ ရှိလေသည်။ ထိုစဉ့်ကွင်းများသည် ဗုဒ္ဓဝင်ဆိုင်ရာ ပဏ္ဏာမပြကွက်ပြကွင်းများပင် ဖြစ်လေသည်။

ထိုမှတဖန် ဘုရားဖူးသည် မုခ်ဝအတွင်းသို့ ဝင်ခဲ့ပြီဆိုပါစို့၊ အာရုံခံမှုသည် အတွင်းဂန္ဓ



www.burmeseclassic.com

တိုက်အထိ လမ်းသည် အနည်းငယ်မှောင်သလို ထင်ရလေသည်။ ဂန္ဓကုဋိတိုက် နံရံလေးဘက်တွင် ကား အတောင်တဆယ့်ရှစ်တောင်ရှိ မတ်ရပ်ရုပ်ပွားတော်ကြီးများ ရှိလေသည်။ ထိုအခါ ဘုရား ဖူးသည် အတွင်းသို့ချဉ်းကပ်မိသည်နှင့်တပြိုင်နက် ရုပ်ပွားတော်ကြီးများ၏ မျက်နှာတော်အား အထက်မိုးလျှော့ရှိ အပေါက်မှတဆင့် အလင်းရောင်လာရိုက်နေသည်ကို တအံ့တသြ မြင်တွေ့ရ လိမ့်မည်။ ဤသည် အမှောင်ဖက်မှ ဖြတ်သန်းလာခဲ့သော ဘုရားဖူးအဖို့ ဘုရားရှင်၏ မျက်နှာတော် ကို အလင်းရောင်တွင် မြင်လိုက်ရသည်နှင့် သဒ္ဓါကြည်ညိုစိတ် ပွားများလာလေအောင် ကြံဆောင် စေခဲ့သောလက္ခဏာပင်တည်း။ တဖန် ဂန္ဓကုဋိတိုက်ပတ်လည်တွင် စင်္ကြံနှစ်ထပ် ရှိပြန်လေသည်။ အပြင်စင်္ကြံကိုပတ်၍ ကြည့်လျှင် မယ်တော်မာယာကို ဒေဝဒဟပြည်သို့ ခေါ် ဆောင်ခန်း၊ မယ်တော် မာယာသည် ဘုရားလောင်းကို ဖွားမြင်ခန်းစသော ပန်းတမော့ ရုပ်ကြွ ရှစ်ဆယ်ခန့်ကို လှိုဏ်က လေးကိုယ်စီဖြင့် မြင်တွေ့ရလိမ့်မည်။ စင်္ကြံကိုပတ်လျှောက်ရင်း အနောက်ဘက်က ဂန္ဓကုဋိတိုက် အတွင်းသို့ ငုံ့စောင်းကြည့်ပါလေဦး။ ထိုနေရာရှိ ရုပ်ပွားတော်ကြီး၏ တဖက်တချက်တွင် ပုဆစ် ဒူးတုပ်၍ ဘုရားကန်တော့နေသော ရဟန်းရုပ်တုနှင့်မင်းရုပ်တုကြီးကြီးနှစ်ခုကို မြင်ရလိမ့်ဦးမည်။ မင်းရုပ်တုသည် ကျန်စစ်သားဟူ၍ရှင်း၊ ရဟန်းရုပ်တုသည် မင်းဆရာ အရဟံမထေရ်ဟူ၍ရှင်း နှောင်းလူများက ဆိုကြလေသည်။

ကျန်စစ်သားမှာ ကိုယ်တိုင်က သဒ္ဓါကြည်ညိုမှုတွင် လွန်ကဲသော ဘုရားဆုပန် မင်းယော ကျ်ားလည်းဖြစ်သည်။ ရှင်လူအများကို သူ့လိုကြည်ညိုစေလိုသော ဆန္ဒလည်း များလေသည်။ ထို ဆန္ဒကြောင့်လည်း အာနန္ဒာကဲ့သို့သော ဂူဘုရားပိသုကာမျိုးတွင် မျက်စိပသာဒဖြစ်စေရုံမျှမက၊ ရုပ်ကြွတို့ဖြင့် မွမ်းမံစေခဲ့လေသည်ဖြစ်သည်။ ဤတွင် ပုဂံပြည်ရှိ ဘာသာအယူဝါဒများနှင့်ကျန်စစ် သား၏ အမြင်ကို ဖော်ပြရန် လိုပေသေးသည်။ ပုဂံပြည်တွင် မွန်၊ ပျူ၊ သက်၊ ကတူး၊ မြန်မာစသော တိုင်းရင်းသားများ၊ ကုလားတိုင်းခြားသားများဟူ၍ လူမျိုးစုံရှိနေခဲ့သည်။ ဘာသာအယူဝါဒ အား ဖြင့်လည်း ထေရဝါဒဗုဒ္ဓဘာသာ၊ မဟာယာနဗုဒ္ဓဘာသာ၊ ဗိဿနိုးနှင့်သိဝကို ကိုးကွယ်သောဟိန္ဒူ ဘာသာ၊ နတ်နဂါးကို ကိုးကွယ်သောရိုးရာဘာသာစသည်ဖြင့် စုံစုံရှိလေသည်။ အယူဝါဒစုံနေသည် မှာလည်း ပုဂံပြည်သည် အိန္ဒိယဘက်ရှိ ဘီဟာနယ်၊ အာသံနယ်နှင့်တရုပ်ဘက်ရှိ နန်ချောင်နယ်တို့ ကုန်ကူးရာလမ်းကျနေလေ၍တကြောင်း၊ ပုဂံမထွန်းကားမီ အိန္ဒိယအရှေ့တောင်ကမ်းခြေမှ ဘာ သာအယူဝါဒ အမျိုးမျိုးကို လက်ခံကျင့်သုံးခဲ့သောပျူနှင့်မွန်တို့ထံမှ အမွေရလေ၍ တကြောင်း ကြောင့် ဖြစ်လေသည်။

ထိုကြောင့် ဗုဒ္ဓဝါဒီများအထဲတွင် သထုံ၏ သာသနာရေးကို ဆောင်ရွက်ခဲ့သည်ဟုကျော် စောသူ ဂဝံပတိရဟန္တာမထေရ်ကို အထူးဆည်းကပ်ကြသော မွန်အများလည်းရှိသည်။ ရမက်ကျူး အဖြစ်မှ လွတ်လို၍ ကုသိုလ်ကောင်းမှုပြုကြသူများလည်း ရှိသည်။ ဘုရားဆုပန်သူများလည်း ရှိ

www.burmeseclassic.com

www.burmeseclassic.com

သည်။ လောကသားများအပေါ် ကရုဏာဖြင့်စောင့်ရှောက်သော အဝလောကိ တေသရဘုရားလောင်းကို ကိုးကွယ်သူများလည်း ရှိသည်။ တဖန် ဂဋ္ဌုန်ငှက်ယာဉ်ကို စီး၍ လက်တွင် ခရုသင်း စသည့်ပစ္စည်းတို့ကို ကိုင်ဆောင်သော ဗိဿနိုးနတ်မင်းနှင့်ကြင်ယာဖြစ်သူ သီရိနတ်သမီးတို့သည် လောကကို စောင့်ရှောက်သာယာစေသည်ဟု လူအချို့က ယုံကြည်ကြသည်။ နွားလားဥသဘကို စီး၍ လက်တွင် ခက်ရင်းသုံးခွစသည့်ပစ္စည်းတို့ကို ကိုင်ဆောင်သော သိဝနတ်မင်းနှင့်ကြင်ယာဖြစ်သူ ကာလီနတ်သမီးတို့သည် လောက၏ကောင်းကျိုးရော၊ ဆိုးကျိုးပါ ထိထိရောက်ရောက် ဖန်တီးတတ်သည်ဟု လူအချို့လည်း ယုံကြည်ကြပြန်သည်။ နတ်နဂါးကို အားကိုးသူများမှာကား နတ်နဂါးက ဉစ္စာစည်းစိမ်ရတနာကို ပေးနိုင်စွမ်းရှိသည်ဟု ယုံကြည်ကြလေသည်ဖြစ်သည်။ ဤသို့ဖြင့် ကိုယ်ယုံကြည်ရာကို ရုပ်တုပြုလုပ်၍ရင်း၊ ဆေးရေး၍ရင်း ကိုးကွယ်ခဲ့ကြလေသည်။

ဗုဒ္ဓဘုရားအပေါ်၌ ကျန်စစ်သား၏သဒ္ဓါကြည်ညိုမှုကား ဆိုဘွယ်ရာမရှိပြီ။ သို့သော် ဂိုဏ်းကွဲ၊ ဘာသာကွဲများနှင့်ပေါင်းစည်း ရောနှောတတ်သော သဘောသည် သူ့တွင် ရှိလေသည်။ ဂိုဏ်းကွဲ၊ ဘာသာကွဲများအပေါ် သြဇာညောင်းလိုသော စိတ်သည်လည်း သူ့တွင်ရှိလေသည်။ ထိုကြောင့် မိမိသည် ဘုရားဗျာဒိတ်ရ ပုဂ္ဂိုလ်ဖြစ်ပါသည်၊ ဗျာဒိတ်ရခဲ့သည့်အတိုင်း ဗိဿနိုးရသေ့ဘဝ၌ရှိစဉ် ဂဝံပတိရဟန္တာမထေရ်၊ သိကြားမင်း၊ နဂါးမင်းစသူများနှင့်အတူ သရေခေတ္တရာပြည်ကို တည်ခဲ့ပါသည်၊ မျက်မှောက်ခေတ်တွင်မူ ပုဂံပြည်ကို ထူထောင်၍ တရားမင်းအဖြစ် သာသနာကို စောင့်ရှောက်ရမည်ဖြစ်ပါသည်ဟူ၍ သူက လူသိရှင်ကြား ကြေငြာခဲ့လေသည်။ ထိုကြေငြာချက်၏ ပြယုဂ်တခုမှာ အပယ်ရတနာမိဘုရားနှင့်သူတည်ခဲ့သော အပယ်ရတနာဘုရားနံရံပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာ၊ မဟာယာနဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာဆိုင်ရာ ဆေးရေးရုပ်များကိုရောနှော၍ ယနေ့တိုင် တွေ့မြင်နိုင်ခြင်းပင် ဖြစ်လေသည်။ အခြားပြယုဂ်တခုမှာ ၁၁၀၁ ခုနှစ်တွင် သူ့အတွက် နန်းတော်သစ် တည်ဆောက်သော အခမ်းအနားပင်ဖြစ်လေသည်။ ထိုအခမ်းအနားတွင် အရဟံမထေရ် အမှူးပြု၍ သံဃာများက ပရိတ်ရွတ်ဖတ်ရသည်လည်း ရှိသည်။ ဗြဟ္မဏပုဏ္ဏားများက အမှူးပြု၍ မြေပေါ်ဖျာခင်း၊ ငှက်ပျော၊ ကြံ၊ ပန်း၊ ဆီမီးချ၍ ဗိဿနိုးနတ်မင်းကို ပူဇော်ရသည်လည်းရှိသည်။ ရိုးရာနတ်နဂါးကို ပသ,ရသည်လည်း ရှိသည်။

ကျန်စစ်သား၏ နန်းသက်သည် နှစ်ဆယ့်ရှစ်နှစ်တိုင်တိုင် ကြာခဲ့လေသည်။ ထိုနန်းသက်တလျှောက်တွင် သူသည် တိုင်းသူပြည်သားတို့၏ စီးပွားရေး၊ လူမှုရေး၊ သာသနာရေးတို့ကို မျှတလျှောက်ပတ်စွာ ကြိုးပမ်းခဲ့သည်သာ ဖြစ်သည်။ အမှန်စင်စစ် သူ၏ မေတ္တာစေတနာသည် လူသတ္တဝါများအပေါ်တွင် မဆိုထားဘိ၊ ကျေးငှက်များအပေါ်၌ပင် စီးဝင်ပျံ့နှံ့ခဲ့သည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ကန်များ တူးခဲ့စဉ်က ကျေးငှက်အပေါင်း၏ ချမ်းသာရေးအတွက်လည်း ရည်ရွယ်ခဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင် မှတ်တမ်းအရ ဆိုရပြန်လျှင် သူသည် ငှက်ကလေးများ



www.burmeseclassic.com

ကို လက်ဖြင့်ပွတ်သပ်၍ တယုတယ လုပ်တတ်လေသည်ဖြစ်သည်။ ဤသို့သောမင်းကို တိုင်းသူပြည်သားတို့က ကြည်ညိုရိုကျိုးကြမည်မှာ ယုံမှားစရာ မရှိ။ အပယ်ရတနာကဲ့သို့ မိဖုရားနှင့်မှူးမတ်တို့ကလည်း ချစ်ခင်ကြင်နာကြမည်မှာ မုချဖြစ်သည်။ ရာဇကုမာရ်ကဲ့သို့ သားကလည်း လေးစားဂရုစိုက်ခဲ့မည်မှာ ဓမ္မတာပင်။ ၁၁၁၃ ခုနှစ်တွင် ကျန်စစ်သားသည် ဝေဒနာနှိပ်စက်၍ သေအံ့မူးမူးအခါ ရောက်နေလေသည်။ ထိုအခါ ရာဇကုမာရ်သည် ဘခင်၏ကျေးဇူးကို အောက်မေ့၍ ရွှေဆင်းတုကို ကျန်စစ်သား၏ရှေ့မှောက်သို့ ကိုယ်တိုင်ယူဆောင်သွားလေသည်။ ကျန်စစ်သား၏ရှေ့မှောက်၌ပင် မိမိအပေါ်၌(ဘခင်က)သဒ္ဓါခဲ့သော ကျွန်သုံးရွာနှင့်လက်ဝတ်တန်ဆာများကို ရွှေဆင်းတုအား ရေစက်ချ လှူဒါန်းခဲ့လေသည်။ ကျန်စစ်သားလည်း နှစ်သက်ဝမ်းမြောက်လှ၍ "ကောင်းစွ၊ ကောင်းစွ"ဟု သာဓုခေါ်ပြီးလျှင် မကြာမီ ကြမ္မာကုန်ခဲ့လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ကျန်စစ်သား

ကုလား၊ ဦး၊ ၁၉၆၀ ခု၊ မဟာရာဇဝင်ကြီး၊ ပထမအုပ်၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ချစ်သိန်း၊ ဦး၊ ဘာသာပြန်သူ၊ ၁၉၆၅ ခု၊ ရှေးဟောင်း မွန်ကျောက်စာပေါင်းချုပ်၊ ရန်ကုန်၊ ပြည်ထောင်စုယဉ်ကျေးမှုဌာန။

ဖေမောင်တင်၊ ဦး၊ ဘာသာပြန်သူ၊ ၁၉၅၇ ခု၊ ကျန်စစ်သားမင်းတရားကြီး၏ နန်းတော်မွန် ကျောက်စာ၊ ရန်ကုန်၊ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန။

ဖေမောင်တင်၊ ဦး၊ ဘာသာပြန်သူ၊ ၁၉၅၆ ခု၊ ရွှေစည်းခုံ မွန်ကျောက်စာ၊ ရန်ကုန်၊ ပြည်ထောင်စုဝန်ကြီးဌာန။

ဖေမောင်တင်၊ ဦး၊ ဘာသာပြန်သူ၊ ၁၉၅၅ ခု၊ မြစေတီမွန်ကျောက်စာ၊ ရန်ကုန်၊ ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန။

မြ၊ ဦး၊ ၁၉၆၁ ခု၊ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ ပထမတွဲ၊ ရန်ကုန်၊ မြန်မာနိုင်ငံတော်ရှေးဟောင်းသုတေသနဌာန။

မြ၊ ဦး၊ ၁၉၆၈ ခု၊ အပယ်ရတနာလိုဏ်ဂူဘုရား၊ ရန်ကုန်၊ ပြည်ထောင်စုယဉ်ကျေးမှုဌာန။

ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ ၁၉၅၈–၅၉ ခုနှစ်အတွက် နှစ်ချုပ်အစီရင်ခံစာ၊ ၁၉၆၁ ခု၊ ရန်ကုန်၊ အစိုးရပုံနှိပ်ရေးနှင့်စာရေးကိရိယာဌာန။

လူဖေဝင်း၊ ဦး၊ ဘာသာပြန်သူ၊ ၁၉၅၈ ခု၊ ကလျာဏီမွန်ကျောက်စာ၊ ရန်ကုန်၊ ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန။

သန်းထွန်း၊ ဦး၊ ၁၉၆၄ ခု၊ ခေတ်ဟောင်းမြန်မာရာဇဝင်၊ ရန်ကုန်၊ မဟာဒဂုံစာပေထုတ်ဝေရေး။

သိမ်းမောင်၊ ဦး၊ ၁၉၆၆ ခု၊ ပင်တိုင်စံနှင့်သူရဲကောင်း၊ ရန်ကုန်၊ ဇွဲစာပေရိပ်မြုံ။

Duroiselle, C, editor. 1968, Epigraphia Birmanica, Vol I. Part I. Rangoon, Goverment Printing & Stationery, Burma.

Luce, G.H. 1966. "The Carcer of Htilaing Min(Kyanzittha), the uniter of Burma, Fl, A.D. 1084-1113". Journal of the Royal Asiatic Society, part 1 & 2 pp. 53-68.

Luce, G.H. 1959. "Geography of Burma under the pagan Dynasty; Note on the peoples of Burma in the 12th 13the century A.D; Old Kyaukse and the coming of the Burmans; Supplementary note on Kyanzittha's possible connetion with Kyaukse". Journal of the Burma Research Society, Vol.XL II, part I, pp.32-

www.burmeseclassic.com

www.burmeseclassic.com 

112.
Luce, G.H.1953. "Mons of the Pagan Dynasty," Journal of the Burma Research Society, Vol. XXXVI. part I, pp.1-19.
Ray, N.R.1932. Brahmanical Gods in Burma, Calcutta University.
Ray, N.R.1936. Sanskrit Buddhism in Burma, Calcutta University.



www.burmeseclassic.com

www.burmeseclassic.com

ရှင်မင်းနု


www.burmeseclassic.com

# ရှင်မင်းနု

အဝမြို့ဟောင်းသည် မြန်မာရာဇဝင် သက်တမ်းတလျှောက်တွင် အလွန်ထင်ရှားခဲ့သော မင်းနေပြည်ဖြစ်လေသည်။ သို့သော် ယခုအခါ၌ကား မြို့ဟောင်းနေရာတွင် ရွာသိမ်ရွာငယ်မျှသာ ရှိနေပြီးလျှင် ရှေးဟောင်းပစ္စည်းဟူ၍ မျှော်စင်အို၊ မြို့ရိုးအို၊ ဘုရားအို၊ ကျောင်းအိုစသည်သာ တွေ့နိုင်တော့မည် ဖြစ်လေသည်။ ထိုပစ္စည်းတို့တွင် မဟာအောင်မြေဘုံစံ ကမ္ဘည်းတပ် အုတ်ကျောင်းသည် အပါအဝင်ဖြစ်လေသည်။ ထိုကျောင်း၏ ပိသုကာလက်ရာသည် ပြေပြစ်၏။ အစိုးရဘက်က ပြုပြင်ထားလေသောကြောင့် ကျောင်းဦးပြာသာဒ်နှင့်တကွ ဘုံသုံးထပ်ဆင့်၍ ပုံပန်းမပျက် တင့်တင့်တယ်တယ် ရှိနေသေး၏။

ထိုအုတ်ကျောင်းအမမှာ အခြားသူမဟုတ်၊ အဝမြို့ကို လေးကြိမ်မြောက်ချဲ့ထွင်တည်ထောင်ခဲ့သော ဘကြီးတော်မင်းဟူ၍ အများက ခေါ်ကြသော စစ်ကိုင်းမင်း၏ နန်းမတော်မိဖုရားခေါင်ကြီး ရှင်မင်းနု ဖြစ်လေသည်။ ရှင်မင်းနုသည် သဒ္ဓါစိတ်ဇောဖြင့် ထိုကျောင်းကို ငွေသုံးသောင်းအကုန်ခံ၍ သုံးနှစ်တိုင်တိုင် တခမ်းတနား တည်ဆောက်စေခဲ့သည်ဖြစ်၏။ ၁၁၂၈ ခုနှစ်၌ ပြီးလတ်သော် သဘင်ကြီးစွာ ပေး၏။ ထို့နောက် ညောင်ကန်ဆရာတော်ဦးပိုး၊ ဆရာတော်ဦးပိုး ပျံလွန်ပြီးသည့်နောက် ညောင်ကန်ဆရာတော်ဦးပုတ်တို့ကို ပင့်တင်ကိုးကွယ်လေသည်။ ဒုတိယအုတ်ကျောင်းဆရာတော်ဦးပုတ်သည်လည်း စာတတ်လှသည်၊ နှုတ်နည်းလှသည်၊ သမာဓိကြီးလှသည်ဟု ကျော်စောခဲ့သူဖြစ်လေသည်။ ဤတွင် ရှင်မင်းနု၏ ဘဝနိဂုံးသည် ဆရာတော်ဦးပုတ်နှင့် တနည်းတဖုံ ဆက်သွယ်နေပါလေ၏။ မည်သို့မည်ပုံ ဆက်သွယ်နေရသည်ဆိုသည်မှာကား ဤအတ္ထုပ္ပတ္တိစာတန်းကို ရေးသားရခြင်းအကြောင်းပင် ဖြစ်လေသည်။ စာတန်းဟူ၍ ဖြစ်ရအောင်လည်း ရာဇဝင်စာအုပ်ပါ အချက်အလက်များသာမက အရပ်စကားကိုပါ ပူးပေါင်းပေးရသည် ဖြစ်လေသည်။

ရှင်မင်းနု၏ မျိုးရိုးဇာတိသည် ရွှေဘိုခရိုင် ရေဦးမြို့အနောက်မြောက်ဖက် လေးမိုင်အကွာရှိ ဖလံခုံရွာပင်ဖြစ်လေသည်။ ထိုရွာတွင် သူ့ကိုယ်သူ ပုဂံမင်းမျိုးမင်းနွယ်မှ ရိုးရာမပျက် ဆင်းသက်လာခဲ့ကြောင်းဖြင့် ရှင်မင်းနုက ခေါင်းလောင်းစာရေးထိုးစေခဲ့သည်ဖြစ်လေသည်။ သို့သော် အရပ်က သူ့ကို မင်းမျိုးမင်းနွယ် မဟာမျိုးမဟာနွယ်ဟူ၍ မယုံကြည်။ မယုံကြည်၍လည်း နန်းမတော်မယ်နုဟူ၍သာ ခေါ်ဝေါ်ခဲ့ကြသည်။ အရပ်စကားအရဆိုလျှင် ရှင်မင်းနု၏ အမိဖြစ်သူ မမှန်သည် ဖလံခုံရွာမှ ထွက်လာခဲ့ပြီးနောက် အမရပူရမြို့တွင် ထောင်အမှူးတယောက်နှင့်အိမ်ထောင်ကျ၊ ထိုအိမ်ထောင်မှ ရှင်မင်းနုနှင့်သူ့မောင် ဦးအိုတို့ကို မွေးဖွားခဲ့သည်ဟူ၍ဖြစ်လေသည်။ အရပ်



www.burmeseclassic.com

www.burmeseclassic.com

စကားကိုပင် ဆက်ဆိုရလျှင် ရှင်မင်းနု ကြီးပြင်းလာသောအခါ အမရပူရမြောက်ပြင်၌ နေသည်။ အမိ အဖကို အကူအညီသဘောဖြင့် အိမ်ရှေ့တွင် ဈေးထွက်သည်။ ဈေးထွက်ရာမှ ဘိုးတော်မင်းတရား၏ မြေးဖြစ်သူ စစ်ကိုင်းမင်း(သား)က မြင်တွေ့နှစ်ခြိုက်၍ သိမ်းပိုက်ခံရလေသည်။

ထိုအခါက စစ်ကိုင်းမင်းသည် မင်းအဖြစ်သို့ မရောက်သေးချေ။ ထို့ပြင် ဘိုးတော်မင်းတရားကိုယ်တိုင်က လိုလား၍ မြေးချစ်တဦးဖြစ်သော ဆင်ဖြူရှင်မယ်နှင့်ရေသွန်းလက်ထပ်ပေးထားလေသဖြင့် ကြင်ယာ(မြောက်သား)ရှိနေပြီဖြစ်သည်။ သို့သော် ဆင်ဖြူရှင်မယ်မှာ သက်ဇိုးမရှည်ခဲ့လေ။ သားတယောက် ဖွားမြင်ပြီးနောက် ရက်ပိုင်းအတွင်း၌ပင် ကွယ်လွန်ခဲ့လေသည်။ လွန်ခဲ့ရသောအကြောင်းတွင် စစ်ကိုင်းမင်းက ရှင်မင်းနုအပေါ် မြတ်နိုးလွန်းအားကြီး၍ သူ့မှာ စိတ်ပန်းကိုယ်နွမ်းဖြစ်ရသော အကြောင်းတခုလည်း ပါသည်ဟူသော အတွင်းစကားရှိလေသည်။

အမှန်ဆိုလျှင် စစ်ကိုင်း၏ စံအိမ်(တော်)သို့ ရှင်မင်းနု ရောက်လာသည်ကို ဘိုးတော်မင်းတရားက မနှစ်မြို့လေ။ အကြောင်းကား ရှင်းပါ၏။ စစ်ကိုင်းမင်းမှာ(အဖဖြစ်သူ အိမ်ရှေ့မင်းလည်း ကွယ်လွန်ခဲ့ပြီးဖြစ်၍)နောင်တွင် သူ၏ ထီးနန်းရိုက်ရာကို ဆက်ခံမည့်သူလည်း ဖြစ်သည်။ မဟာမျိုး မဟာနွယ်ချင်း လက်ဆက်ပါမှ မင်းတို့၏ ဂုဏ်သိက္ခာနှင့်ညီညွတ်မည်လည်းဖြစ်သည်။ ထို့ကြောင့် ဆင်ဖြူရှင်မယ် မရှိသည့်နောက် ဘိုးတော်မင်းတရားက ထိုအချိန်တွင် ရှစ်နှစ်အရွယ်သာ ရှိနေသေးသော ပန်းတောင်းမင်းသမီးကလေးနှင့်စစ်ကိုင်းမင်းကို လက်ဆက်ပေးပြန်သည်။ စစ်ကိုင်းမင်းမှာ ဘိုးတော်မင်းတရား၏ ဆန္ဒကို မပယ်ရဲ၍သာ သဘောတူလိုက်ရသည်။ နန်းစည်းစိမ်ကို ခံယူသည့်အခါတွင် ပန်းတောင်းမင်းသမီးကို မိဖုရားခေါင်မြှောက်မည်ဟု ဘယ်အခါမှ စိတ်မကူး။ စိတ်မကူးရုံသာမဟုတ်၊ လတ်တလော၌ပင် ဂရုစိုက်ခြင်းမရှိ၊ ကြာသော် ဘိုးတော်မင်းတရားလည်း ကြည့်မနေနိုင်တော့ဘဲ မင်းသမီးကလေးကို နန်းတော်ထဲသို့ ပြန်ခေါ် ထားရသည်ဖြစ်လေသည်။ စစ်ကိုင်းမင်း၏ မေတ္တာသည် ရှင်မင်းနုအပေါ် သို့ လုံးလုံးလျားလျား ကျရောက်လျက်ရှိလေသည်။

သို့ဆိုလိုက်ခြင်းကြောင့် ရှင်မင်းနုသည် အချောအလှထဲက ဖြစ်ပါသလားဟူ၍ အမေးပုစ္ဆာထွက်လျက်ရှိပါ၏။ အဖြေကား သူ၏ ရုပ်ရည်သည် မှန်တန်းထဲကပင် ဖြစ်ပါလေသည်။ အသက်အားဖြင့်လည်း စစ်ကိုင်းမင်းထက် သီသီကြီးသေးသည် ဖြစ်သည်။

သို့သော် စစ်ကိုင်းမင်း နှစ်သက်ရလောက်အောင် ကိုယ်ပေါက်ကိုယ်ရောက် ကောင်းသည်။ အပြောအဆို အနေအထိုင်တွင် မင်းမူစိုးဟန်ပါသည်။ စစ်ကိုင်းမင်းအပေါ်၌ အပြုအစုနပ်သည်။ ထို့ကြောင့်လည်း ၁၁၁၉–ခုနှစ်တွင် ဘိုးတော်မင်းတရားလွန်၍ စစ်ကိုင်းမင်းသည် အမ

ရပူရနန်းသိမ်းလေသောအခါ ရှင်မင်းနုကို အခြားမိဖုရားများအပေါ် ကျော်၍ မိဖုရားခေါင်ကြီး အရာ၌ ထားခဲ့လေသည်။ ထို့ပြင် မှူးမတ်ကတော် မယားများကို မြင်သာသိသာအောင် ပြခဲ့သည်မှာ ၁၈၂၄–ခုနှစ်၌ အဝမြို့ကို ပြန်လည်ချဲ့ထွင်ပြီးသည်နောက် အမရပူရမြို့ပြောင်း နန်းပြောင်းသော အခါသမယတွင် စစ်ကိုင်းမင်း ကိုယ်တိုင်က ရှင်မင်းနု၏ လက်ကို တယုတယဆွဲကိုင်၍ နန်းဉယျာဉ်ထဲသို့ ဝင်လာခြင်းပင် ဖြစ်လေသည်။

ဤသည် မင်းဆွေမင်းမျိုးများအဖို့ အတင်းဆိုစရာ ဖြစ်လေသည်။ သူတို့က ရှင်မင်းနုကို စုန်းမကြီးဟု သမုတ်ကြသည်။ ထို့ပြင် အောက်လမ်းပညာဖြင့် စီရင်ထားသော အထစ်သုံးထစ်ရှိလေးကလေးကိုလည်း ရှင်မင်းနု သုံးတတ်သည်ဟု ပြောကြသည်။ လေးကလေး၏ ပထမအထစ်ကို တင်လိုက်လျှင် ရှင်ဘုရင်သည် ရှင်မင်းနုအနားသို့မလာ၊ ထိုအခါ ရှင်ဘုရင် မသိစေချင်သော အမှုကိစ္စများကို လုပ်နိုင်သည်။ ဒုတိယအထစ်ကို တင်လိုက်လျှင် ရှင်ဘုရင်သည် သူ့အပါးမှ မခွါနိုင်၊ ထိုအခါ သူ့အလိုကိုသာ လိုက်ရရှာသည်။ တတိယအထစ်ကို တင်လိုက်လျှင် ရှင်ဘုရင်၏ စိတ်သည် သတိလုံးလုံးလွတ်လေသည်။ ထိုအခါ သူကြံချင်ရာ လွတ်လွတ်ကြံနိုင်သည်။ မင်းဆွေမင်းမျိုးများအဖို့ စစ်ကိုင်းမင်း၏ အပြုအမူများသည် သဘောရိုးဖြင့် မဟုတ်၊ ရှင်မင်းနု၏ ပယောဂအစွမ်းကြောင့်သာ ဖြစ်လေတော့သည်။

မည်သို့ပင်ဖြစ်စေ၊ ရှင်မင်းနုကား မင်းကလည်း မြတ်နိုး၊ ရာထူးဂုဏ်သိရ်တွင်လည်း အမြင့်ဆုံးဖြစ်ခဲ့ရပြီ။ မိဖုရားခေါင်ဆိုသည်မှာ မိန်းမတကာတို့တွင် အမြတ်ဆုံးတည်း။ အရာရာတွင်လည်း ထိပ်ကနေရသည်။ ဘယ်ပစ္စည်းဝတ္ထုကိုမဆို အကောင်းချည်း၊ အညွန့်ချည်း သုံးရသည်။ မော်ကွန်းထိုးလေရာတွင်လည်း အကြီးကျယ်ဆုံး ချီးပခံရလေသည်ဖြစ်သည်။ ထို့ကြောင့် သူသည် ဘုရင်မင်းမြတ်နှင့်အတူ သီဟာသနပလ္လင်၊ ပဒုမာသနပလ္လင်များထက်တွင် ယှဉ်တွဲ၍ နှစ်စဉ်နှစ်တိုင်း မှူးမတ်ကတော် မယားတို့၏ အကန်တော့ခံရ၊ ဘုရင်မင်းမြတ်နှင့်အတူယှဉ်တွဲ၍ လှေပွဲသဘင်၊ ဗာလိနတ်စပူဇော်ပွဲသဘင် စသည်တို့တွင် ပါဝင်ရသည့်အဖြစ်မျိုး၊ အခါမျိုးကို မဆိုထားဘိ၊ ထားဝယ်မြို့ဝန်က မယ်ကယ်နှစ်ဖြင့် လုပစ္စာပြုလုပ်ထားသော နားပန်ကို ဆက်သည့်အခါမျိုး၌ပင် ရိုးရိုးမပန်ဆင်ဘဲ ကဗျာလင်္ကာဖြင့် သိဒ္ဓိတင်စေပြီးမှ နားပန်ခဲ့လေသည် မဟုတ်လား။ ဤသို့ဖြင့် ရှင်မင်းနုအဖို့–

ပြည်လုံးကျက်သရေ

မြူတေဝင်းပတ်

နန်းလုံးနတ်။

ဖြစ်လာသည်နှင့်အမျှ သူ၏ ဘဝစည်းစိမ်ကိုလည်း မြတ်နိုးလာမိသည်။ မြတ်နိုးလာမိလေလေ ထိုစည်းစိမ်အရာ၌ ခိုင်မြဲချင်လေ ဖြစ်သည်။ ခိုင်မြဲချင်လေလေ သူ့သခင် စစ်ကိုင်းမင်းအပေါ် ယုံကြာ

www.burmeseclassic.com

www.burmeseclassic.com

ညောင်းအောင် ပြုလေလေ၊ ပြည်ရေးပြည်ရာတွင် ပါဝင်လေလေဖြစ်သည်။

တခုဖြင့် ဆိုစရာရှိပါ၏ ။ ပြည်ရေးပြည်ရာ၌ ရှင်မင်းနုပါလာခြင်းအမှုတွင် စစ်ကိုင်းမင်းနှင့်ညီဖြစ်သူ သာယာဝတီမင်းသားတို့၏ ဝသီစရိုက်ကလည်း အထောက်အပံ့ ပြုသလောက် ပြုလေသည်။ ရှင်မင်းနု၏ မောင်ဖြစ်သူ ဦးအို၏ အကြံအစည်နှင့်လည်း အံဝင်သလောက် ဝင်နေသည်။ ဖြစ်ပုံမှာ စစ်ကိုင်းမင်းသည် တိုင်းသူပြည်သားများအပေါ်၌ စိတ်စေတနာ ရှိတန်သရွေ့ ရှိခဲ့သော်လည်း ပြည်ရေးပြည်ရာများတွင် ကြာကြာခေါင်းလေးခံ၍ စဉ်းစားတတ်သူ မဟုတ်လေ။ အချိန်ကုန်ခံ၍ ရှင်းလင်းနေတတ်သူ မဟုတ်လေ။ အခွင့်ကြုံလျှင် ကြုံသလို မြင်းတကောင်နှင့်သူ လှည့်လည်သွားလာနေချင်တတ်သည်။ ထိုအခါမျိုးတွင် အခြွေအရံအများအစားကိုပင် သူ့နောက်ကလိုက်စေလိုသောဆန္ဒ မရှိ။ သို့ဖြင့် မြို့တောင်ဘက်က ရွှေဆပ်သွားစေတီကို ပြင်ဆင်စေသည့်အခါမျိုးတွင် အဖော်တယောက်စ နှစ်ယောက်စဖြင့် နေ့ချင်းပြန် သွား၍ကြည့်သည်ဖြစ်လေသည်။ ဆင်ရိုင်းကို ကျုံးသွင်းသည့်အခါမျိုးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်၍ ကြည့်တတ်စီမံတတ်သည်ဖြစ်လေသည်။ ဤသို့မဟုတ်လျှင်လည်း ရပ်ရွာထဲမှ ချည်ငင့်၊ ချည်ချ၊ ဗိုင်းငင်ကြသော အဖွားကြီးများကို နန်းတော်သို့ခေါ်၊ အကျွေးအမွေးဖြင့် ညှော့ခံ၊ မြေနန်းအောက်တွင် ချည်ငင့်၊ ချည်ချ၊ ဗိုင်းငင့်အလုပ်ကို လုပ်ကိုင်စေ၍ သူတို့ထံမှ ပုံတိုပတ်စတွေ တပျော်တပါး နားထောင်ပျော်ရွှင်တတ်သည်ဖြစ်လေသည်။ ထို့ကြောင့် နေ့စဉ် ပြည်ရေးပြည်ရာကိစ္စများကို ဆိုင်ရာမှူးမတ်တို့နှင့်လွှဲထားတတ်သည်မှာ သူ့အကျင့်ပင် ဖြစ်တော့သည်။ တဖန် မင်းလုပ်သူက ပြည်ရေးပြည်ရာတွင် စိတ်မဝင်စားလှသည်ကိုထားဦး၊ ညီရင်းဖြစ်သော သာယာဝတီမင်းသားသည်လည်း အစကနဦးတွင် ပြည်ရေးပြည်ရာတွင် သတိမမူတတ်သေး။ သူသည် နန်းမြို့ တနင်္သာရီတံခါးနှင့်ရောဝတီမြစ်ကမ်းနားအနီးတွင် စံအိမ်ဆောက်ကာ၊ ပန်းဥယျာဉ်လုပ်ကာ အပျော်အပါး၊ အသောက်အစားနှင့်နေတတ်သည်ဖြစ်၏ ။ အင်္ဂလိပ်ခွေး မွေးရန်လည်း ဝါသနာသန်လှသည်။

ဤသို့ စစ်ကိုင်းမင်းနှင့်ညီဖြစ်သူ သာယာဝတီမင်းသားတို့သည် စိတ်ပျော်သလို သက်သာသလို နေထိုင်ကြသော်လည်း ရှင်မင်းနု၏ မောင်ဦးအိုကမူ ပြည်ရေးပြည်ရာတွင် စိတ်ဝင်စားနေခဲ့သည်။ သူသည် ‘လင်းမြို့စား မင်းသားကြီး’ဟူသော အဆောင်အယောင်၊ ချွေရံသင်းပင်းအမြောက်အမြားနှင့်တကွ နန်းမြို့တွင်း၌ တိုက်အိမ်အကျအန ဆောက်လုပ်နေထိုင်သူဖြစ်သည်။ ထို့ပြင် လွှတ်တက်၍ တရားစီရင်လေ့ရှိသည်ဖြစ်ရာ လွှတ်တော်ဝန်ကြီးများအပေါ်၌၎င်း၊ ရှင်မင်းနုမှတဆင့် စစ်ကိုင်းမင်းအပေါ်၌၎င်း သြဇာ ရှိလေသည်။

ဤအခြေအနေတွင် ရှင်မင်းနုတို့မောင်နှမကတဖက်၊ သာယာဝတီမင်းသားကတဖက် ရန်စ,ပွားရန် အကြောင်းပေါ်လာလေသည်။ ၁၈၂၄–ခုနှစ်တွင် ရှင်မဖြူကျွန်းအရေးနှင့်စပ်လျဉ်း

၍ မြန်မာနှင့်အင်္ဂလိပ်တို့သည် စစ်စ၍ဖြစ်လေသည်။ ဖြစ်ရပုံမှာ စောစောက မြန်မာနိုင်ငံသည် အာသံနယ်နှင့်မဏိပူရနယ်နှစ်နယ်ကို မြန်မာ့ဩဇာခံနယ်များအဖြစ် လုပ်ထားသည်။ ဤတွင် နယ်နှစ်နယ်မှ အကြီးအမှူးများက မြန်မာတို့အပေါ် ထောင်ထားရန် ကြံစည်လေရာ အင်္ဂလိပ်က ပင့်မြှောက်အားပေးလေသည်။ သို့ဖြင့် အင်္ဂလိပ်နှင့်မြန်မာတို့သည် မသင့်မတင့်ရှိနေစဉ်အတွင်း အင်္ဂလိပ်မြန်မာနယ်ခြားဖြစ်သော နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းကို သူပိုင်ငါပိုင် အငြင်းပွားရာမှ ရခိုင်ဘက်၊ အာသံဘက်တွင် စစ်စ၍ ဖြစ်ရခြင်းပေတည်း။

စစ်ဖြစ်စတွင် မြန်မာတို့သည် အင်္ဂလိပ်ကို အထင်မကြီး။ မိမိတို့သည် အနီးအပါးနိုင်ငံများနှင့်ယှဉ်လျှင် သာခဲ့သည်ချည်းဖြစ်၍ စိတ်အားတက်ကြွနေကြသည်။ သို့သော် မကြာမီ ပင်လယ်ဘက်မှ လှည့်၍ဝင်လာသော အင်္ဂလိပ်လက်သို့ ရန်ကုန်ကျခဲ့သည်။ မြန်မာတို့ အားအကိုးကြီးကိုးခဲ့သော စစ်သူကြီးမဟာဗန္ဓုလသည် ဓနုဖြူသို့ဆုတ်၍ခံရင်း ဗုံးထိ၍ ကျခဲ့ပြန်သည်။ ထိုအခါ၌မူကား ပြည်ဘက်၌ စစ်စခန်းချနေသော သာယာဝတီမင်းသားသည် အင်္ဂလိပ်၏လက်နက်အားကို မိမိတို့မယှဉ်နိုင်မှန်း သဘောပေါက်လာသည်။ သဘောပေါက်၍ စစ်ပြေငြိမ်းရန် ကမ်းလှမ်းကြည့်မိသည်။ သို့သော် ဦးအိုနှင့်မှူးမတ်အချို့က စစ် မရပ်စေချင်။ ဦးအိုကိုယ်တိုင်က ပြည်တွင်းရှိ ဥရောပတိုက်သားများကို မျက်မုန်းကျိုးနေသည်။ သူတို့ကို တိတ်တိတ်ပုန်း သတ်ပစ်ရန်ပင် အားထုတ်ခဲ့ဘူးလေသည်။

စစ်အရေးနှင့်စပ်လျဉ်း၍ ရှင်မင်းနုသည်လည်း သူ့မောင်နှင့်တစိတ်တဝမ်းတည်းဖြစ်လေသည်။ ထို့ကြောင့် စစ်ကိုင်းမင်းကို နားသွင်းသည်တွင် စစ်ကိုင်းမင်းလည်း သူ့အလိုသို့ ပါခဲ့ရလေသည်။ သို့သော် မြန်မာဘက်က ရှေ့ဆက်၍ စစ်ရေးမလှ။ အဝမှ မိုင်လေးဆယ်မျှသာသာ ဝေးတော့သော ရန်တပိုရွာအထိ အင်္ဂလိပ်တပ် တက်လာသည်ကို မတွန်းလှန်နိုင်။ ထိုအခါ စစ်ကိုင်းမင်းမှာ ကြံရာမရ ရှိလေသည်။ ရှင်မင်းနုကမူ ရွှေဘိုဘက်သို့ တိမ်းရှောင်ရန် အကြံပေးလေသည်။ ထိုအကြံမှာ ရာဇသိက္ခာကျစေမည့်အကြံသာတည်း။ နောက်ဆုံး၌ သာယာဝတီမင်းသားနှင့်မှူးမတ်အချို့ အတင်းနားချလေတော့မှ စစ်ဖြစ်၍ နှစ်နှစ်အကြာ ၁၈၂၆–ခုနှစ်တွင် စစ်ကိုင်းမင်းသည် အင်္ဂလိပ်ထံမှ အရေးတောင်းလေသည်။ ထိုအခါ မြန်မာဩဇာခံ နယ်များဖြစ်သော မဏိပူရ၊ အာသံတို့ကို လက်လွှတ်လိုက်ရသည်။ မြန်မာနိုင်ငံ၏ တစိတ်တပိုင်း ဖြစ်သော ရခိုင်နှင့်တနင်္သာရီနယ်များကို အဆုံးရှုံးခံရသည်။ အင်္ဂလိပ်ကိုယ်စားလှယ်တဦးကို အဝတွင် ထားခွင့်ပြုရသည်။ စစ်စရိတ်ငွေ တကုဋေကိုလည်း လေးဆိုင်းခွဲ၍ ဆပ်ရမည်ဖြစ်ရာ၊ ပထမအဆိုင်းကိုပေးရန် ငွေမလုံလောက်၍ ရှင်မင်းနုပိုင်ငွေများကိုပင် ချေးငှားစုဆောင်း၍ ပေးလိုက်ရသေးသည်။

စစ်ကြောင့် ရှင်မင်းနုတို့ မောင်နှမနှင့်သာယာဝတီမင်းသားသည် ပို၍စိတ်ဝမ်းကွဲလာရ



www.burmeseclassic.com

၏။ စစ်ကိုင်းမင်းမှာလည်း မထွေးနိုင်မအန်နိုင် ဖြစ်လေသည်။ သူ့လက်ထက်တွင် အလောင်း
ဘုရားတည်ခဲ့သော လက်နက်နိုင်ငံတော်သည် ပွဲထွက်ခဲ့ပြီဖြစ်သည်။ ယခုလည်း အင်္ဂလိပ် နယ်ချဲ့၏
ကိုယ်စားလှယ်ဖြစ်သူ ဗာနေသည် အဝသို့ရောက်နေပြီဖြစ်ရာ သူ့ကို ဆင်ကျုံး မြောက်တိုက်တွင်
နေရာချထားရသည်။ စစ်ကိုင်းမင်းသည် တတ်နိုင်သလောက် စိတ်ကို ဖြေခဲ့ပါသေး၏။ သူ့အာရုံရှိ
ရာအမှုကိစ္စများကို ဆောင်ရွက်ခဲ့ပါသေး၏။ ဘုန်းကျက်သရေတိုးအောင် သူ ဇေယျာဘိသိက်ခံ
ကြည့်သည်။ ဆင်ကျုံးသွင်းရာ သူရောက်သည်။ ပုထိုးတော်ကြီးသို့ သူ အဖူးအမြော်ထွက်သည်။
ကန်တော် ဆည်တော်များကို သူပြင်ဆင်သည်။ ကျောက်တော်ကြီးဘုရား ရုပ်ပွားထုလုပ်ရာကို
မကြာခဏထွက်ကြည့်ခြင်း၊ မဟာအောင်မြေဘုံသာကျောင်း စသောကျောင်းများကို ဆောက်လုပ်
လှူဒါန်းခြင်း၊ ဦးအို၏ ကျောင်း၊ ရှင်မင်းနု၏ ကျောင်းများ ဆောက်လုပ်ပြီးပြေသည်ကို ကိုယ်တိုင်
ရေစက်သွန်းချပေးခြင်းဟူသော ကုသိုလ်များကို သူပြုသည်။

သို့သော် စစ်စရိတ်ကို အပြေအလည်ပေးရန်ကိစ္စ၊ ဗာနေနှင့်မကြာခဏ အငြင်းအခုံဖြစ်ရ
သည့်ကိစ္စစသည်များသည် စစ်ကိုင်းမင်း၏ စိတ်ကို အမြဲတမ်း အနှောင့်အရှက်ပေးလျက်သာ ရှိ
လေသည်။ ထို့ကြောင့် သူ၏ စိတ်သည် မကြည်မလင် ဖြစ်လေသည်။ ကိုယ်ကျန်းမာရေးလည်း ပျက်
လေသည်။ ကြာသော် ပြည်ရေးပြည်ရာကို လှည့်၍မှ မကြည့်နိုင်အောင် သူ့မှာ ကိုယ်ရောစိတ်ပါ
ဝေဒနာစွဲကပ်လေတော့သည်။ ဤတွင် ရှင်မင်းနုနှင့်ဦးအိုတို့အဖို့ ကိုယ်ရေးလုံအောင်ပြုရန် အခွင့်
အရေး၊ မင်းအာဏာကို သုံးစွဲရန် အခွင့်အရေး ရလာလေသည်။ အခွင့်အရေးရလာသည့်အတိုင်း
သူတို့ကလည်း သုံးခဲ့သည်။ ပမာအားဖြစ်သော် ရှင်မင်းနုနှင့်ဦးအိုတို့သည် အရေးကြုံလျှင် သုံးနိုင်
အောင် ရွှေငွေကျောက်သံ ပတ္တမြားစုမိသမျှကို သူတို့ဦးကြီးဖြစ်သူ ဒီပဲယင်းဝန်ဦးကွန်ထံတွင် သို
ဝှက်ထားလေသည် ဖြစ်သည်။ တဖန် ပုသိမ်၊ ပြည်၊ တောင်တွင်းစသော နေရာအများအပြားတွင်
ခန့်ထားခဲ့သော အကြီးအကဲတို့မှာ သူတို့၏ ဆွေမျိုးသားချင်းတွေသာ ဖြစ်ခဲ့ကြသည်။ ရန်ကုန်
ဝန်ကြီး အရာ လစ်လပ်ရာ၌လည်း ရှင်မင်းနု၏ ဝန်ကြီး(ဦးဝ)လို လုပ်ရည်ကြံရည်မရှိသူကိုသာ ခန့်
ခဲ့လေသည်ဖြစ်သည်။ လွှတ်တော်တွင်လည်း ဦးအို၏ အသံသာ လွှမ်းနေလေသည်။ ပြည်သူပြည်
သားတို့က ဦးအိုတွင်ကျယ်နေသည်ကို မကြိုက်။

တဖက်မှ စီမံချင်သလို စီမံနေလျှင် အခြားတဖက်ကလည်း မခံနိုင်ဖြစ်ရမည်မှာ ဓမ္မတာ
တည်း။ သာယာဝတီမင်းသားနှင့်ရှင်မင်းနုတို့မောင်နှမ၏ ဆက်ဆံရေးသည် ပို၍ မပြေမလည်
ဖြစ်လာလေသည်။ မပြေမလည် ဖြစ်ရသည်မှာလည်း ကုသိုလ်ရေးမှအစ လူမှုရေးအဆုံးအထိ
ကျယ်ပြန့်လေတော့သည်။ စကားစဉ်ရှိလေသည်မှာ နှစ်စဉ်နှစ်တိုင်း နယုန်လကစ၍ ဝါဆို
လပြည့်အထိ အဝတွင် သုဓမ္မာစာပြန်ပွဲ ကျင်းပမြဲဖြစ်သည်။ ထိုစာပြန်ပွဲ၌ နှစ်တိုင်း သာယာဝတီ
မင်းသား၏ ကျောင်းတိုက်ကချည်း ပထမကျော်ထွက်လေ့ရှိသည်ကို ရှင်မင်းနုနှင့်ဦးအိုတို့က

www.burmeseclassic.com

မခံချင်ဖြစ်လေသည်။ မခံချင်၍ ပထမကျော်ပြန်မည့်သူကို ရှာရာ မရ။ ထို့ကြောင့် ဦးအိုက သူ့ကျောင်းထိုင်ဆရာတော်မှတဆင့် သာယာဝတီမင်းသား၏ ကျောင်းတိုက်မှ ပထမကျော် စာပြန်မည့်သူကို ဖြားယောင်းခေါ် ယူထားလေသည်။ စာပြန်ပွဲနီးသောအခါ ဤနှစ်အဖို့ ဦးအိုကျောင်းတိုက်မှ ပထမကျော်ထွက်ပေါ် လိမ့်မည်ဟု သတင်းဖြစ်လေသဖြင့် သာယာဝတီမင်းသားက စုံစမ်းသည်တွင် မိမိ၏ ကျောင်းတိုက်မှ စာပြန်မည့်သူကို ခိုးယူသွားကြောင်း သိရလေသည်။ ထိုအခါ တဖက်နှင့်တဖက် အမှုဖြစ်ကြရလေ သည်။ သို့သော် နှစ်ဖက်စလုံးကပင် မားထက်လေသောကြောင့် သုဓမ္မာဆရာတော်များက ရှုတ်ခြည်းအဆုံးအဖြတ် မပေးဘဲ ရက်ရွှေ့၍သာနေကြသည်။ နောင်သော် မဟာအောင်မြေဘုံစံအုတ်ကျောင်းဆရာတော် ဦးပုတ်ထံသို့ အမှုကို အပ်ကြရလေသည်။ ဤတွင် ဆရာတော်ဦးပုတ်က "ဤအမှုသည် (သာယာဝတီမင်းသား)ခေါင်နှင့်လဲမဆိုင်၊ နန်းမတော်မိနုနှင့် လဲမဆိုင်၊ မင်းသားကြီးငအိုနှင့်လဲမဆိုင်၊ ဝိနည်းအရ ငအို့ကျောင်းတိုက်က ဘုန်းကြီးသည် သူတပါး၏ တပည့်လက်သားကို ဖြားယောင်းခေါ် ယူသဖြင့် ဒုက္ကဋ်အာပတ်သင့်၏ ။ ပထမကျော်ပြန်မည့်သူမှာ သူတပါးဖြားယောင်းရာသို့ ဆန္ဒဂတိလိုက်ခြင်းကြောင့် သည်နှစ် ပထမ မပြန်ဆိုရ၊ ရပ်ရွာသို့ပြန်သွားစေ"စသည်ဖြင့် ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့ရသည်ဖြစ်၏ ။ ဤသည် ကုသိုလ်ရေးနှင့်စပ်သော သာဓကဖြစ်လေသည်။ လူမှုရေးနှင့်စပ်၍လည်း သာယာဝတီမင်းသားက လူချင်းအဆင်ပြေရအောင်ဟု ဦးအိုထံ သားသမီးချင်း လက်ဆက်ရန် ကမ်းလှမ်းခဲ့ဘူးသည်။ သို့သော် ဦးအိုက ခါးခါးသီးသီး ပယ်ချခဲ့ရသဖြင့် ပို၍မခံချိဖြစ်ရလေသည်။ ယခုအခါမူ သာယာဝတီမင်းသားက ပို၍ကြမ်းလာပြီတည်း။ နှစ်မဖြစ်သူပုဂံမင်းသမီးနှင့်တိုင်ပင်၍ တတ်နိုင်သရွေ့ လက်နက်နှင့်လူစုသည်။ စိတ်သဘောချင်းတူရာ မှူးမတ်များနှင့် မပြတ်မပြတ် စည်းဝေးတိုင်ပင်သည်။

သာယာဝတီမင်းသား၏ ခြေလှမ်းကို ဦးအိုနှင့်သူ့ဩဇာခံများကလည်း မျက်ခြည် မပြတ်စောင့်ကြည့်လျက်ရှိလေသည်။ ထိုသို့စောင့်ကြည့်နေစဉ် ပုဂံမင်းသမီးသည် ငစဉ့်ကူအုံမြို့သူကြီး ဦးရေးကို သူ့ဝန်အဖြစ် ခန့်အပ်မိလေသည်။ ဦးရေးမှာ ဦးအို၏ အမြင်တွင် လူဆိုးလူသွမ်းတွေကို ပူးပေါင်းလက်ခံနေသူ ဖြစ်သည်။ ထို့ကြောင့် ဦးအိုက သူ့ဘက်သားများအား မင်းသမီးစံအိမ်ကို ဝိုင်း၍ ဦးရေးကို ဖမ်းစေသည်။ ဦးရေးကား လွတ်သွားလေသည်ဖြစ်၏ ။ နောက်တဖန် သာယာဝတီမင်းသားသည် ဦးရေးကို လက်ခံထိမ်ဝှက်ထားသည်ဟု ဦးအိုက တောင်းပြန်သည်။ သာယာဝတီမင်းသားက ငြင်း၏ ။ ဤအရေးသည် ထိန်းမရတော့ဘဲ အလွန်ဆိုးရွားသည့်အခြေအနေသို့ရောက်လာလေသည်။ ဦးအိုက မိမိအား အမှုရှာနေသည်ကို သာယာဝတီမင်းသားသည် သိ၏ ။ ဖြေရှင်းမရ ဖြစ်နေသည်။ သာယာဝတီမင်းသား မခံနိုင်ပြီ။ ၁၈၃၇–ခုနှစ်၊ ဖေဖော်ဝါရီလတနေ့တွင် လူသူစုရုံး၍ ရွှေဘိုသို့ထွက်လေတော့သည်။ ရွှေဘိုသည် ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်သော အလောင်းဘုရား၏ အောင်မြေဖြစ်လေသည်။ ထိုနေရာတွင် ဗိုလ်ဝင်ခံနေသော သာယာဝတီမင်းသား၏ တပ်သို့ လူသူအများ ခိုဝင်လာကြသည်။ အဝမှတပ်များလည်း တတပ်ပြီးတတပ် သာ

www.burmeseclassic.com

www.burmeseclassic.com

ယာ၀တီမင်း၏ တပ်ကို တိုက်ပါ၏ ။ သို့သော် မနိုင်။ လန်၍လန်၍သာ ကျကုန်သည်။ သာယာ၀တီမင်းသားတပ်လည်း အင်အားတိုးသထက် တိုးလာပြီးလျှင် နောက်ဆုံး၌ အ၀ကို သိမ်းပိုက်နိုင်ခဲ့လေသည်။ မကြာမြင့်မီပင် အမရပူရသည် အ၀အစား မင်းနေပြည်ဖြစ် လာလေသည်။

ရှင်မင်းနုနှင့်စစ်ကိုင်းမင်းသည် အကျယ်ချုပ်ဘ၀သို့ဆင်းခဲ့ရပြီဖြစ်၏ ။ သူတို့သည် အင်္ဂလိပ်နယ်ဘက်သို့ ခိုဝင်ရန် ကြိုးစားကြပါသေး၏ ။ အောင်ကား မအောင်မြင်ခဲ့။ ဤတွင် ရှင်မင်းနုသည် တဆင့်တိုး၍ ကြံပါလေသည်။ သူ့အကြံအစည်အတိုင်း မှူးဟောင်းမတ်ဟောင်းအချို့ပါဝင်၍ မတ္တရာဘက်၌ သူပုန်ထလေသည်။ သို့သော် သူပုန်ရန်ကို သာယာ၀တီမင်းက နှိမ်နင်းနိုင်ခဲ့၍ တာဝန်ရှိသူများကို ဖမ်းယူရရှိသည်။ ထိုသူတို့ကို စစ်မေးရာတွင် ရှင်မင်းနု၏ အကြံအစည်သည် ပေါ်လေသည်။ ရှင်မင်းနုကလည်း ပြောင်ပင်ဖြောင့်ချက်ပေးခဲ့လေသည်။ ဖြောင့်ချက်ပေးခဲ့သည့်အတိုင်း ၁၈၄၀ ခုနှစ်၊ မေလ ၂ ရက်နေ့၌ ရေတွင် ဖျောက်၍ အဆုံးစီရင်ခံရတော့မည်တည်း။

ဤအခါတွင် ရှင်မင်းနုသည် သူ့ဆရာတော် ဦးပုတ်ကို သတိရလာလေသည်။ သူ သေရတော့မည်။ မသေမီ ဆရာတော်ကို ဖူးတွေ့ချင်လှ၏ ။ ထို့ကြောင့် မသေမီ ဖူးတွေ့ခွင့် ရ မရ တောင်းကြည့်ရာ ဆိုင်ရာက ခွင့်ပြုလေသဖြင့် ဆရာတော်ရှိရာ ကျောင်းသို့ သူသွားလေသည်။ ဆရာတော်သည် ယခုအခါတွင် မဟာအောင်မြေဘုံစံအုတ်ကျောင်းတွင် မရှိတော့ဘဲ သာယာ၀တီမင်းတင်လှူသော(အမရပူရမြောက်ပြင်ရှိ)မင်္ဂလာဘုံကျော်ကျောင်းတိုက်သို့ ရောက်နေပြီဖြစ်လေသည်။ ရှင်မင်းနုသည် ဆရာတော် စာကြည့်နေခိုက် ရောက်သွားသဖြင့် ဆရာတော်ကို ရှိခိုးကာ–

"အရှင်ဘုရား၊ ယခုအခါ သာယာ၀တီမင်း(ကုန်းဘောင်မင်း)ဘုန်းတန်ခိုး လွှမ်းမိုးလာ၍ သူ၏ အာဏာစက်ဖြင့် တပည့်တော်မ အသက်အဆုံး စီရင်ခြင်း ခံရပါတော့မည်။ ဤနေ့သည်ကား ဆရာတော်ဘုရားကို နောက်ဆုံးဖူးမျှော်ကန်တော့ခြင်း ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားလေသည်။ ဆရာတော်ဦးပုတ်သည် စာကြည့်နေရာမှာ ရှင်မင်းနုရှိရာဘက်သို့ လှည့်ကြည့်၏ ။ ထို့နောက် အမိန့်ရှိလေသည်မှာ–

"မိနု၊ သူ့ကြွေးရှိလျှင် ဆပ်ရလိမ့်မည်"ဟူ၍ ဖြစ်လေသည်။

ဆရာတော်၏ စကားသည် တိုတောင်း၏ ။ သို့သော် ရှင်မင်းနုက သူ့အကြောင်းနှင့် သူ နားလည်လိုက်လေသည်။ သူ နားလည်သည့်အဓိပ္ပာယ်မှာ လူမည်သည် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြစမြဲ၊ ကိုယ့်ကောင်းမှုကိုလည်း ကိုယ်စံရသည်၊ ကိုယ့်ဆိုးမှုကိုလည်း ကိုယ်ခံရသည်ဟူ၍ ဖြစ်လေသည်။ ရှင်မင်းနု ဘဝင်ကျခဲ့ပြီ။ သေရမည်ကို သူ မကြောက်ပြီ။ ထို့ ကြောင့် အာဏာသားတို့ ခေါ်ဆောင်ရာသို့ သူ ဣန္ဒြေမပျက် လိုက်ပါသွားခဲ့ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com 

ရှင်မင်းနု


တင်၊ ဦး၊ ၁၉၃၃ ခု၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ တတိယတွဲနှင့်စတုတ္ထတွဲ၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်။

နဝဒေး၊ ဒု၊ ၁၉၃၄ ခု၊ ရဲတင်းမော်ကွန်း၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ပညာဝံသ၊ ဦး၊ နှင့်၊ ထွန်းအေး၊ ဦး၊ ၁၉၁၈ ခု၊ အဌကျောင်းအမ နန်းမတော် မယ်နု၊ ရာဇဝင်မှုမှန်၊ မန္တလေး၊ ညွန့်မောင်တံဆိပ်ထု စာပုံနှိပ်တိုက်။

မင်းကျော်ရာဇာ၊ ၁၉၆၂ ခု၊ "ဝန်ကြီးမှူးကြီးများအကြောင်း"၊ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၊ အတွဲ ၄၅၊ အပိုင်း ၂၊ မျက် ၁၃၇ မှ ၁၆၂ ထိ။

မောင်မောင်တင်၊ ဦး၊ ၁၃၂၉ ခု၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ဒု တိယတွဲ၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။

ရွှေကိုင်းသား၊ ၁၉၆၆ ခု၊ ဝက်မစွတ်မြို့စား ဒုတိယနဝဒေး၊ ရန်ကုန်၊ မြဇော်စာ ပေ။

ရွှေကိုင်းသား၊ ၁၉၆၅ ခု၊ "အင်းဝမြို့ဟောင်း သိကောင်းစရာ"မြဝတီ၊ အတွဲ ၁၃၊ အမှတ် ၅၊ မျက်နှာ ၉၆ မှ ၁၀၁ ထိ။

သုဒဿန၊ ဦး၊ ၁၃၂၁ ခု၊ ညောင်ကန်သာသနာဝင်၊ မန္တလေး၊ ကြီးပွားရေးပုံနှိပ် တိုက်။

သောင်း၊ ဦး၊ ၁၉၆၉ ခု၊ "နန်းမတော်မယ်နုတို့ကျေးရွာ" လုပ်သားပြည်သူ့နေ့စဉ်၊ မျက် ၆(၂–၄–၆၉ ခု)၊ မျက် ၆ (၂၅–၄–၆၉ ခု)၊

သိန်း၊ မော်ပီဆရာ၊ ၁၉၆၇ ခု၊ ပစပ်ရာဇဝင်၊ ဒုတိယတွဲ၊ ရန်ကုန်၊ အေးအေး စာပုံနှိပ်တိုက်။

ဝိနန္ဒာသဘ၊ ရှင်၊ ၁၂၆၉ ခု၊ သီလဝီသောဓနီကျမ်း၊ ရန်ကုန်၊ ဟံသာဝတီသတင်း စာပုံနှိပ်တိုက်။

ဥတ္တမဗုဒ္ဓိ၊ ဦး၊ ကုန်းဘောင်ဆက်နန်းတွင်းရေး(လက်ရေးမူ)။

Crawfurd, J.1834. Journal of an Embassy from the Governor General of India to the Court of Ava. Vol I. London. Henry Colburn.

Desai, W.S.1939. History of the British Residency in Burma, 1826-1840. Uni -versity of Rangoon.

Gouger, H.1986, A personal narrative of two years Imprisonment in Burmah. London, Murray.

Hall, D.G.E.1957. "Burney's Comments on the Court of Ava in 1832." Bulletin




www.burmeseclassic.com

www.burmeseclassic.com

of the School of Oriental & African Studies, University of London. VolXX,pp. 305-314.
Knowles, J.D.1829. Memoir of Mrs. Ann H Judson London, Book Society for Promoting Religious Knowledge.
Langham-Carter, R.R.1929."Queen Me Nu & her family at Palangon." Journal of the Burma Research Society. Vol. XIX, part II, pp 31-35.
Malcom, H.1839. Travels in South-Eastern Asia. Vol.1. Boston, Gould Kendall, and Lincoln.
Wilson, H.H.1827. Documents illustrative of the Burmese War. Calcutta, Govt. Gazette press.


www.burmeseclassic.com

နတ်သျှင်နောင်



www.burmeseclassic.com

www.burmeseclassic.com

## နတ်သျှင်နောင်

နတ်သျှင်နောင်သည် မြန်မာစာပေတွင် ရတုစာဆိုအဖြစ် ကျော်ကြား၏ ။ မြန်မာရာဇဝင်တွင် သံလျင်ရောက် မင်းတရားဟူ၍ မှတ်တမ်းအတင်ခံရ၏ ။

သူ၏ရတုအများစုသည် မယ်ဘွဲ့မောင်ဘွဲ့ပင် ဖြစ်လေသည်။ နတ်တမျှလှသော မယ့်အား မောင်က အသက်ကို ဆက်ချင်သည်။ ရံရွှေတော်အထပ်ထပ်ကြားမှ မယ့်အချစ်ကို ရအောင်ယူခဲ့သောမောင်သည် တပါးသူသို့ ကြင်လေသောကြောင့် မယ်က ဘုရားရှင်ကို တိုင်ရပါသည်။ စစ်မြေပြင်ရောက် မောင့်မှာ ကဆုန်ရေသွန်းအမှီ နေပြည်တော်သို့ပြန်မလာနိုင်ဖြစ်၍ မယ်က လွမ်းနေလိမ့်မည်ကို ပူမိသည်။ မောင့်ထံမှ စာစေတမန် လာချိန်တန်လျက်နှင့်မလာ၍ မယ့်မှာ လ, မြှော်ကြာပမာ တင့်ငံ့ ဖြစ်ရသည်။ ဤသည်တို့မှာ ကဗျာ့ပရိယာယ်များပင်တည်း။ ထိုပရိယာယ်များကို စကားနုကလေးများဖြင့် ပတ်ရစ်သိမ်း ထုတ်ထားသဖြင့်လည်း နှစ်သက်စရာ ဖြစ်ရပေသည်။ တဖန်–

“ဖူးပါစေချင်၊ မြတ်ချစ်ရှင်ဝယ်
လက်ငင်ကြည်ဖြူ၊ စုံဘိမူကား
အတူသံမြ၊ တောင်းတို့ရ၏
ကဲဆထပ်ကာ၊ နောင်သာ နောင်ချည်း
ဖော်နည်းမရှင်၊ မြတ် မြင်ထင်ဝယ်
အိမ်ရှင်ကလျာ၊ မယ်–မပါဟု
မျှော်ကာမတည်၊ မူးမော်လည်ရှင့်
ကျွတ်မည်ဆုမျှ၊ မြွက်ဟမိန့်ပြတ်
မတောင်းတတ်ခဲ့”

စသည်ဖြင့် (မြင်ထင် ဘုရားတိုင်ရတုမျိုးတွင်)အလွမ်းသံနှော၍လည်း နတ်သျှင်နောင်က ဖွဲ့တတ်သေးသည်။ ထို့ကြောင့် သူ့ရတုများသည် တောင်ငူနန်းတွင်းသူ နန်းတွင်းသားတို့အလယ်ဝယ် ကျော်ကြားခဲ့ဟန်တူလေသည်။ အထူးသဖြင့် ချစ်လွယ် လွမ်းလွယ်သော ပျိုရွယ်သူတို့၏ နှစ်ခြိုက်မှုကို ရခဲ့ဟန်တူလေသည်။ ဤသို့ဖြင့် တရားကို မင်ရသည့်အပေါ် တွင် ပုဂ္ဂိုလ်ခင်စရာ အကြောင်းကလည်း ဆင့်လောင်လေပြန်သေးသည်။


www.burmeseclassic.com

ထိုအကြောင်းသည် အခြားမဟုတ်၊ သူ့ခေတ်က ယောကျ်ားဆိုလျှင် ကိုယ်တွင် မင်သေ့ (ထိုးကွင်း)ရှိပါမှ တင့်တယ်သည်ဟု အယူရှိခဲ့ကြသည်။ အောက်ဒူးကျမှ အထက်ခါးအထိ အပြည့် ထိုးနိုင်လျှင် အများချီးမွမ်းစရာဖြစ်လေသည်။ နတ်သျှင်နောင်မှာ လူရည်ကလည်း ကြော့သည်။ ထို့ပြင် ခါးကို မင်သေ့ပတ်မိအောင် ထိုးထားလေသောကြောင့်လည်း အဝါနုရောင် ကတ္တီပါအင်္ကျီ တိုကို ဝတ်၍ ဟန်ပန်ပြလိုက်သည့်အခါ ခါးပတ်လည်သည် အဝါကို အစိမ်းရောင် ကွပ်ထားသကဲ့ သို့ ရှိလေတော့သည်။ ထိုအခါ နန်းတွင်းသူများအဖို့ လူကလည်း ချစ်စရာ၊ စာကလည်း ချစ်စရာ ဖြစ်ရမည်မှာ မုချပေတည်း။

သို့သော် နတ်သျှင်နောင်၏ ဘဝသည် ချစ်မှု၊ လွမ်းမှုတွင် အမြစ်တွယ်လေသော ကဗျာ့ အာရုံ၌ တသက်လုံး နစ်နေသည် မဟုတ်ချေ။ သူ့အဖို့ ချစ်မှု လွမ်းမှုသည် အတိုင်းအတာရှိ၏ ။ ပျို့ရှယ်သူတို့၏ အချီးအမွမ်းကို ခံလိုမှုသည်လည်း ထို့အတူပင်။ အမှန်စင်စစ် သူ့ဇာတိ တောင်ငူ သည်ဂုဏ်း၊ သူ့မျိုးရိုးသည်ဂုဏ်း၊ သူ့ကံကို စီမံရာတွင် အချက်အခြာ ဖြစ်ခဲ့ကြသည်။

တောင်ငူဒေသသည် အရှေ့ဘက်တွင် ရှမ်းကုန်းပြင်မြင့်၊ အနောက်ဘက်တွင် ပဲခူးရိုးမ နှင့်တစပ်တည်း ဖြစ်၍တကြောင်း မြို့ပတ်ဝန်းကျင်တွင် ခပေါင်း၊ ပေါင်းလောင်း၊ ဆွာစသည်ဖြင့် မြစ်ချောင်းအများက ဝိုင်းရံနေလေသည်ဖြစ်၍တကြောင်းတို့ကြောင့် ဆင်ဖမ်းရာ တောကစားရာ အရပ်သည်လည်း ပေါ၏ ။ စိမ့် စမ်း ရေတံခွန် သန့်စင်ဂမုန်း ကျွန်းသစ်ပင်စသော ရှုခင်းတို့သည် လည်း စုံလေသည်။ တဖန် မြို့လယ်မှ လေးကျွန်းကန်တွင် ကြာမျိုးစုံစုံဖြင့် ရေသဘင်နန်းရှိ၏ ။ နန်းတော်မြောက်ဖက်မှ မြေအပြင်ကား မင်းမှူးမတ်များအဖို့ ကူလီ(ဗလီ)ရိုက်ရန် ကောင်းလေ သည်။ မြို့အရှေ့တောင်ဘက် ခရီးဆယ်တိုင်အကွာ တောင်ပေါ် မှာ မြတ်စောညီနောင်ဘုရားသည် အလွမ်းခံရှိသူများအဖို့ အလွမ်းဖြေရာ တိုင်တည်ရာဖြစ်သည်။ ထို့ကြောင့် တောင်ငူသည် နတ် သျှင်နောင်ကဲ့သို့ မင်းပျိုမင်းလွင်များအဖို့ ပျော်စရာ အရပ်ဖြစ်ခဲ့လေသည်။ ထိုမျှမကသေး ရှေး အထက်ကာရီကတည်းက ရန်အမျိုးမျိုးကြောင့် အင်းဝမှ ရှင်ထွေးနာသိန်၊ လှော်ကား ၃၀၀၀ မှူးအပါအဝင် ပြည်သူအများသည် ခိုဝင်ခဲ့လေသည်ဖြစ်ရာ တောင်ငူသည် အားသစ်အင်သစ်ဖြင့် ပြည့်နေခဲ့သည်။ တောင်ငူနန်းထိုင်ခဲ့သော မင်းတရားရွှေထီး၊ ထို့နောက် သူ့ယောက်ဖ ဘုရင့်နောင် တို့သည် ထိုတောင်ငူအားကိုပင် သုံး၍ ပြည်၊ အင်းဝ၊ သိန္နီ၊ ပဲခူး၊ ထားဝယ် စသည်ဖြင့် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ကျယ်ပြန့်စွာ လက်နက်နိုင်ငံ ထူထောင်ခဲ့ကြသည်။ ထိုနယ်နိမိတ် အ လွန် ဇင်းမယ်၊ လင်းဇင်း၊ ယိုးဒယားဘက်သို့ပင် အာဏာစက် ဖြန့်ခဲ့ကြသည်ဖြစ်လေသည်။ ထို့ ကြောင့် တောင်ငူမင်းမျိုးမှ ဆင်သက်လာသော နတ်သျှင်နောင်အဖို့ မျိုးရိုးဂုဏ်သည် သွေးမြောက် စရာ ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

နတ်သျှင်နောင်သည် တောင်ငူနန်းတွင် ကြီးပြင်းခဲ့ရလေသည်။ ထိုအခါ၌ကား ဘုရင့်နောင်သည် လွန်ခဲ့ပြီဖြစ်၏။ ဘုရင့်နောင်သည် နတ်သျှင်နောင်၏ အဖိုးဖြစ်သူနှင့်အဖတူ၊ အမိကွဲ ညီအကိုတော်လေသည်။ သူသည် နိုင်ငံအဝှန်းတွင် အာဏာစက်ဖြန့်ခဲ့ပြီးနောက် မွန်တို့နေရာ(ဟံသာဝတီ)ပဲခူးကို မင်းနေပြည်လုပ်ကာ အုပ်စိုးသည်။ ထို့နောက် ပြည်၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ဇင်းမယ်စသည်တို့တွင် သူ့ညီများ၊ သားများကို လက်အောက်ခံ မင်းများအဖြစ် ခန့်ထား အုပ်စိုးစေလေသည်။ ဤတွင် နတ်သျှင်နောင်၏ အဖိုးဖြစ်သူ မင်းခေါင်သည် တောင်ငူ၌ လက်အောက်ခံမင်းဖြစ်လာရ၏။ မင်းခေါင်နှင့်တကွ အခြားလက်အောက်ခံမင်းတို့သည်လည်း ဘုရင့်နောင်နှင့်(ဘုရင့်နောင်လွန်ပြီးနောက် ထီးနန်းဆက်ခံသော သားဖြစ်သူ)နန္ဒဘုရင်(ငါးဆူဒါယကာ)၏ သစ္စာကို ခံယူကာ အမှုတော်ကို ထမ်းရွက်ခဲ့ကြသည်ဖြစ်လေသည်။ နတ်သျှင်နောင်သည်လည်း အရွယ်ရောက်လာသည်နှင့်အမျှ နန္ဒဘုရင်လက်ထက်၌ ပေါ်ပေါက်လာသောအရေးအခင်းတို့တွင် ပါဝင်တန်သလောက် ပါဝင်လာရလေသည်။ ၁၅၈၄ ခုနှစ်တွင် အဖိုးဖြစ်သူလွန်၍ အဖဖြစ်သူက မင်းရဲသီဟသူဘွဲ့ဖြင့် တောင်ငူနန်းကို သိမ်းပိုက်ခဲ့သောအခါ နတ်သျှင်နောင်သည် ပို၍အရာရောက်လာလေသည်။

၁၅၉၀ ခုနှစ်အတွင်း မိုးကောင်းစော်ဘွား ပုန်ကန်ချိန်၌ နတ်သျှင်နောင်သည် အသက်ဆယ့်သုံးနှစ်ရှိလေပြီ။ မိုးကောင်းကို နှိမ်နင်းရန်ဟု နန္ဒဘုရင်က သားဖြစ်သူပြည်စားမင်းကြီးနှောင်းကို အကြီးအချုပ်လုပ်စေ၍ တပ်ဆယ့်သုံးတပ် ပို့သည်။ ထိုတပ်များတွင် နတ်သျှင်နောင်၏ တပ်လည်း ပါလေသည်။ ခြောက်လနှင့်အနိုင်ရ၍ ပဲခူးသို့တပ်များ ပြန်ရောက်သည်တွင် နတ်သျှင်နောင်သည် ပထမဆုံးအကြိမ် အဆောင်အယောင် စားကျေးစားလက်ဖြင့် ချီးမြှင့်ခံရလေသည်။ တဖန် ၁၅၉၂ ခုနှစ် ယိုးဒယားမင်းကို တိုက်ရန်ဟု တပ်နှစ်ဆယ့်ကိုးတပ် ပို့ပြန်သည်။ ထိုတပ်များတွင် သားဖြစ်သူ အိမ်ရှေ့မင်းကြီးစွာ၊ ပြည်စားမင်းကြီးနှောင်း၊ တောင်ငူနတ်သျှင်နောင်ဟူ၍ မင်းသားသုံးဦးပါကြသည်။ ဤအခါကား မြန်မာအိမ်ရှေ့မင်း တိုက်ပွဲတွင် ကျသည့်အခါပေတည်း။ ကျပုံကို မြန်မာဘက်က ပြောသည်မှာ မြန်မာတပ်နှင့်ယိုးဒယားတပ်သည် မျက်နှာချင်းဆိုင်လျက်ရှိကြသည်။ အိမ်ရှေ့မင်းကြီးစွာကို လကျာ်ဘက်တွင် မင်းကြီးနှောင်းက ရံ၍ လက်ဝဲဘက်တွင် နတ်သျှင်နောင်က ရံလေသည်။ ဤတွင် ယိုးဒယားမင်း ဗြနရာဇ်(ဖရနရေးဆုအင်)က ဆင်ကို မင်းကြီးစွာရှိရာသို့ အပြင်းလွှတ်သည်။ မြန်မာဘက်ကလည်း ယိုးဒယားတပ်ကို တိုက်ရန်ဟု မုန်ပြင်းလှသော ဆင်တကောင်ကို မျက်နှာအုပ်ထားရာမှ ဖွင့်လိုက်သည်။ ထိုဆင်သည် ယိုးဒယားဆင်ကိုကား မဝှေ့၊ မင်းကြီးစွာစီးနေသော ဆင်ကိုသာ ဝှေ့နေ၍ မင်းကြီးစွာမှာ အပန်းတကြီးတိုက်နေရသည်။ ထိုစဉ်တွင် တဖက်မှ ပစ်လွှတ်လိုက်သော စိန်ပြောင်းသင့်၍ ဆင်ထက်တွင် မင်းကြီးစွာ ဆုံးရှာသည်။

www.burmeseclassic.com

နတ်သျှင်နောင်လည်း ဆင်တော်ဥပေါသထကို စီးကာ ရှတ်ခြည်းတိုက်လေရာ ဗြနရာဇ်သည် ဆုတ်ရလေသည်။ အဆုတ်တွင် မင်းကြီးနှောင်းစသော တပ်မှူးစစ်ကဲတို့က ဖိ၍လိုက်လေသည်။ မြန်မာဘက်မှ အလိုက်ကျွံသူတို့ကို ယိုးဒယားဘက်က ရသည်။ ယိုးဒယားဘက်မှ လူအချို့ကိုလည်း မြန်မာဘက်က ရသည်။ သို့သော် အိမ်ရှေ့မင်းကား ဆုံးခဲ့ပြီဖြစ်၍ မြန်မာတို့သည် ပဲခူးပြန်ရန် ဆုံးဖြတ်ကြလေသည်။ အိမ်ရှေ့မင်းအလောင်းကိုလည်း ပြဒါးသွင်ပြီးလျှင် မင်းကြီးနှောင်းနှင့်နတ်သျှင်နောင်တို့က ပဲခူးသို့ပြန်သယ်ခဲ့ရာ နန္ဒဘုရင်နှင့် အိမ်ရှေ့မိဖုရားရာဇဓာတုကလျာအပါအဝင် မင်းမှူးမတ်တို့က ကြေကွဲဝမ်းနည်းစွာ ဆီးကြိုသဂြိုဟ်ကြလေသည်။

(၃)

နတ်သျှင်နောင်တွင် အရွယ်ရောက်လာသည်နှင့်အမျှ အတွေ့အကြုံလည်း တိုးခဲ့ပြီ။ ထိုအတွေ့အကြုံသည် နောင်လာလတ္တံ့သော အရေးအခင်းများတွင် အသုံးချစရာ ဖြစ်ခဲ့လေသည်။ ထိုအရေးအခင်းများ ဖြစ်ခဲ့ရသည်မှာလည်း အုပ်ချုပ်သောမင်းကြောင့်ဟု ဆိုရာသည်။ နန္ဒဘုရင်သည် ပြည်သူတို့၏ အလိုကို မလေးစား၊ သူ့အရှိန်အစော်ကြီးရန်သာ အားထုတ်ခဲ့လေသည်။ သူနန်းတက်သည့်အချိန်မှ ၁၅၉၂ ခုနှစ်အထိ ကိုးနှစ်အတွင်း ယိုးဒယားကို စစ်ပြုခဲ့သည်မှာ ငါးကြိမ်တိုင်တိုင်ပင် ဖြစ်သည်။ စစ်ပြုသည်ဆိုလျှင် မွန်မြန်မာပြည်သူတို့သည် အိုးပစ်အိမ်ပစ်နှင့်အရပ်တပါးသို့ လိုက်ခဲ့ရသည်သာ ဖြစ်လေသည်။ ကြာသော် စစ်ကိုရှောင်ရန်ဟု အများပင် ရဟန်းဝတ်ကြသည်။ ဤသည်ကို ဘုရင်က ရိပ်မိ၍ စစ်ဆေးကာ လူထွက်စေသည်လည်း ရှိသည်။ ရဟန်းဝတ်နှင့်နယ်နှင်လေသည်လည်း ရှိသည်။ မကြာမီ မော်ပီဘက်မှ မွန်များ ထကြွ၍ သူက အပြင်းအထန်နှိပ်ကွပ်ပြန်သည်။ လွတ်လေသူများလည်း တောင်ငူ၊ ရခိုင်၊ ယိုးဒယားသို့ အသီးသီးပြေးဝင်ကြလေသည်။

ပြည်ထဲရေးကား မကောင်းတော့ချေ။ ထို့ထက် အခြေအနေပိုဆိုးအောင် ဖန်တီးလာသည်ကား နန္ဒဘုရင်က သားဖြစ်သူ အင်းဝစား မင်းရဲကျော်စွာကို အိမ်ရှေ့အရာ ပေးရန် ပဲခူးသို့ခေါ်ယူလိုက်သည့်အခါတွင် ဖြစ်ပေသည်။ မင်းရဲကျော်စွာသည် ပဲခူးသို့အဆင်းတွင် အထက်ရောဝတီမြစ်ရိုးတလျှောက်၌ တောသူတောင်သားဘာဝလုပ်ကိုင်စားသောက်နေကြသူအများကို အနိုင်အထက် ခေါ်ဆောင်လာခဲ့သည်။ ပဲခူးရောက်ပြန်သောအခါ သူမယုံသည့်မွန်များကို လယ်မလုပ်စေဘဲ မြန်မာများကိုသာလျှင် လယ်လုပ်စေခြင်း၊ လယ်မှရသော စပါးကိုလည်း ဈေးကြီးတင်၍ရောင်းချစေခြင်း စသည်ဖြင့် မလျော်သောအမှုများကို ကျူးလွန်လေသည်။ ဤအရေးနှင့်စပ်၍ ညီဖြစ်သူ(ပြည်စား)မင်းကြီးနှောင်းနှင့်စိတ်ဝမ်းကွဲရပြန်လေသည်။

အချင်းချင်း မညီညွတ်က အဝေးမှရန်သည် ဝင်လာတော့မည်သာ။ ထိုရန်သည်လည်း



www.burmeseclassic.com

www.burmeseclassic.com

အခြားမဟုတ်။ ဖြနရာဇ်ပင် ဖြစ်လေသည်။ သူသည် မော်လမြိုင် မွန်များနှင့်ပေါင်း၍ ပဲခူးကို လာဝိုင်းလေသည်။ ဇင်းမယ်မင်းနှင့်တောင်ငူမင်းတို့က ပဲခူးဘက်က ကူလေသောကြောင့် နန္ဒဘုရင်မှာ သက်သာရာ ရတော့သည်။ သို့သော် သားဖြစ်သူ မင်းကြီးနှောင်းက သူ့အပေါ် တွင် ပုန်ကန်ခဲ့ပြီဖြစ်၏ ။ ပုန်ကန်ခဲ့သည့်အကြောင်းမှာ နန္ဒဘုရင်၏ စစ်ပွဲတို့တွင် ပါဝင်တိုက်ခိုက်ပေးခဲ့သော သူ့လို သားအစား၊ နိုင်ငံဆူရလောက်အောင် မိုက်လှသော မင်းရဲကျော်စွာလိုသားမျိုးကို အိမ်ရှေ့ အရာ ပေးသည့်အတွက် မကြေနပ်၍ဟု ဆိုကြလေသည်။ နန္ဒဘုရင်သည် ထိုရန်ကိုမှ မနှိမ်ရသေးမီ ပဲခူးအရှေ့မှ အနောက်အထိ ကြွက်ရန်သည် စပြန်လေသည်။ ကြွက်ရန်ကြောင့် ကျီရှိစပါးတွေလည်းပျက်စီး၊ အင်တ်ဘေးလည်း ဆိုက်လာချေသည်။ ထိုဘေးမှ ပဲခူးရှိ လင်းဇင်းအမှုထမ်းစသူများလည်း ပြေးသူပြေး ဖြစ်ကုန်ကြပြန်ရာ နိုင်ငံမှာ ကသောင်းမောင်းနင်း ရှိလေသည်။ ထိုအတွင်း မင်းကြီးနှောင်း၏ အနှောင့်အရှက်က ကြီးသည်ထက် ကြီးလာသည်ဖြစ်၍ နန္ဒဘုရင်သည် တောင်ငူကျေးစပ်ကစ၍ မြောက်ဘက်တလွှားရှိ လူအများကို ပဲခူးသို့ချည်းသွင်းလေသည်။ ထို့ပြင် မင်းညီမင်းသားများ ပုန်ကန်မည်စိုး၍ ဇင်းမယ်၊ ညောင်ရမ်း၊ တောင်ငူမင်း(ငယ်)များထံမှ သူတို့၏ သားသမီးများကို တံဆာခံအဖြစ် တောင်းလေသည်။ အတောင်းခံရသူများတွင် တိုက်ရည်ခိုက်ရည်ရှိသော နတ်သျှင်နောင်နှင့်သူ့ဆင်ဥပေါသထလည်း ပါ၏ ။ ထိုအခါ တောင်ငူမင်းနှင့်ဇင်းမယ်မင်းတို့မှာ နန္ဒဘုရင်အပေါ် တွင် အလွန်နာကျည်းကာ ခြားနားရန် ပြင်ဆင်ကြလေသည်။ အရေးကိုမြင်သော ညောင်ရမ်းမင်းလည်း မြို့ကို အခိုင်အလုံလုပ်ပြီးလျှင် ရှေးနေပြည်တော်ဖြစ်သော အင်းဝကို သိမ်း၍ တထီးတနန်း ထောင်လေသည်။

မင်းကြီးနှောင်းကလည်း နန်းလုရန် ပြင်ဆင်နေပြီ။ ညောင်ရမ်းမင်းကလည်း တသီးတခြားလုပ်နေပြီ။ ကိုယ်ကဦးမှ အရေးလှတော့မည်ဟုတွေး၍ တောင်ငူမင်းရဲသီဟသူသည် ရခိုင်မင်းရာဇာကြီးထံသို့ စာပို့ကာ ပဲခူးကို အတူတွဲတိုက်ရန် ညှိလေသည်။ သဘောချင်းညီ၍ တပ်နှစ်ခုသည် ပဲခူးကို ၁၅၉၈ –ခုနှစ်တွင် ဝိုင်းလေသည်။ ဤတွင် ရခိုင်မင်း၏ သား အိမ်ရှေ့မင်းခမောင်းက သံလျှင်ကို ရေတပ်နှင့် အရင်သိမ်းနှင့်လသည်။ ထို့နောက် ပဲခူးသို့တက်၍ မြို့တောင်က ရံသည်။ မင်းရဲသီဟသူက မြို့ရှေ့က ရံသည်။ နတ်သျှင်နောင်က မြို့မြောက်က ရံသည်။ ပဲခူးသားတို့မှာ မတွန်းနိုင် မလှန်နိုင်ဖြစ်၍ အစာရေစာ ခေါင်းပါးသည့်ဘေးနှင့် ရင်ဆိုင်ရပြန်လေသည်။ မြို့တွင်းရှိ မင်းဆွေမင်းမျိုးများ၊ အမှုထမ်းများလည်း ရခိုင် တောင်ငူတပ်သို့ ဝင်သူဝင်၊ အင်းဝသို့ ပြေးသူ ပြေးဖြစ်လေကုန်သည်။ ပဲခူးအိမ်ရှေ့မင်းရဲကျော်စွာလည်း သူ့တွင် တိုက်အားကုန်ခဲ့ပြီဖြစ်၍ တောင်ငူမင်းထံမှ အသက်လွှတ် ကတိတောင်းပြီးလျှင် နန္ဒဘုရင်ကို အသိမပေးဘဲ အညံ့ခံလေသည်။ တောင်ငူမင်း ရဲသီဟသူကလည်း ကတိအတိုင်း မင်းရဲကျော်စွာကို တောင်ငူသို့ပို့လေသည်။ ဤသည်ကို နတ်သျှင်နောင်က နည်းနည်းမှ အကြိုက်လေ။ သူ့သဘောအရ မင်းရဲကျော်စွာကို အရှင်ထားလျှင် အရေးပျက်စရာ အကြောင်းသာ ရှိလေသည်။ ထို့ကြောင့် တောင်ငူရှိ မယ်တော်


www.burmeseclassic.com

ဖြစ်သူ မင်းခင်စောထံ တိတ်တဆိတ် စာပို့ကာ မင်းရဲကျော်စွာကို သတ်စေလေသည်။

(၄)

သည့်နောက်ပိုင်းတွင်ကား မင်းရဲသီဟသူအတွက် အတားအဆီးဟူ၍ မရှိတော့ချေ။ အဘယ့်ကြောင့်ဆိုသော် သားဖြစ်သူ အညံ့ခံကြောင်းကိုကြားရသော နန္ဒဘုရင်သည်"ငါ့စည်းစိမ်ကို ငါ့ညီယူပါစေတော့။ ငါမူကား မြတ်စောညီနောင် ခြေတော်ရင်းမှာ သီတင်းသုံးနေပါတော့မည်"ဟု စိတ်လျှော့၍ နန်းအပ်လေသောကြောင့်တည်း။ အမှန်စင်စစ် ပဲခူးနန်းတော်သည် နဲ့နဲ့ရရမဟုတ်။ ဘုရင့်နောင်၏ ဇွဲလုံ့လဖြင့် ဖန်တီးခဲ့သော နန်းတော်ဖြစ်သည်။ အပြည်ပြည် အမင်းမင်းတို့၏ ဝပ်စင်းခ,ယခဲ့ရသော နန်းတော်ဖြစ်သည်။ မင်းရဲသီဟသူပင် အခြားလက်အောက်ခံ မင်းများနည်းတူ နှစ်စဉ်နှစ်တိုင်း ပဲခူးနန်းတော်သို့ အကန်တော့ခံဝင်ခဲ့ရသည်ဖြစ်လေသည်။ ယခုသော် ထိုနန်းတော်သည် သူ့ကို ဝပ်စင်းခယခဲ့လေပြီ။ မင်းရဲသီဟသူသည် ရှေးဦးစွာ နန္ဒဘုရင်ကို တောင်ငူသို့ ပို့လေသည်။ ထို့နောက် ပဲခူးရှိ မင်းမှုးမတ်များကို တပ်တွင်း၌ရင်း၊ စစ်သည်များကို မော်ခေါ စေတီ၌ရင်း သစ္စာပေးပြီးလျှင် နန်းသိမ်းပွဲခံလေသည်။ စစ်ကူပေးခဲ့သော ရခိုင်တပ်သို့လည်း ပုဆိုးခါသာ စသော လက်ဆောင်ပစ္စည်းများ ပို့စေသည်။ ရခိုင်မင်းအတွက်လည်း နန္ဒဘုရင်၏ သမီး ခင်နှောင်းကို ပို့စေသည်။

ဤသည် မင်းရဲသီဟသူအတွက် အအောင်ကြီး အောင်ခဲ့သောပွဲဖြစ်လေသည်။ သားဖြစ်သူ နတ်သျှင်နောင်မှာလည်း ဗိုလ်ပုံအလယ်တွင် ပေါ်ထင်လှမည်ဖြစ်လေသည်။ အထူးသဖြင့် ပဲခူးနန်းတွင်းသူတို့အလယ်တွင် မျက်နှာပွင့်လှပေလိမ့်မည်။ သို့သော် နတ်သျှင်နောင်က စုံမက်သူမှာ တဦးတည်းသာလျှင်ဖြစ်၏။ ထိုသူသည် ရာဇဓာတုကလျာပင်တည်း။ ဓာတုကလျာသည် မုဆိုးမလည်း ဖြစ်၊ နတ်သျှင်နောင်ထက် အသက်ကြီးသူလည်း ဖြစ်လေသည်။ သို့သော် ထိုအချက်များသည် နတ်သျှင်နောင်အဖို့ အရာမထင်၊ ဓာတုကလျာ၏ ရုပ်ရည်နှင့်သဘောသကာယကို သူ စုံမက် မြတ်နိုးနေသည်မှာ ကြာခဲ့ပြီ၊ ထိုစိတ်စေတနာတို့မှ–

"ချစ်ပိုင်ဆက်ရာ၊ လက်ဆောင်လျှာမူ
သက်သက်ဖြစ်သင့်၊ ပေထိုက်တင့်ဟု
ကြိုးခွင့်လျှောက်မည်၊ ကြံချင်သည်လည်း
ဝိုက်လည် ခ,ယ၊ ဘယ်သူသ,၍
လှမျှော့စံကျွန်း၊ မိန့်တော်ပန်းကို
မြဝန်းရစ်သီ၊ မဆင်မီဝယ်
ချစ်ဆီတည့်လျော်၊ ကြားရသော်မျှ



www.burmeseclassic.com

www.burmeseclassic.com

လွှမ်းဖျော်ကြွေလွှတ်၊ ပြေတို့တတ်၏ ×××”

စသောကဗျာစကားလုံးကလေးများသည်လည်း ပေါက်ဖွားလာရပေသည်။ ပဲခူးဝယ် ရှိနေခိုက်တွင်ကား နတ်သျှင်နောင်မှာ ထိုစကားလုံးများလောက်ဖြင့် ချင်ခြင်းမပြေတတ်နိုင်။ ကုန်ခဲ့သည့်ရက်များကို အတိုးချ၍ ဓာတုကလျာ၏ အဆောင်သို့ မကြာခဏရောက်ခဲ့မည်သာ ဖြစ်လေသည်။ ဤတွင် သူ့အပေါ် ဓာတုကလျာကလည်း ချစ်တုံ့မပြန်ပေဘူးလားဟု အမေးရှိခဲ့အံ့။ သူတို့နှစ်ဦး နောင်တွင် စုံဖက်ကြသည့်အဖြစ်ကို ထောက်လျှင် တဦးနှင့်တဦး ချစ်ကျွမ်းဝင်ခဲ့ပါသည်ဟု ဆိုရမည်ကဲ့သို့ ရှိလေသည်။ ရာဇဝင်တွင်မူကား ထိုအချက်ကို တစွန်းတစမျှ မဆိုခဲ့။ မဆိုခဲ့ခြင်းမှာလည်း နတ်သျှင်နောင်၏ ဘဝတွင် ချစ်ရေးထက် စစ်ရေးက နေရာပို၍ယူသောကြောင့် ဖြစ်လေရာ၏။ ယခုပင်လျှင် နတ်သျှင်နောင်သည် ချစ်ရေးကို အားရအောင် လုံးပမ်းနိုင်ခဲ့ဟန် မတူ။ နန္ဒဘုရင်အကြောင်းကို ကြားရသော ဖြနရာဇ်သည် ပဲခူးသို့ချီတက်လာချေသည်။ မင်းရဲသီဟသူနှင့်နတ်သျှင်နောင်တို့လည်း ရခိုင်တပ်ကို ပဲခူးတွင်ထားခဲ့ကာ တောင်ငူမှ ဆီး၍ခံလေသည်။ ရခိုင်တပ်လည်း ပဲခူးတမြို့လုံးကို မီးရှို့ဖျက်ဆီးလေသည်။ ထိုအခါ ဖြနရာဇ်သည် တောင်ငူကို လိုက်လာလေသည်။ နန္ဒဘုရင်ကို အပ်ရမည်ဟူ၍လည်း တောင်းလေသည်။ တောင်းရသည့်အကြောင်းမှာ နန္ဒဘုရင်ကို ရသူသည် ပဲခူးကို ရသူမည်သောကြောင့်တည်း။ တောင်းလိုလည်း တောင်းပေစေ။ မင်းရဲသီဟသူက မပေး၊ တင်း၍သာခံနေသည်။ ထိုအတွင်း ယိုးဒယားတပ်ကို ပို့သည့်ရိက္ခာတပ်ကို ရခိုင်တပ်က လမ်းမှဖြတ်၍ တိုက်သဖြင့် ယိုးဒယားတပ်သည် ပြန်ဆုတ်ရလေသည်။ အဆုတ်တွင် မုတ္တမမွန်တို့ကို လက်အောက်ခံ ပြုသွားခဲ့လေသည်။

ဖြနရာဇ်ကား ပြန်လေပြီဖြစ်၏။ သို့သော် နတ်သျှင်နောင်သည် နန္ဒဘုရင်အရေးနှင့်စပ်၍ ရင်မအေးဘဲ ရှိလေသည်။ သူသည် တောင်ငူ၏လုံခြုံရေးတွင်သာ အာရုံ အမြဲရောက်နေခဲ့သည်။ ဖြနရာဇ်အပြင် အခြားမင်းတဦးဦးက တောင်းပြန် တိုက်ပြန်ပါက အခက်ပင်။ ထို့ကြောင့် အဖဖြစ်သူကို လျှောက်လေသည်မှာ “ဟံသာဝတီရှင်ဘုရင်ကို အရှည်ထားလျှင် အရေးလစ်လပ်လိမ့်မည်။ ရန်စကို ဖြတ်မှ သင့်မည်”ဟူ၍ဖြစ်လေသည်။ လျှောက်ချက်ကို မင်းရဲသီဟသူက လက်မခံ၊ နန္ဒဘုရင်သည် သူနှင့်သွေးသားတော်သူ ဖြစ်၍ မာမာတင်းတင်း မလုပ်လို။ ထို့ပြင် သူ၏ ရှေ့ရေးမှာလည်း စိတ်ချရပြီဟု ယူဆလေသည်။ ယူဆစရာ အကြောင်းကလည်း ရှိ၏။ ပဲခူးတဝိုက်သည် သူ့လက်အောက်ခံ ဖြစ်နေပြီ။ ရခိုင်နှင့်လည်း သူ မဟာမိတ် လုပ်ထားသည်။ ရခိုင်နှင့်အဆက်အသွယ် လွယ်ရအောင်လည်း ရခိုင်မင်း၏ ကျေးကျွန်ဖြစ်သူ ပေါ်တူကီလူမျိုးဒေဘရစ်တို (ငဇင်ကာ)ကို သံလျင်တွင် အစောင့်အနေ ထားရှိစေသည်။ ညောင်ရမ်းမင်းကိုသာ စောင့်ကြည့်ရန် ရှိသည်။ သို့သော် သူ့ကို ရုတ်တရက် ထိခိုက်စရာ အကြောင်းကား မမြင်။ ထိုယူဆချက်အတိုင်း ၁၆၀၂–ခုနှစ်တွင် မင်းရဲသီဟသူသည် တောင်ငူကို ကျုံးမြို့ရိုးအသစ်တဖန် ပြုပြင်၍ တထီးတနန်းမင်းလုပ်လေတော့သည်။ နတ်သျှင်နောင်ကိုလည်း (ပဲခူးအိမ်ရှေ့အဆောင်အယောင်နှင့်အကွ)



www.burmeseclassic.com

အိမ်ရှေ့အရာနှင်း၍ ရာဇာမာတုကလျာနှင့်ပေးစားလေသည်။

(၅)

နတ်သျှင်နောင်အဖို့ သာမန်မင်းသားဘဝမှ အိမ်ရှေ့အရာသို့ရောက်ရခြင်းသည် ကြေနပ်ဖွယ်ရာ ဖြစ်ပါပေသည်။ ပို၍ကြေနပ်ဖွယ်ရာ ဖြစ်ရသည်မှာ အိမ်ရှေ့မင်း၊ အိမ်ရှေ့မိဖုရားဟူ၍ မာတုကလျာနှင့်အတူယှဉ်ရခြင်းပင်တည်း။ ထို့ကြောင့် ဘုရင်မင်းမြတ်သည် မျုးမတ်အစုံအညီဖြင့် ကရဝိတ်ဖောင်စီး၍ လေးကျွန်းကန်၌ လှည့်လည်စံပယ်သည့်အခါမျိုးတွင် နတ်သျှင်နောင်သည် အိမ်ရှေ့မိဖုရားနှင့်အတူ နှစ်သက်ကြည်နူးစွာ ပါခဲ့လေမည်ဖြစ်သည်။ ဘုရင်မင်းမြတ်သည် ချောင်းမ ရှင်စောဘုရားကို ရွှေကိုယ်လုံးပြည့်ထည့်၍ ထီးတင်သည့်အခါမျိုးတွင် သူသည် အိမ်ရှေ့မိဖုရားနှင့်အတူ သဒ္ဓါကြည်ညိုစွာ ပါဝင်ပူဇော်ခဲ့လေမည် ဖြစ်သည်။

တဖန် အိမ်ရှေ့အိမ်(တော်)တွင် အတူစံနေကြသည့်အခါမျိုးတွင် သူ့မိဖုရားကို ရတုကဗျာ တီတာတာဖြင့် နှစ်သိမ့်ခဲ့တန်ရာသည်။ သူသည် ညီမျှားနှင့်အတူ အသဲထိတ်စရာ ကူလီ(ဗလီ)ရိုက်၍ အနိုင်ရခဲ့သည့်အခါမျိုးတွင် သူ့မိဖုရားထံသို့ သတင်းကောင်းကို ကြိုတင်ပါးခဲ့တန်ရာသည်။ သို့သော် သူ့မိဖုရားနှင့်အတူ နေလိုက်ရသောအခါကာလသည် မကြာပါလေ။ မာတုကလျာသည် သူနှင့်စုံဖက်၍ ခုနစ်လအကြာတွင် လွန်ခဲ့ရာ သူ့မှာ ကြေကွဲရပြန်သည်။ ဤတွင် သူ၏ကြေကွဲစိတ်၊ လွမ်းဆွေးစိတ်ကို ပေ့ါပါးစေနိုင်သော အကြောင်းတခုကား ရှိပါလေသည်။ ထိုအကြောင်းသည် အခြားမဟုတ်။ သူသည် စစ်နှင့်ဖက်၍ ကြီးပြင်းခဲ့သူဖြစ်၏ ။ ထို့ပြင် ဘုရင့်နောင်၏လက်နက်နိုင်ငံ ပြိုကွဲကတည်းက တောင်ငူမင်းဆက်ကို ပြန်လည်ထူထောင်လိုစိတ်သည် သူ့တွင်ပြင်းပြလှသည်။ ပြင်းပြသည့်အလျောက် တောင်ငူကို ထိပါးမည့်ရန်သူဟူသမျှကို သတိမပြတ်စောင့်ကြည့်နေခဲ့သည်။ ထို့ကြောင့်လည်း ပဲခူးကို နိုင်ခဲ့စဉ်က ပဲခူးအိမ်ရှေ့မင်းရဲကျော်စွာကို သတ်စေခဲ့ဘူးသည်။ ယိုးဒယားတပ်ဆုတ်စဉ်ကလည်း တောင်ငူတွင် အကျယ်ချုပ်ဘဝဖြင့် ရှိနေသော နန္ဒဘုရင်ကို အဖမသိရအောင် မယ်တော်ဖြစ်သူ မင်းခင်စောနှင့်တိုင်ပင်၍ သတ်ခဲ့ပြန်သည်။ ထို့ပြင် မာတုကလျာ လွန်သည့်နှစ်၌လည်း ဒေဘရစ်တိုက ဘုရားဖျက်၊ ရွှေငွေယူနှင့်တသီးတခြားလုပ်ပြန်သည်ဖြစ်ရာ ရခိုင်နှင့်ပေါင်း၍ နတ်သျှင်နောင်တို့က နှိမ်နင်းရန် ကြိုးစားလေသေးသည်။ ရခိုင်အိမ်ရှေ့မင်း ခမောင်းကို ဒေဘရစ်တိုက လက်ရမိထားနှင့်၍သာ နတ်သျှင်နောင်တို့မှာ လက်လျှော့ခဲ့ရသည်။

၁၆၀၉–ခုနှစ်တွင် မင်းရဲသီဟသူလွန်၍ နတ်သျှင်နောင် မင်းဖြစ်လေသည်။ မင်းဖြစ်၍

www.burmeseclassic.com

တနှစ်မကျော်သေးမီ (ညောင်ရမ်းမင်း၏ သား)အင်းဝမင်း သခင်လတ်(အနောက်ဖက်လွန်)သည် တောင်ငူကို တိုက်လေသည်။ အင်းဝတပ်ကား လူအား ဉာဏ်အား များလှချေသည်။ ထိုအထဲတွင် ပဲခူးပျက်စဉ်က အင်းဝတွင် ခိုဝင်ခဲ့သော မှူးမတ်စစ်သည် အများလည်းပါသည်။ ညောင်ရမ်းမင်းနှင့်သူသိမ်းခဲ့သော ပြည်နှင့်ရှမ်းပြည်တလွှားမှ စစ်သည်အများလည်း ပါသည်။ ထိုတပ်ကို တောင်ငူတပ်က ယှဉ်မတုနိုင်ဖြစ်လေသည်။ ပို၍ဆိုးသည်မှာကား အရေးကြီးလှသော ထိုအချိန်တွင် နတ်သျှင်နောင်သည် ဆင်မြင်းကိုမှ မစီးနိုင်ရလောက်အောင် ကိုယ်တွင် အနာရနေသော အဖြစ်ပေတည်း။ ထို့ကြောင့် ပြာသာဒ်ကျောင်းဘုန်းကြီးနှင့်ဘထွေးကျော်ထင်တို့၏ မေတ္တာရပ်ခံချက်အရ သူသည် သခင်လတ်ကို အညံ့ခံရလေသည်။ အညံ့ခံသော်လည်း မာန်ကို ကောင်းစွာ မချ။ ''ဆင်စီးချင်းတိုက်မည်ဟု အားသန်လျက် ရှိနေပါသည်။ အနာဖြစ်၍ ဆင်မြင်းမစီးနိုင်ဘဲ ဖြစ်ခဲ့ရသည်''စသည်ဖြင့် ဘုရင်ချင်းဆုံသည့်အခါ ပြောခဲ့လေသည်။

တောင်ငူနန်းကား မှန်ကင်းအချခံလိုက်ရပြီ။ နတ်သျှင်နောင်လည်း သခင်လတ်၏ လက်အောက်ခံမင်းဖြစ်ခဲ့ရပြီ။ ဤသည်ကို သူ မကြေနိုင်ခဲ့။ သခင်လတ်လည်း ဘုရင့်နောင်၏ မြေး၊ သူလည်း ဘုရင့်နောင်၏ မြေးဖြစ်သည်။ တနှစ်မျှ(တထီးတနန်းနှင့်)မင်းလုပ်ခဲ့ပြီးမှ ယခုလို အရည်တူမင်း၏ လက်အောက်ခံ ဖြစ်ရသည်မှာ ရှက်ဖွယ်လိလိဟု သူတွေးမိလေသည်။ ထို့ပြင် စစ်ရှုံးသော မင်းတို့ တွေ့မြဲဓမ္မတာအတိုင်း တောင်ငူသားများ၊ ပဲခူး၊ ပြည်၊ အင်းဝမှ ရှေးက ခိုဝင်ခဲ့သူများ၊ သူ့ဆွေမျိုးများအား အင်းဝသို့ သိမ်းယူသည်ကို နာကျည်းလှလေသည်။ သူ့ညီ မင်းရဲကျော်စွာ တဦးသာ ဒေဘရစ်တို ရန်ကို ကာကွယ်ဘို့ဟု သခင်လတ်က ပြန်လွှတ်၍ ကျောက်မော်တောင်ငူတွင် နေရသည်ဖြစ်၏။

သူသည် မဟာမိတ်ကို ရှာလေသည်။ ထိုအခါ တိုက်ရည်ကောင်းသော၊ အမြောက်သေနတ်ပေါသော သံလျင်မင်း ဒေဘရစ်တိုကို သူမြင်လေသည်။ ဒေဘရစ်တိုမှာ တိုင်းတပါးသားဖြစ်သူ၊ ဘုရားပုထိုး ဖျက်ဆီးသူဟူ၍ကား သူ မမြင်ပြီ။ ထို့ကြောင့် ၁၉၆၂–ခုနှစ်တွင် နတ်သျှင်နောင်သည် ''သခင်လတ်(အနောက်ဖက်လွန်)ကျွန်မခံလိုပြီ၊ ဒေဘရစ်တို(ဇဇ်ကာ)အစီရင်ကို ခံပါတော့မည်''ဟူ၍ သံလျင်သို့ စာပို့လေသည်။ ဒေဘရစ်တို၏ တပ်လည်း မုတ္တမစားတပ်နှင့်ပေါင်း၍ တောင်ငူသို့ ရေအား၊ ကြည်းအားဖြင့် ချီတက်လာလေသည်။ နတ်သျှင်နောင်၏ ညီ မင်းရဲကျော်စွာက အကို့အကြံအစည်ကို မသိရော့သလား မဆိုနိုင်၊ ဆီး၍ခံလေသည်။ မင်းရဲကျော်စွာ ကျသဖြင့် မြို့ပျက်သည်။ မြို့အပျက်တွင် မင်းခင်စော စသော တောင်ငူနေသူအများသည် အင်းဝသို့ပြေးဝင်လာကြလေသည်။ နတ်သျှင်နောင်သာလျှင် ဒေဘရစ်တိုတပ်နှင့်အတူ သံလျင်သို့ ပါသွားလေသည်။


www.burmeseclassic.com

သခင်လတ်လည်း အကျိုးအကြောင်း ကြားသိရပြီးသော် ဗိုလ်ပါအလုံးအရင်းနှင့် သံလျင်သို့ ဆင်းလာတိုက်ခိုက်လေသည်။ ဤတွင် သူ့ရဲမက်များက စွမ်းစွမ်းတမံ အမှုထမ်းကြသဖြင့်ငင်း၊ ဒေဘရစ်တိုတွင် ခဲယမ်းမီးကျောက် ရှားပါးနေသဖြင့်ငင်း၊ သုံးလနှင့်မြို့ကို အပိုင်သိမ်းနိုင်ခဲ့လေသည်။ သိမ်းပြီး၍ ငါးရက်အကြာတွင် ရှုံးတော်သို့ ဒေဘရစ်တိုနှင့်နတ်သျှင်နောင်တို့ကို ဆောင်ယူကာ စစ်မေးစေလေသည်။ ထိုအခါ ဒေဘရစ်တိုက သူနှင့်နတ်သျှင်မှာ တစိတ်တဝမ်းတည်းဟု ဖြေလေသည်။ နတ်သျှင်ကလည်း–

"ငါ့အကြောင်းကို စစ်မေးလျှင် ငါ့အကြောင်းကို သိပြီးပင်ဖြစ်သည်။ ဤပေါ် တူဂီအမျိုးသားတို့နှင့်ပေါင်းရုက်၍ တသွေးတသားတည်းဖြစ်ပြီး ဖြစ်ရကား သေဘေးကို ကြောက်သာတော့မည် မဟုတ်ပြီ။ ×××လက်သို့ရောက်သည်ဟု သတ်သော်လည်း ကိုယ်ကာယရုပ်အကောင်သာ သေနိုင်မည်။ အသက်ကို စိုးပိုင်သည် မဟုတ်၊ ပြုလိုရာပင် ဖြစ်သည်။ ခံတော့မည်"ဟု ဆိုလေသည်။

ဒေဘရစ်တိုသည် သံလျင်မြို့လယ်တွင် တံကျင်လျှို၍ အသတ်ခံရ၏။ နတ်သျှင်နောင်သည် ရင်ကိုဖွင့်၍ အသတ်ခံရ၏။ နတ်သျှင်နောင်၏ အလောင်းကို (အင်းဝတပ်နှင့်အတူ ပါလာခဲ့သော)နတ်သျှင်နောင်၏ ညီ မင်းရဲကျော်ထင်က သင်္ဂြိုဟ်ရသတည်း။



www.burmeseclassic.com

www.burmeseclassic.com


နတ်သျှင်နောင်

ကုလား၊ ဦး၊ ၁၉၆၁–ခု၊ မဟာရာဇဝင်ကြီး၊ တတိယအုပ်၊ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

ဒေါင်ဘီနာရှူနှင့်သီရိဇေတရတ်ကျော်၊ ၁၉၁၈–ခု၊ ပေါ်တူဂီရာဇဝင်၊ ရန်ကုန်၊ သူရိယသတင်းစာတိုက်။

နတ်သျှင်နောင်၊ ၁၉၆၆–ခု၊ ရတုပေါင်းချုပ်၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

မြကေတု၊ ၁၉၆၇–ခု၊ စာပေတန်ဆောင်၊ ရန်ကုန်၊ နှလုံးလှစာပေတိုက်။

မြန်မာစာဂုဏ်ကျော်မြင့်၊ ၁၉၆၇–ခု၊ စာပေတာဝန်၊ ရန်ကုန်၊ အောင်မြေစာပေ။

ရဝေရှင်ထွေး၊ ၁၉၅၃–ခု၊ "အန်ချင်း"၊ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၊ အတွဲ ၃၆၊ အပိုင်း ၁၊ မျက် ၇၉ မှ ၁၀၃ ထိ၊

သက်တင်၊ ဦး၊ ၁၉၅၇–ခု၊ သံလျင်မြို့ ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်သမိုင်း၊ ရန်ကုန်၊ သုဝဏ္ဏဝတီပုံနှိပ်တိုက်။

သန်းထွန်း၊ ဦး၊ ၁၉၆၀–ခု၊ "ဇင်ကာနှင့်သီတာ"၊ ရှုမဝ၊ အတွဲ ၁၄၊ အမှတ် ၁၅၈၊ မျက် ၃၃ မှ ၃၉ ထိ၊ မျက် ၂၇၃ မှ ၂၄၇ ထိ။

"သံလျင်ရာဇဝင်"၊ ၁၉၁၅–ခု၊ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်၊ အတွဲ ၅၊ အပိုင်း ၁ နှင့် ၂၊ မျက် ၄၉ မှ ၅၇ ထိ၊ မျက် ၁၂၉ မှ ၁၅၁ ထိ။

Damrong. Prince. 1957. "Our wars with the Burmese" Journal of the Burma Research Society. Vol.XV, part II.
Harvey, G.E.1967. History of Burma. London, Frank Cass & Co.
Wood, W.A.R. 1924. A history of Siam. Bangkok.



www.burmeseclassic.com

ရှင်မဟာရဋ္ဌသာရ



www.burmeseclassic.com

www.burmeseclassic.com

## ရှင်မဟာရဋ္ဌသာရ

*	ဇာတိလိုက်လျော်၊ ခြိုးနှစ်ဖော်မှု
ရှင်ပျော်စမြဲ၊ မကွဲတူကွ
နေသည်ဆသော်၊ ကာမလှူဘောင်
မရှောင်နိုင်ချေ၊ ညာကြေကျော်စော
သဘောစင်စစ်၊ ရှင်၏ဖြစ်မှ
တဆင့်လှူခွင့်၊ ဝင်လေဦးမည်
ချစ်ကြည်မျိုးနွယ်၊ ဥစ္စာကြွယ်သည်
လူဝယ်လူကောင်း၊ အကြောင်းရုံးစည်း
ဖြစ်မည်တည်းဟု၊ စနည်းနိမိတ်
ခြိုး၏ ဟိတ်ကို၊ ဟိတ်တိတ်မှတ်ယူ
နှလုံးမူလျက်၊ မပူမဆာ
ရေသီတာသို့၊ မျက်နှာရှင်လန်း
မပန်းမညှိုး၊ သာအားကြိုးလျက်×××

ဤသည် ရှင်ရဋ္ဌသာရ၏ ရွှေစက်တော်သွား တောလားရတုမှ ကောက်နုတ်ချက် ဖြစ်လေသည်။ ကောက်နုတ်ချက်ကို ဖော်ပြရခြင်းမှာ အကြောင်းရှိ၏။ တရံခါသော် ရှင်ရဋ္ဌသာရသည် ရွှေစက်တော်ဘုရားကို ဖူးရန်ဟု ဘထွေးဦးရီးတော်သူ ၂–ဦးနှင့်အတူ ခရီးထွက်ခဲ့ဘူးသည်။ လမ်းခရီးတွင် ရှင်ရဋ္ဌသာရတို့သည် တတောင်တက် တတောင်ဆင်း သွားရသည်လည်း ရှိ၍ တတောဝင် တတောင်ထွက် သွားရသည်လည်း ရှိသည်။ ကမ်းပါးတို့ကို ပတ်လျှောက်လိုက်ရ၍ ချောက်ကြီးမြောင်ကြီးတို့ကိုလည်း ဖြတ်သန်းလိုက်ရသည်။ ထိုသို့သော တောတောင်ချိုင့်ဝှမ်းကို ဖြတ်သန်းသွားလာရသည့်အခါ တောငှက်တိရစ္ဆာန်များကို ကြုံတွေ့ရသည်မှာလည်း တောလား၏ လက္ခဏာတရပ်ပင်တည်း။ ထို့ကြောင့် ရှင်ရဋ္ဌသာရတို့သည် မျောက်သံ၊ ဒေါင်းသံစသည်များကိုဂင်း၊ ကျားဟိန်းသံ၊ သမင်တောက်သံ စသည်များကိုဂင်း မကြာခဏကြားရသည်ပင်။ နွယ်တန်းတလျှောက်ပျံသန်းနေကြသော ငှက်တော်၊ ဆက်ရက် စသည်များကိုဂင်း၊ ပြေးလွှားသွားလာနေကြသော ယုန်၊ တောကြောင် စသည်များကိုဂင်း ရံဖန်ရံခါ မြင်ကြရသည်ပင်။

ရှင်ရဋ္ဌသာရသည် ကဗျာဉာဏ်ရှိသူဖြစ်လေသည်။ ထိုဉာဏ်ရှင်သည် ပတ်ဝန်းကျင်၏ အသံ၊ ပတ်ဝန်းကျင်၏ ရှုခင်းကို ကြားသော်မြင်သော် သူတပါးထက် လွန်ကဲ၍ နှလုံးအိမ်အတွင်းမှ

တုံ့ပြန်တတ်သည်။ စိတ်ကူးအမျှင်တတန်းတန်း ရှိနေတတ်သည်။ ဖြစ်ပုံမှာ ရှင်ရဋ္ဌသာရတို့သည် ဆပ်ပြာစမ်းစခန်းသို့ အရောက်တွင် ချိုးလင်းပြာ၊ ချိုးလည်ပြောက်ဖိုမသည် တကောင်နှင့်တကောင် အဖော်ပျောက်သကဲ့သို့ တထောက်ပျံ တစခန်းနားလိုက်၊ ရှင်မြူးစွာ တွန်ကျူးလိုက်ပြုမူနေကြသည်။ ထိုအာရုံကို မြင်မိကြားမိသော ရှင်ရဋ္ဌသာရသည် မိမိသာ ရှင်အဖြစ်မှ လူ့ဘောင်သို့ ဝင်ခဲ့ပါလျှင် ဂုဏ်သိရ်ဥစ္စာ ပြည့်စုံရုံမျှမက၊ သားမယား ဆွေမျိုးများအလယ်၌ တင့်တင့်တယ်တယ် နေရမည့်အဖြစ်ကို တွေးတော ရှင်လန်းခဲ့မိလေသည်။ တွေးတောမိခဲ့သည့်အကြောင်းကိုလည်း အဆွေ စာဖတ်သူသည် ကဗျာကောက်နုတ်ချက်တွင် ပီပီပြင်ပြင် တွေ့ခဲ့ပြီးဖြစ်သည်။ ကောက်နုတ်ချက်မှ တဆင့်တက်၍ ထို့အရှင်သည် လူ့ဘောင်နှင့်မစိမ်းပါတကား၊ လူ့ဘောင်၏ မင်္ဂလာကိုလည်း အတိုင်းအရှည်စိတ်ဖြင့် မြော်မြင်တတ်ပါတကား ဟူ၍လည်း အဆွေစာဖတ်သူသည် ဆင်ခြင်ခဲ့ပြီးဖြစ်ရာသည်။ ပို၍ထင်ရှားအောင် ရှင်ရဋ္ဌသာရ၏ ဘဝကို ကြည့်ကြပလေအံ့။

ရှင်ရဋ္ဌသာရ၏ ငယ်မည်သည် မောင်မောက် ဖြစ်လေသည်။ သူသည် ၁၄၆၈–ခုနှစ်ဖွား၊ အင်းဝမြို့သားပေတည်း။ အမျိုးအရိုး၌ ကောင်းလှ၏။ မိမျိုးဘမျိုး ၂ဖက်စလုံးသည် မှူးမတ် စိုးမင်းတွေသာ ဖြစ်ခဲ့ကြသည်။ မျက်မှောက်ဘဝတွင်မူ သူ့အဖ ဓမ္မပါလအမတ်သည် အင်းဝဘုရင် ဒုတိယမင်းခေါင်နှင့်အလွန်ရင်းနှီးခဲ့သည်ဖြစ်ရာ မောင်မောက်သည် မင်းသားမင်းသမီးများနှင့် ရောနှောနေထိုင်ခဲ့ရသည် ဖြစ်လေသည်။ ထို့ကြောင့် မြို့တော်သား၊ အမျိုးကောင်းသားမောင် မောက်သည် ကြီးပြင်းလာသောအခါ အဖကဲ့သို့ပင် မင်းမှုထမ်း၍ လူသူအလယ်တွင် ဂုဏ်ရှိန်ကြီး မားစွာ နေထိုင်ခဲ့လိမ့်မည်ဟု ထင်စရာရှိလေသည်။ ဤသို့ကား မဖြစ်။ မောင်မောက်သည် အရွယ် ရောက်သောအခါ ရဟန်းဘောင်သို့ ဝင်ခဲ့လေတော့သည်။

အကြောင်းကိုကား အတတ်မဆိုနိုင်။ နီးစပ်ရာကို တွေးကြည့်ရသော် မောင်မောက်အဘို့ စာပေကျမ်းဂန်၌ ဝါသနာပြင်းပြခြင်းဟူသော အချက်တချက် ရှိလေသည်။ သူသည် ပါဠိသက္ကဋ ဟူသော ဘာသန္တရကို ပေါက်ပေါက်ရောက်ရောက် သင်ကြားခဲ့ရ၏။ ဘာသာစကားမှတဆင့် ဇာတ် နိပါတ် အဘိဓမ္မာ၊ ဆန်း၊ အလင်္ကာ၊ ဗေဒင်တို့ကို ပိုင်နိုင်အောင်လည်း ဖတ်ကျမ်းမှတ်ကျမ်းခဲ့သည်။ ထိုသို့ ဖတ်ကျမ်း မှတ်ကျမ်းအောင် ပင့်မြှောက်ပေးခဲ့သူများမှာလည်း သားချင်းတော်သူ ဝရစက္က ပါလထေရ်နှင့်သီဟိုဠ်ရောက် ဘုန်းတော်ကြီးတို့ပင် ဖြစ်လေသည်။ ရင်းနှီးသူ၊ စာတတ်သူတို့၏ ခြေ ရင်း၌ စာပေဆည်းပူးရသည်မှာ တကဲ့ကုသိုလ်ကြီးဖြစ်လေသည်။ ထိုပုဂ္ဂိုလ်များ သီတင်းသုံးရာ စစ်ကိုင်းဘက်ရှိ ကျောင်းသင်္ခမ်းမှာ ရွာနှင့်မနီး၊ တောနှင့်မစပ်သောနေရာ ဖြစ်လေရာ၊ ကဗျာ ဗီဇပါလာသော မောင်မောက်တွင် စာလေ့လာရာမှ တဆင့်တိုး၍ ကဗျာသီဖွဲ့ရန် အခါအခွင့်ကောင်း လည်း ကြုံကြိုက်လျက်ရှိလေသည်။ ထို့ကြောင့် မောင်မောက်မှာ ၁၆နှစ်သား အရွယ်ကပင် ဘူရိ ဒတ်ဇာတ်တပိုင်းကို လင်္ကာရှည်ဖြင့် စီကုံးမိသည်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုလက်ာသည် သူ့အရွယ်နှင့်အလွန်လိုက်၏။ ဇာတ်လမ်းအချုပ်ကား ဤသို့ဖြစ်လေသည်။ (နတ်စည်းစိမ်ကို တောင့်တသော)ဘူရိဒတ်နဂါးမင်းသည် မိဘနှင့်မယား မသိရအောင် နဂါးပြည်မှ ထွက်ပြီးလျှင် လူ့ပြည်သို့ ဥပုသ်သွားစောင့်သည်။ ထိုစဉ် နေသာဒပုဏ္ဏား ကျေးဇူးကန်းမှုကြောင့် အလမ္မယ်ဆရာလက်သို့ ကျရောက်ကာ အညှင်းဆဲခံရသည်။ သို့သော် ဥပုသ်ကို အပျက်မခံ။ ထိုနောက် မိခင်ဖြစ်သူမှာ အိပ်မက်ဆိုးမြင်မက်ရာမှ နဂါးပြည်တွင် ဘူရိဒတ်နဂါးမင်း မရှိကြောင်း သိရှိကာ ညီအကို မောင်နှမများကို အရှာခိုင်းသည်။ နှစ်မနှင့်အကိုကား ဉာဏ်စွမ်းဖြင့် အလမ္မယ်ဆရာအပေါ် အနိုင်ရ၍ ဘူရိဒတ်နဂါးမင်းမှာ လွတ်မြောက်လာပြီးလျှင် နဂါးပြည်တွင် ဆွေမျိုးများကို ပြန်လည်ဆုံတွေ့ရလေသည်။ ဤလက်ာသည် ဇာတ်လမ်းကလည်း ကောင်း၏။ မောင်မောက်ကလည်း ငယ်ရွယ်သူပီပီ အချစ်အခင်၊ အလွမ်းအဆွေး ထိတ်စရာ, လန့်စရာ အဖွဲ့တွေကို စိတ်ကူးရှိလေတိုင်း စကားလုံးရွေး၍ ကာရံချိတ်၍ ရေးခဲ့သည့်အလျောက် ၄ နှစ်တာမျှ အချိန်ကြာခဲ့လေသည်။

ဤသို့ဖြင့် မောင်မောက်အဘို့ အေးအေးလူလူစာသင်နိုင်၊ စာရေးနိုင်သောနေရာသည် ကျောင်းသင်္ချိုင်းသာ ဖြစ်တော့သည်။ ထိုအခါ မင်းမှုထမ်းအလုပ်၏ စွဲဆောင်မှုသည် လျော့ပါးလာခဲ့ဟန်ရှိလေသည်။ အကြောင်းတခုမှာလည်း မင်းပြောင်းမင်းလွဲပေါသော ထိုခေတ်တွင် မင်းမှုထမ်းဘဝသည် စိတ်ရှုပ်စရာဖြစ်လေသည်။ သူ့ခေတ်အခါက ဤရေမြေတဝှန်းတွင် ထီးပြိုင်နန်းပြိုင် မင်းငယ်များ အလွန်ပေါလေသည်။ အနော်ရထာ၊ ကျန်စစ်သား စသည်ဖြင့် ပုဂံကောင်းစားခဲ့စဉ်က အညာရော အောက်အရပ်ပါ တမင်း တအာဏာ အောက်တွင်သာရှိခဲ့သည်။ ထိုအာဏာအောက်တွင် မင်းငယ်များ၊ မြို့စားရွာစားများသည် သစ္စာစောင့်သိခဲ့ရသည်ဖြစ်လေသည်။ မောင်မောက်၏ ခေတ်တွင်ကား ဤသို့မဟုတ်။ အင်းဝတွင် တမင်း၊ ပြည်တွင် တမင်း၊ ပဲခူးတွင် တမင်း စသည်ဖြင့် အကွဲကွဲအပြားပြား ရှိနေခဲ့သည်။ ထိုမင်းငယ်များမှာလည်း တဦးနှင့်တဦး သွေးသားတော်စပ်နေကြသည်သာများ၏။ သို့သော် သင့်သင့်မြတ်မြတ် မနေနိုင်ကြ။ တဦးနှင့်တဦး ခုစစ်တိုက်၊ ခုပြန်ပေါင်းတတ်ကြသည်မှာ မကြာခဏပင်ဖြစ်သည်။ တဖန် လက်အောက်ခံ မှုထမ်းရာထမ်းတွေကလည်း တမင်းနှင့်တမင်း ပြောင်း၍ သစ္စာခံတတ်ကြသည်မှာ အစဉ်အလာဖြစ်နေသည်။ ဝေးဝေးမကြည့်လေနှင့်၊ မောင်မောက်၏ မျက်စိအောက်၌ပင် ဒုတိယမင်းခေါင်သည် ၁၄၇၀ –ခုနှစ်တွင် နန်းတက်၍ မကြာမီ ညီဖြစ်သူ စလင်းစားနှင့်ရမည်းသင်းစားတို့က ပုန်ကန်သည်။ ဘထွေးတော်(ပြည်မင်း)သတိုးမင်းစောက မကျေးတိုင်အောင် ထိပါးလာသည်။ အမတ်ဖြစ်သူ စတုရင်္ဂသူက ထွက်ပြေး၍ ရမည်းသင်းစားထံ ခိုဝင်သည်။ ကျွန်ဖြစ်သူ တောင်ငူမင်းကြီးညိုက မခံမရံ့လုပ်သည်။ ဤသို့ ပြည်ထဲရေး မတည်ငြိမ်ဘဲရှိခဲ့ရာ အေးချမ်းစွာ စာရေး၊ စာဖတ်လိုသော မောင်မောက်အဘို့ နန်းရိပ်ထက် ကျောင်းရိပ်ကို ခိုလှုံချင်မည်မှာ ကေန်မလွဲဖြစ်ချေသည်။



www.burmeseclassic.com

ထို့ကြောင့် မောင်မောက်သည် ရဟန်းဘဝကူး၍ ရှင်ရဋ္ဌသာရဖြစ်လာခဲ့တော့သည်။ ရဟန်းဘဝတွင် ဆက်လက်၍ သီဟိုဠ်ရောက်ဘုန်းတော်ကြီးထံ စာပေဆည်းပူးရင်း မိမိကလည်း တပည့်သာမဏေများကို စာပေပို့ချပေးနိုင်ခဲ့လေသည်။ ထိုထက် မိမိစိတ်တိုင်းကျ ဖြစ်ရသည်မှာ မိမိ၏ စရိုက်ဝါသနာအတိုင်း ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ တန်တားဦးတည် မင်္ဂလာစေတီမော်ကွန်း၊ ပုံတောင်နိုင်မော်ကွန်း၊ ကိုးခန်းပျို့၊ သံဝရပျို့စသည်များကို စီကုံးနိုင်ခဲ့ခြင်းပေတည်း။ ထိုပျို့ ကဗျာများတွင် ဘုရားဟောဇာတ်တော်ကို အရင်းခံထား၍ ရေးဖွဲ့သည်လည်းရှိ၍ မျက်မြင်ကိုယ်တွေ့ မှတ်တမ်းတင်သည်လည်း ရှိလေသည်။ ပုံစံပြရသော် ဘူရိဒတ်ဇာတ်ပေါင်းပျို့သည် ဇာတ်အဆုံးအထိ ပါသည့်အပြင် အယူမှား၊ အယူမှန်ခြားနားမှုကို အလေးပေးပြခဲ့သော ပျို့ဖြစ်သည်။ တန်တားဦးမင်္ဂလာစေတီ မော်ကွန်းသည် ဒုတိယမင်းခေါင်တည်ခဲ့သော မင်္ဂလာစေတီသို့ ဓာတ်တော်ပို့အခမ်းအနားကို မှတ်တမ်းတင်ခဲ့သော မော်ကွန်းဖြစ်သည်။ ပုံတောင်နိုင်မော်ကွန်းသည် ဒုတိယမင်းခေါင်၏ နေရာကို ဆက်ခံသော ဘုရင်နရပတိက သူပုန်ဖြစ်သော ယင်းတော်စားမင်း ပြည့်ဝနှင့်ရှိရှားစားမင်းတုံးတာတို့အား နှိမ်နင်းအောင်နိုင်သည်ကို မှတ်တမ်းတင်ခဲ့သော မော်ကွန်းဖြစ်သည်။ ကိုးခန်းပျို့သည် ဟတ္ထိပါလစသော မင်းသား ၄ ပါး။ ထို့နောက် ပုရောဟိတ်ပုဏ္ဏားမောင်နှံ၊ ထိုနောက် သေုကာရီ မင်းမိဖုရားတို့ စည်းစိမ်ဥစ္စာစွန့်၍ တောထွက်ကြသည်ကို အခြေပြု၍ လောကကို ဖဲကြဉ်ခြင်းနှင့်လောကကို လက်ခံခြင်း ဟူသော အယူအဆ ၂ ခုကို ယှဉ်ပြခဲ့သော ပျို့ဖြစ်သည်။ သံဝရပျို့သည် နောင်တော်အစား ညီဖြစ်သူ ဘုရင်ထွေးက ထီးနန်းရသည်ကို အကြောင်းပြု၍ ဇာတ်တော်လာ သံဝရမင်းသားနှင့်ခိုင်းနှိုင်းခဲ့သောပျို့ ဖြစ်သည်။

ထိုပျို့ကဗျာများကို ရသပေါ် အောင် သီကုံးရေးဖွဲ့နေရသည်မှာ ရှင်ရဋ္ဌသာရအဘို့ ပျော်မွေ့စရာပင် ဖြစ်လေသည်။ သို့သော် အသံအလွန်သာ၍ သရုပ်သဏ္ဌာန်ပီသလှသော ကိုးခန်းပျို့မျိုးတွင် အာလုပ်စကားတွေ လိုသည်ထက် ပိုထည့်မိခြင်း၊ ဥပမာ ဥပစာတွေ အလျှံပယ်ပေးမိခြင်းဟူ၍ တခါတရံစာ(ပေ)သိက္ခာလွတ်သွားတတ်သည့်အပြစ် ရှိသလောက် ရှိပါလေ၏ ။ ဤတွင် ရသစာမည်သည် အပြစ်လုံးဝကင်းစင်ခဲ့သည်ကို အဆွေ စာဖတ်သူ သိပြီးပင်ဖြစ်သည်။ ရှင်ရဋ္ဌသာရသည် စာဆိုဖြစ်၏ ။ စာဆိုဖြစ်၍ နှလုံးအိမ်တွင် အာရုံအရှိန်အဟုန်ဖြင့် လာခိုက်သည့်အတိုင်း ရေးချလိုက်ရလျှင် အားရသည်ဖြစ်တော့သည်။ ပမာအားဖြင့်သော် ဒုတိယမင်းခေါင်လက်ထက်၌ မင်္ဂလာစေတီသို့ ဓာတ်တော်ပို့ပွဲကို ရှင်ရဋ္ဌသာရ မြင်လိုက်ရသည်။ ဓာတ်တော်တွေကို မြူတာတံတင်းတွင် ထည့်ပြီးနောက် ဆင်ကျုံးကွန်းမှ ကျွမ်းသမားများက ရှေ့ဆောင်က,လျက် မိန်းမပျိုများက အဲသီချင်းဆိုလျက် မင်းမိဖုရားတို့က မှူးမတ်ဗိုလ်ပါ ဆင်မြင်းရထာခြံရံလျက် သဒ္ဓာကြည်ညိုစွာ လိုက်ပို့ကြသည်ကို မြင်လိုက်ရသည်။ ထိုနောက် တန်တားဦးရှိ တန်ဆောင်းထဲတွင် ခင်းကျင်းပြသထားသော မွေတော်၊ ဓာတ်တော်၊ ရွှေဆင်းတု၊ ရွှေကျားရုပ်၊ ရွှေကြောင်ရုပ်၊ ရွှေကြာ၊ ရွှေဆီမီးခွက်၊ ရွှေလက်ကောက်စသော ဌာပနာမည့်ပစ္စည်းများကိုငင်း၊ ပွဲခင်းနေရာများတွင်



www.burmeseclassic.com

www.burmeseclassic.com

အစီအရီနှင့်ရှိနေကြသော အရုပ်မျိုးစုံနှင့်တကွ စကားပြောတတ်သော ပုဏ္ဏားရုပ်ကြီးကိုဖွင်း၊ ပြည်သူပြည်သားများက ဝမ်းမြောက်ပျော်ရွှင်စွာ ကြည်ညိုကြ၊ ကြည့်ကြသည်ကို မြင်လိုက်ရသည်။ ထိုအခါ ရှင်ရဋ္ဌသာရ၏ သန္တာန်တွင် ပုံတွေ့ အစီအရီ ပေါ် ကာ စေတနာ အပြန့်အနှံ့ဖြစ်ကာ ထိုအခမ်းအနားကို ပေပုရပိုက်ပေါ် သို့ မော်ကွန်းတင်မိလျက်သားရှိလေသည်။

ဤနေရာတွင် စကားဖြတ်၍ ရှင်ရဋ္ဌသာရအပေါ် အခြားရဟန်းပုဂ္ဂိုလ်များက ထင်မြင်ပုံကို သာဓက ဆောင်ရဦးတော့မည်။ ၁၅၂၄–ခုနှစ်တွင် ပြည်ဘုရင် သတိုးမင်းစောနှင့်မိုးညင်းစလုံတို့၏ တိုက်အားကို မခံနိုင်၍ အင်းဝဘုရင်နရပတိသည် နန်းမှ တိမ်းရှောင်ရလေသည်။ အင်းဝလည်း ပျက်လေသည်။ မကြာမီ ယခင်က အင်းဝ၏ လက်အောက်ခံဖြစ်ခဲ့သော တောင်ငူမင်းဆက်သည် တန်ခိုးကြီးလာခဲ့လေသည်။ ထိုမင်းဆက်မှ ဘုရင့်နောင်သည် တောင်ငူအားကိုသုံး၍ ပြည်၊ ပဲခူး၊ သံတွဲ စသည်ဖြင့် နယ်ပယ်ချဲ့ထွင်ခဲ့ရာ အင်းဝလည်း ၁၅၅၅ ခုနှစ်တွင် ဘုရင့်နောင်၏ လက်နက်နိုင်ငံအတွင်းသို့ ကျရောက်သွားလေသည်။ သို့ဖြင့် ဘုရင့်နောင်သည် အင်းဝသို့ချီတက်သိမ်းပိုက်သည့်အခါ စစ်ကိုင်းဘက်မှ စာတတ်အကျော် ဖြစ်သော ရှင်တိသာသနဓဇကို ဖူးတွေ့ခဲ့လေသည်။ ဖူးတွေ့ရာတွင် ''ရှင်ရဋ္ဌသာရထံ နည်းနာခံဘူးသလော''ဟု မေးလျှောက်သည်။ ထိုအခါ ဘုန်းကြီးက မခံဘူးကြောင်း ပြန်ဖြေသည်။ အဖြေကို အားမရသဖြင့် ဘုရင့်နောင်က အကြောင်းကို မေးပြန်ရာ ''ရှင်ရဋ္ဌသာရသည် ရပ်ကြီးပြည်မ အလေ့အလာအားကြီးသောကြောင့် မခံသည်'' ဟုပြန်ပြောလေသည်ဟူ၏ ။

ရှင်တိသာသနဓဇ၏ စွပ်စွဲချက်ကို ဆန့်လိုက်သော် ရှင်ရဋ္ဌသာရသည် ဘုရားမကြိုက်သော ကဗျာလင်္ကာစပ်ဆိုမှုတွင် ဝါသနာထုံသည်။ မင်းမှူးမတ်နှင့် အဆက်အဆံများသည်ဟူ၍ ဖြစ်လေသည်။ ထိုစွပ်စွဲချက်အတွက် အဖြေသည် ရှိပါလေ၏ ။ ထိုအဖြေသည် ရှင်ရဋ္ဌသာရကိုယ်တိုင်ရေးသော ပျို့ကဗျာများတွင် ပါဝင်ပြီးဖြစ်လေသည်။

ကောက်နုတ်ဖော်ပြရသော်။

* မှတ်လွယ်စေငှာ၊ သိသောစေချင်၊
နားဝင်စေအောင်၊ ထုံးဆောင်ပုံတု၊
ရေးသားထုသို့၊ ရှင်မှုလူမှု၊
နှစ်ပါးရှုလျက်၊ အနုအကြမ်း၊
အစမ်းအစုံ၊ အာရုံအာဂါ၊
အရာသိသိ၊ လေးပေါ့ညှိ၍၊
ပီတိရသာ၊ လင်္ကာချိုဆိမ့်၊


www.burmeseclassic.com

သည်းတွင်းငြိမ့်မျှ၊ ဆိုစိမ့်သောကြောင်း၊
ငါလည်းကောင်းလျှင်၊ ခွင့်တောင်းပန်ထွာ၊
ကရုဏာဖြင့်၊ ဥဏ်္ဏဝါမတုံး၊
ငါ့နှလုံးကို၊ ရှင်ပြုံးညွတ်စေပြီးသတည်း။

စသည်ဖြင့်ရင်း၊

*	ဘုရားလူ့ဘ၊ မုနိန္ဒလျက်၊
မိန်းမယောကျ်ား၊ လူ့စကားဖြင့်၊
မကြားစကောင်း၊ မဆိုတောင်းကို၊
အကြောင်းဆောင်သွေး၊ ဆိုတုံသေးရှင့်၊
ဆိုရေးရှိက၊ ဆိုအပ်လှ၏ ။

စသည်ဖြင့်ရင်း ဖြစ်လေသည်။

တဖန် မှူးမတ်တို့နှင့် အဆက်အဆံများရခြင်းသည် ဤသို့ရှိလေသည်။ ရှင်ရဋ္ဌသာရသည် မင်းမှူးမတ်လောကတွင် မွေးဖွားကြီးပြင်းလာခဲ့သူဖြစ်လေသည်။ ရဟန်းဘောင်သို့ရောက်လာပြန်သောအခါလည်း ဒုတိယမင်းခေါင်၊ ထိုနောက် ဘုရင်နရပတိတို့၏ အကိုးကွယ်ခံရသည်။ အင်းဝပျက်၍ ပြည်ဘုရင် သတိုးမင်းစော၏ ပင့်ဆောင်ချက်အရ ပြည်သို့ရောက်ပြန်သောအခါ သတိုးမင်းစော၊ ထိုနောက် ဘုရင်ထွေးတို့၏ အကိုးကွယ်ခံရသည်။ ဘုရင်ထွေး၏ အကိုးကွယ်ခံ၍ သံဃရာဇာအဖြစ် ဆောင်ရွက်ရင်း ၁၅၂၉ ခုနှစ်၌ ပြန်လွန်တော်မူခဲ့သည်ဖြစ်လေသည်။ ဤသို့မင်းအကိုးကွယ်ခံရသည်ကို ရှင်ရဋ္ဌသာရက အပြစ်မမြင်။ အမှန်စင်စစ် မင်းကောင်း၊ အအုပ်အချုပ်ကောင်းပါမှ ပြည်ရွာစည်ပင်သာယာသည်ကို ရှင်ရဋ္ဌသာရ သိလေသည်။ သိ၍လည်း မှူးမတ်အစီးအပွား၊ ပြည်သူ့အစီးအပွားကို ဆောင်ရွက်ခဲ့သော သံဝရမင်းသားကို ဥပမာပေးကာ ၁၅၂၉ ခုနှစ်တွင်–

*	တိုင်းကားပြည်ရွာ၊ ချမ်းသာမြော်၍၊
ပြီးအောင်ပြုရန်၊ ဆင်ဖြူ့ရှင်သား၊
မင်းတရားကို၊ စိပ်ပြားလိမ္မာ၊
ပွားစိမ့်ငှာလျှင်၊ ဤစာကျေးဇူး ဆပ်သတည်း”

စသည်ဖြင့် ဘုရင်ထွေးအတွက် သံဝရပျို့ကို ရေးခဲ့သည်ဖြစ်လေသည်။ ထို့အတူ မင်းတုံးတာနှင့် မင်းပြည့်ဝတို့က မတရား အာဏာလုရာတွင် ဘုရင်နရပတိက နှိမ်နင်းအောင်မြင်ခဲ့သည်ကို ချီးကျူးမှတ်တမ်းတင်သည့်သဘောဖြင့်လည်း ၁၅၀၅ ခုနှစ်တွင် ပုံတောင်နိုင်မော်ကွန်းကို ရေးသား



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်ဖြစ်လေသည်။

ရှင်ရဋ္ဌသာရသည် ပြည်ရွာစည်ပင်သာယာရေးကို လိုလားသည်ဟူရာတွင် မိဘနှင့်သား သမီး ဆက်ဆံရေး၊ လင်နှင့်မယားဆက်ဆံရေးကို ထည့်၍တွက်လေသည်။ ဤတွင် ရှင်ရဋ္ဌသာရ သည် ရဟန်းတော်ဖြစ်ခဲ့ပါ၏ ။ ရဟန်းတော်ဖြစ်ခဲ့၍ ဤလူ့ဘုံသည် ဒုက္ခဘုံသာ ဖြစ်သည်။ မိဘနှင့် သားသမီးတို့သည်လည်း တသက်ပတ်လုံး ချစ်မနေနိုင်။ သင်္ခါရတွေသာ ဖြစ်သည်။ ချစ်ကြိုက်၍ ယူသည်ဆိုသော လင်နှင့်မယားသည်လည်း သဘောချင်းညီခဲသည်။ မင်းခယောကျ်ားအလုပ် သည်လည်း ကမ်းနားသစ်ပင်ကဲ့သို့ ဖြစ်တတ်သည်။ ထို့ကြောင့် အတွယ်အတာ မရှိသော ရဟန်း ဘဝသာလျှင် ချမ်းသာသည်ဟူ၍ သာမန်အားဖြင့် မှတ်ယူထားသကဲ့သို့ ရှိသည်။ ရှင်ရဋ္ဌသာရ၏ ကိုးခန်းပျို့လာ ဇာတ်ကျောရိုးမှာလည်း ထိုသဘောကို ထောက်ခံလျက်သာ ရှိလေသည်။

သို့သော် ရှင်ရဋ္ဌသာရသည် ထိုသဘောကို တသမတ်တည်း မယူ၊ ထိုအရှင်တွင် အတွေ့ အကြုံသည်ရှိ၏ ။ ထိုအရှင်တွင် ဓမ္မဝတ်နှင့်လောကဝတ်ကို မျှတအောင် ကြည့်လိုသော စိတ်အ ရင်းခံသည်ရှိ၏ ။ ထို့ကြောင့် အရာရာသည် သင်္ခါရသာဟူသောသဘောကိုလည်း မပယ်။ သင်္ခါရ ဘောင်အတွင်း၌ပင် လူသည် ဘဝကို သာယာအောင် လုပ်ချင်သည်၊ လုပ်ကောင်းသည်ဟူသော သဘောကိုလည်း မြင်သိခဲ့၊ လက်ခံခဲ့သည်ဖြစ်လေသည်။ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ပါလေ။ လူ့လောကတွင် စိုက်ပျိုးထွန်ယက်မှုသည်ရှိနေရသည်။ ဗိုင်းငင်ရက်လုပ်မှုသည် ရှိနေရသည်။ ထို လုပ်ငန်းတို့သာ မရှိခဲ့ပါလျှင် လူတို့၏ သဒ္ဓါတရားအပေါ်၌ မှီခိုနေရသော ရဟန်းသံဃာတို့ပင် အခက်တွေ့လိမ့်မည်ဖြစ်သည်။ တဖန် မိဘသည် သားသမီး၏ ရှင်သန်မှုကို ပျိုးထောင်ပေးရသကဲ့ သို့၊ သားသမီးကလည်း မိဘအိုမင်းမစွမ်း ဖြစ်လာချိန်၌ ကြည့်ရှုစောင့်ရှောက်ရလေသည်။ ဤ သည်လည်း လူ့လောကတွင် ရှိသင့်ရှိအပ်သော ဝတ္တရားပေ။ ထို့အတူ လင်သည် အိမ်ထောင်အ တွက် ဥစ္စာပစ္စည်း ရှာရသည်။ မိန်းမကလည်း အိမ်တွင်းမှုကို မယိုမဖိတ်ရအောင် ထိန်းသိမ်းရ သည်။ လင်နှင့်မယားသည် ဘဝခရီးဖော်အဖြစ် တဦးကိုတဦး စောင့်ရှောက်ဖေးမကြရသည်။ ဤသဘောသွားကို ဝိသေသပြု၍ ရှင်ရဋ္ဌသာရသည် ကိုးခန်းပျို့လာ ပုရောဟိတ်ပုဏ္ဏားနှင့်ပုဏ္ဏေး မကြီးအခန်းတွင်၎င်း၊ သေုကာရီမင်းကြီးနှင့်ပုရောဟိတ်ပုဏ္ဏားက တဖက်၊ ဟတ္ထိပါလစသော သား ၄ ယောက်က တဖက် အခြေအတင် ပြောကြသောအခန်းတွင်၎င်း ချဲ့ထွင်၍ ရေးခဲ့လေသည်ဖြစ် သတည်း။



www.burmeseclassic.com

ရှင်ရဋ္ဌသာရ

မဟာဓမ္မသင်္ကြံ၊ ၁၉၅၆ ခု၊ သာသနာလင်္ကာရစာတမ်း၊ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

မဟာရဋ္ဌသာရ၊ ရှင်၊ ၁၉၅၇ ခု၊ စတုဓမ္မသာရကိုးခန်းပျို့၊ ရန်ကုန်၊ နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့ပုံနှိပ်တိုက်။

မဟာရဋ္ဌသာရ၊ ရှင်၊ ၁၉၂၄ ခု၊ တန်တားဦးမင်္ဂလာစေတီမော်ကွန်း၊ မန္တလေး၊ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်။

မဟာရဋ္ဌသာရ၊ ရှင်၊ ၁၉၆၇ ခု၊ ပကိဏ္ဏကစာစု၊ ရန်ကုန်၊ မြန်မာနိုင်ငံသုတေသနအသင်း။

မဟာရဋ္ဌသာရ၊ ရှင်၊ ၁၉၃၉ ခု၊ ပုံတောင်နိုင် မော်ကွန်း၊ ရန်ကုန်၊ မြန်မာ့ဇေယျာစာပုံနှိပ်တိုက်။

မဟာရဋ္ဌသာရ၊ ရှင်၊ ၁၉၅၉ ခု၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ ရန်ကုန်၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်။

မဟာရဋ္ဌသာရ၊ ရှင်၊ ၁၉၆၄ ခု၊ ဘူရိဒတ်လင်္ကာကြီး၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

မဟာရဋ္ဌသာရ၊ ရှင်၊ ၁၉၆၃ ခု၊ သံဝရပျို့၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ရှင်မဟာရဋ္ဌသာရ၊ နှစ် ၅၀၀ပြည့် စာတမ်းများ၊ ၁၉၆၇ ခု၊ မန္တလေး၊ ရဲရင့်စာပေ။

ရှင်မဟာရဋ္ဌသာရ၊ ၇၃၀–၇၉၂၊ ၁၃၃၀ ခု၊ ရန်ကုန်၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း။



www.burmeseclassic.com

www.burmeseclassic.com

လှိုင်ထိပ်ခေါင်တင်


www.burmeseclassic.com

# လှိုင်ထိပ်ခေါင်တင်

အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်သည် ကဗျာစာဆိုဖြစ်လေသည်။ ထို့ပြင် ပြောစရာ တချက်ရှိသေးသည်။ သူသည် မိန်းမချောဖြစ်လေသည်။ အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ အရပ် ပျပ်ပျပ်နှင့်ဖြစ်၍ သာယာဝတီမင်း၏ သမီးတွေအထဲတွင် အချောဆုံး အယဉ်ဆုံးဟူသောစကား ရှိလေသည်။

ဤစကားကို မြန်မာအချင်းချင်းသာမဟုတ်၊ လူမျိုးခြားများကလည်း ထောက်ခံရန် ဝန်မလေး။ ၁၈၅၅–ခုနှစ်တွင် အောက်မြန်မာနိုင်ငံမှ အရေးပိုင်ဖယ်ရာ ခေါင်းဆောင်သော သံ အဖွဲ့သည် မြန်မာအစိုးရနှင့်စာချုပ်ရန်ဟု အမရပူရမင်းနေပြည်သို့ တက်လာလေသည်။ ရှေးဦး စွာ မင်းတုန်းမင်းနှင့်တွေ့ဆုံရလေသည်။ ထို့နောက် ထုံးတမ်းစဉ်လာအရ အိမ်ရှေ့ကနောင်မင်း သားနှင့်အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်တို့ကို တွေ့ဆုံရပြန်လေသည်။ ထိုအခါတွင် လှိုင်ထိပ် ခေါင်တင်သည် ကနောင်မင်းသားနှင့်လက်ထပ်ပြီးခဲ့သည်မှာ ၂–နှစ်ရှိပြီ။ အသက် ၂၂–နှစ်အရွယ် သို့ရောက်နေပြီ။ သံအဖွဲ့၏ အမြင်တွင်ကား လှိုင်ထိပ်ခေါင်တင်မှာ ၂၀–ပင် မကျော်သေးဟူ၍ ဖြစ်သည်။ လှလည်း လှ၊ ယဉ်လည်း ယဉ်၊ ဉာဏ်ပညာလည်း ရှိပုံရသည်ဟူ၍ ဖြစ်သည်။

ဤသို့ လှိုင်ထိပ်ခေါင်တင်မှာ စာကလည်း ဆိုတတ်၊ ရုပ်ရေကလည်း ချောမွေ့လေသော ကြောင့် ကနောင်မင်းသား၏ အယုအယ၊ အချစ်အခင်ဖြင့် နေခဲ့ရလိမ့်မည်ဟု ထင်စရာရှိလေ သည်။ အထင်နှင့်လက်တွေ့မှာ မဟပ်လှ။ ကနောင်မင်းသားသည် အစကနဦးတွင် သူ့အပေါ် ဂရုစိုက်ပါ၏။ ထိုနောက်မူကား တစတစနှင့်သူ့ထံသို့ အဝင်အထွက် နည်းပါးလာကာ ကိုယ်လုပ် မောင်းမများနှင့် အချိန်ကုန်သည်သာ များလေသည်။

ကနောင်မင်းသားသည် အရှိန်အဝါကြီးသူ ဖြစ်လေသည်။ မင်းတုန်းမင်းသည် နောင် တော်ပုဂံမင်းကို ပုန်ကန်ခဲ့ပြီးနောက် မင်းအဖြစ်သို့ ရောက်ခဲ့ရခြင်းအမှုတွင် ညီ(ရင်း)ဖြစ်သူ ကနောင်မင်းသား၏ လုပ်ရည်ကြံရည် အများကြီးပါလေသည်။ ထို့ပြင် မြန်မာနိုင်ငံကို ခေတ်မီ အောင် မင်းတုန်းမင်းက ကြံစည်အားထုတ်ရာတွင်လည်း ကနောင်မင်းသားကို အလွန်အားကိုး လေသည်ဖြစ်သည်။ သို့ဖြင့် ကနောင်မင်းသားအဘို့ ဘာကိုပင် လုပ်လုပ် အခွင့်အလမ်းပွင့်နေလေ သည်သာဖြစ်သည်။ အခွင့်အလမ်းပွင့်နေသည့်အပေါ် ကနောင်မင်းသားမှာ ဣတ္ထိရတ်လိုက်စား တတ်သော ဝသီစရိုက်က ရှိပြန်လေရာ သူ့တွင် စာရင်းဝင် ကိုယ်လုပ်မောင်းမပဟူ၍ ၅၃–ဦးပင်ရှိ နေခဲ့သည်။ စာရင်းမဝင် မိန်းမကား ဘယ်မျှရှိမည် မပြောနိုင်။ စာရင်းမဝင် မိန်းမထဲတွင် ယင်း



www.burmeseclassic.com

www.burmeseclassic.com

တော်မလေးလို ဇာတ်မင်းသမီးလည်း ပါလေသည်။ ယင်းတော်မလေးမှာ မိမိကို မြှောက်စားပါမည်ဟူသော ကနောင်မင်းသား၏ ကတိကို ယုံစားလက်ခံမိသည်။ သော်မှော်ဆောင်သို့ ကနောင်မင်းသားထွက်သည့်အခါ နောက်တော်ပါးမှ ထက်ကြပ်မကွာ လိုက်ပါရသည်။ သို့သော် သူ့ခမျာ ကိုယ်လုပ်မောင်းမအရာကို မရ။ ဇာတ်က,မြဲသာက,နေရသည်ဖြစ်လေသည်။

မင်းသားတွေ မိန်းမ, များများယူခြင်းကိစ္စသည် မြန်မာ့နန်းတွင်း အစဉ်အလာပင်ဖြစ်လေသည်။ လှိုင်ထိပ်ခေါင်တင်လည်း နန်းတွင်း၌ ကြီးပြင်းလာခဲ့သူဖြစ်၍ ထိုအစဉ်အလာနှင့်ယဉ်ပါးပြီးဖြစ်သည်ဟု ဆိုရလေမည်။ သို့သော် ချစ်တတ်သူပီပီ သူ့အဆောင်သို့ ချစ်လင် မကြာခဏလာဘို့ကိုကား တောင့်တမည်မှာ မုချဖြစ်ချေသည်။ ကနောင်မင်းသား၏ ချစ်တုံ့ပြန်မှုကို အပြည့်အဝလိုချင်မည်မှာ ဓမ္မတာဖြစ်ချေသည်။ အလိုကား မပြည့်ခဲ့။ သို့ဖြင့်–

“သည်မယ်ထင်စားပါလို့
တအားငယ်သန်
ခုများမှာ တညာဏ်နှင့်
မူဟန်တော်ခြား
ပြုတော်မူအားသူမို့
မျက်ထားသုန်သုန်
မသိပြင်ပြင်
အလျှင်သူစိမ်းတယ်လေး
ပိန်းပိတ်လို့မှုန်”

စသည်ဖြင့် ရင်ထဲက ဝေဒနာကို ဘောလယ်ထဲသို့ သွန်ချမိလေတော့သည်။

ဤဘောလယ်နှင့်အလားတူ လှိုင်ထိပ်ခေါင်တင် ရေးဖွဲ့ခဲ့သော အမျှော်စိုက်ဘောလယ်နှင့်တေးထပ်အများပင် ရှိသည်။ ဖွဲ့ဆိုရာတွင်လည်း စကားလုံးကသန့်၊ အနက်အဓိပ္ပာယ်က ဆီလျော်၊ စည်းအဝင်အထွက်က ပြေပြစ်သဖြင့် ကြားနာရသူများအဘို့ နှလုံးခိုက်စရာ ဖြစ်ရပေသည်။ သို့သော် လှိုင်ထိပ်ခေါင်တင်မှာ အမြဲတစေ ပူဆွေးတသနေသည်ဟုထင်၍ မဖြစ်ပါ။ သူက ကဗျာစာဆိုပါပေ။ စာဆိုမည်သည် ဘယ်အကြောင်းကိစ္စကိုမဆို ပေါ်လွင်အောင် ထိမိအောင် ရေးစပ်နိုင်စွမ်း ရှိသည်သာ ဖြစ်လေသည်။ အမှန်ဆိုလျှင် လှိုင်ထိပ်ခေါင်တင်၏ လက်ရာများတွင် အလွမ်းအဆွေးစာများရှိသလို အလွမ်းအဆွေးသက်သက်မဟုတ်သော စာများလည်း ရှိပါလေသည်။ ဣန္ဒာဝံသဇာတ်ဝတ္ထုကို နမူနာယူ၍ ကြည့်ပါလေ။

ထိုဇာတ်ဝတ္ထုသည် ယခုခေတ် ကရောင်း ၁၆–ချိုးဖြင့် စာမျက်နှာ်တထောင်ကျော်ရှိ


www.burmeseclassic.com

သည်။ ဇာတ်လမ်းဇာတ်ကွက်အရာ၌ကား ထူးခြားလှသည်မဟုတ်။ ဇာတ်ဆောင်ဖြစ်သော ဣန္ဒာဝံသမင်းသားက(အဖတူ အမိကွဲတော်သူ)ပဂုတာရီမင်းသမီးအပြင် အခြားမင်းသမီးများကို အပြည်ပြည်လှည့်လည်၍ သိမ်းပိုက်သည့်အကြောင်းအရာသာ ဖြစ်လေသည်။ သို့သော် ဇာတ်ဆောင်များ၏ ပြောခန်းဆိုခန်းကို လှိုင်ထိပ်ခေါင်တင် ကိုင်တွယ်ပုံ ကိုင်တွယ်နည်းသည် ဖော့ဖော့ရွရွကလေးဖြစ်သည်။ ရွှင်မြူးစရာလည်း ဖြစ်သည်။ ဇာတ်အခန်းတွေ ဇာတ်အခန်းတွေထဲတွင် မင်းသားမင်းသမီးများ ဘယ်လိုချစ်ခင်ယုယကြသည်။ ဘယ်လိုစိတ်ကောက်ကြ ခန့်ကြသည်။ အထိန်းတော်တွေ လူပျိုတော်တွေ ဘယ်လို ယောင်ချာချာ ဖြစ်ကြသည် စသည်ဖြင့် ရေးဖွဲ့ပြထားပုံမှာ နှစ်သက်စရာ ဖြစ်ရပေသည်။

သာဓကတခုနှစ်ခု ပြရလျှင် ဤအကြောင်းပေါ် လာစရာရှိလေသည်။ ဣန္ဒာဝံသမင်းသားသည် စစ်ထွက်ရမည်ဖြစ်လေသည်။ သို့သော် သူက ပဂုတာရီမင်းသမီးအပေါ်၌ စိတ်ညွတ်နေသည်ဖြစ်ရာ စစ်မထွက်ခင် ချစ်ရေးဆိုချင်နေလေသည်။ ထို့ကြောင့် (မင်္ဂလာအိမ်တော်ရှိ)သူ့အဆောင်သို့ မင်းသမီး လာနှုတ်ဆက်ရအောင် လုပ်သည်။ မင်းသမီး၏ အထိန်းတော်(များ)ကိုလည်း အဆောင်တွင်းသို့ မဝင်နိုင်ရအောင် သူ့လူပျိုတော်များအား မှာထားသည်။ အထိန်းတော် မြမာလာလည်း မင်းသမီးအတွက် အဖော်ရအောင် အဆောင်တွင်းသို့ ဝင်မည်ပြုသည်။ ထိုအခါ အနောက်ဖက်တံခါးဝမှ လူပျိုတော်များက ဤနေရာတွင် ယောကျ်ားများ စစ်ချီရာဝတ်ဖို့ ပုဆိုးတွေပုံထားပါသည်။ တညလုံး သယ်၍ကုန်မည်မဟုတ်ပါဟု ဆိုလေသည်။ မြမာလာလည်း မြောက်ထားဝယ် တံခါးပေါက်မှဝင်ရန် အားထုတ်ပြန်သည်။ ထိုအခါ တံခါးဝမှ လူပျိုတော်များက ဤနေရာတွင် တုရင်၊ မောက်လူ၊ စလွယ်တို့ကို ပရိတ်ရေဖြင့် ဆေးပြီးစ ဖြစ်ပါသည်။ အနားကို မလာပါနှင့်ဟု ဆိုလေသည်။ မြမာလာလည်း တောင်ထားဝယ် တံခါးပေါက်မှ ဝင်ရန် နောက်ဆုံး အားထုတ်ပြန်သည်။ ထိုအခါ တံခါးဝမှ လူပျိုတော်များက ဤနေရာတွင် ဓားလှံများကို အိမ်မှချွတ်၍ ပရိတ်ရေနှင့်ဆေးထားပါသည်။ ဓားဦးလှံဦးဖြစ်ပါသည်ဟု ဆိုလေသည်။ ဤသို့အရေးကိစ္စဖြစ်နေစဉ်အတွင်း ဣန္ဒာဝံသမင်းသားသည် ပဂုတာရီမင်းသမီးကို ချစ်ရေးဆို၍ ပြီးလေသည်။ ထို့နောက် လူပျိုတော်များအား တံခါးဝရှိပစ္စည်းများကို သိမ်း၍ အထိန်းတော်ကို အဆောင်တွင်းသို့ ဝင်စေသည်။

အဆောင်တွင်းသို့ ရောက်လာသော အထိန်းတော် မြမာလာနှင့်ဣန္ဒာဝံသမင်းသားတို့၏စကား အချီအချကို လှိုင်ထိပ်ခေါင်တင်က တင်ပြသည်မှာ ဤသို့ပါတည်း။

"ဣန္ဒာဝံသမင်းသားလည်း ပြုံးရယ်၍ အထိန်းတော်မြမာလာငဲ့၊ မိမိမှာ ငယ်တော်မူသည်လည်း တကြောင်း၊ မောင်ဖြစ်သည်လည်း တကြောင်းမို့သာ တော်တော့သည်။ မိမိကို ပစ်၍ ဘယ်

www.burmeseclassic.com

www.burmeseclassic.com

များမှာ နေကြသတုန်း မေးစေ။ ။

အထိန်းတော် မြမာလာလည်း လက်ယှက်၍ ပြုံးရယ်ကာ တင်ရမည်မှာ–တင်ပါသည် ဘုရား၊ နှုတ်ရာဇဝတ်တော်ပေးရင်သာခံရပါမည်။ မင်္ဂလာအိမ်တော်ဝယ် စီရင်ဆောက်လုပ်သော လက်သမား ဗိသုကာတို့သည် လက်မှုပညာ၌ အလွန်တရာ လိမ်မာဆန်းပြားသည်ဖြစ်၍ ထားဝယ်၊ ခိုနန်း အခန်းအဆောင်တို့သည် ကာရံဟန် သာယာထူးဆန်းလှသည်ဖြစ်၍ ဝင်ပေါက်တံခါးကို ပင် ရှာလို့မတွေ့သည်နှင့် ခုမှပင် ရှေ့တော်သို့ ရောက်လာပါသည် ဘုရားတင်စေ”

နောက်သာဓကသည် ဣန္ဒာဝံသမင်းသား ဒေါမာန်ထသည့်အခန်း ဖြစ်လေသည်။ မင်းသားသည် တိုင်းတပါးမှ ပန်းကြာရစာရီမင်းသမီး၊ ဝိတာရစာရီမင်းသမီးဟူ၍ မင်းသမီးနှစ်ဦးကို သိမ်းပိုက်ကာ မဟာရာဇုတ္တမနေပြည်တော်သို့ ပြန်လာလေသည်။ ဤသည်ကို အချစ်ဦးလည်းဖြစ်၊ နှမလည်းတော်သော ပဂုတာရီမင်းသမီးက ဘဝင်မကျ၊ ဘဝင်မကျ၍ ဣန္ဒာဝံသမင်းသား၏ ရှေ့၌ပင် ညီမင်းသားကို မြှူသယောင်ယောင်ပြု၍ အရွဲ့တိုက်လေသည်။ ဣန္ဒာဝံသလည်း မနာလိုဖြစ်ကာ ဟိုလူကို သန်လျက်နှင့်ခုတ်မည့်ဟန် လုပ်လိုက်၊ သည်လူကို မာန်မဲလိုက် ရှိနေသည်။ ထို့ပြင် ပဂုတာရီမင်းသမီးကိုလည်း သူ့အဆောင်သို့ လိုက်ခဲ့ရမည်ဟု အပါခေါ်သည်။ ထိုအခါ အထိန်းတော်များ လူပျိုတော်များမှာ ရပ်တည်ရာမရ ဖြစ်နေကြသည်။ မင်းသား၏ကျွန်ဖြစ်သော ဝိဇ္ဇာမြတ်စိုလည်း ကြောက်ကြောက်နှင့်ကောဇောအောက် ဝင်၍ ပုန်းနေရသည်။ ဤအရေးအခင်းကို လှိုင်ထိပ်ခေါင်တင်က တင်ပြသည်မှာ ဤသို့ပါတည်း။

“ဣန္ဒာဝံသမင်းသားလည်း ဟဲ့ မြမာလာ၊ ငါ့နှလုံးကို ကြေကွဲမတတ်ပြုသည်။ နင့်ကို အရှင်မထား၊ ယခုပင် သတ်တော့မည်ဆို၍ မြမာလာဂုပ်ကို နှိမ်၍ သန်လျက်တော်နှင့်ရွယ်စေ။

မြမာလာလည်း ဘယ့်နှယ်အမှုကိုမျှ မသိရပါ၊ ချမ်းသာပေးတော်မူပါဘုရား တင်စေ။ ပဂုတာရီမင်းသမီးလည်း လာ၍ မောင်ကြီးဘုရား သေစရာရှိလျှင် ကျွန်တော်မကို သတ်တော်မူပါဆို၍ မင်းသားလက်က သန်လျက်ကို လိုက်၍ လုစေ။

ဣန္ဒာဝံသမင်းသားလည်း ဆုတ်နော်၊ လက်ကိုရှမည်။ လူကို မခေါ်လာနှင့်ဆိုပြီးလျှင် သန်လျက်တော်ကို လက်တော်နှင့်မြှောက်၍ ထားစေ။

မင်းသမီးကလည်း ဟုတ်ကဲ့၊ ခေါ်ချင်လွန်းလို့ပါဆို၍ မြမာလာအပါးမှာ ထိုင်၍နေစေ။

မြမာလာလည်း ထိပ်စုငယ်၊ တိတ်တိတ်နေတော်မူပါဘုရား ဆို၍ လက်နှင့်ကုပ်စေ။

မင်းသမီးကလည်း ဟာမမငယ်၊ သည့်မင်းသားပင် နှိပ်စက်ချင်လှသည်။ လာ အတွင်းတော်သို့ ဝင်စို့ငဲ့ဆို၍ ထစေ။

ဣန္ဒာဝံသမင်းသားလည်း သည်လိုသာ သွားချင်တိုင်း သွားကြလျှင် ခက်လို့သာ နေရော့

မည်ဆို၍ နှမတော်လက်ကို ဆွဲပြီးလျှင် လာ အိမ်တော်ကို သွားစို့ငဲ့ ဆိုစေ။

မြမာလာလည်း လိုက်တော်မမူပါဘုရား တင်စေ။

မင်းသမီးကလေးလည်း ဟာ မမငဲ့ မလိုက်ပါဘူးဆို၍ ရှုန်းစေ။ ဣန္ဒာဝံသမင်းသားလည်း အဟုတ်ဆောင့်လို့ ဆွဲလိုက်လို့ တကယ်နာလိမ့်မည်၊ ဟောသည်တွင် ရှိသည့်မင်းသမီးများ ဟော သည့်နှယ် လုပ်စမ်းပါ၊ သေလို့ မလောက်နိုင်သေးဘူး၊ ဆိုးတယ်ဆိုလို့ ဆိုးတော်မူလှသည် မိမိငဲ့၊ ပြုံးရယ်ကာပြောစေ။ မင်းသမီးကလေးကလည်း မလိုက်ပါဘူး၊ ဗိုလ်ပုံမှာ ဖြစ်၍သည့်ကလောက် ခံသည်။ လူကို ဘယ့်နှယ်ထင်လို့တုန်း မေးစေ။ ဣန္ဒာဝံသမင်းသားလည်း ပြုံးရယ်၍ ရှင်ဘုရင့် သမီးပင်ထင်ပါငဲ့၊ မောင်ကြီး တင်စရာရှိပါသေးသည်။ လိုက်တော်မူပါဦး ခေါ်စေ။ ဣန္ဒာဝံသမင်း သားလည်း နှမတော်ကို လက်ဆွဲ၍ ဆင်းသွားစေ”

(နောက်မှ လိုက်ကြရသော)

“ပန်းကြာရစာရီမင်းသမီး အပျိုတော်များလည်း မြတ်စိုကို ကော်ဇောပုံမှတ်၍ နင်းမိ သည်နှင့်မြတ်စိုခေါင်းပေါ် ဝယ် ခွေလျက်လဲစေ။ မြတ်စိုလည်း ကော်ဇောပုံထဲက ထွက်ပြီးလျှင် အ ကန်းမ၊ အတီးမ၊ ရုပ်ပလာမ၊ လူတကောင်လုံးကို ထွက်၍ နင်းသည်။ သူများ ကြောက်လွန်းလို့ ရှိရာတွင် သူတို့လင်မြှော်ရလွန်းလို့မှ ခြေမထိ”

ဤသည် လှိုင်ထိပ်ခေါင်တင်အဖို့ စာပေရေးသားရင်း စိတ်လက်ပေါ့ပါး ရွှင်မြူးရသော အချိန်အခါပင် ဖြစ်လေသည်။ သို့သော် စိတ်ရွှင်မြူးသည့်အခါ ရှိသလို စိတ်ညစ်ညူးရသည့်အခါ လည်း သူ့အလှည့်နှင့်သူ ရှိလေသည်။ သူ့မှာ အလွမ်းခံက ရှိနေသည်။ ထို့အပေါ် လူကြီးသူမများ ပြောသည့်အောက်ပါကိစ္စမျိုးကြောင့်လည်း ရင်နာစရာဖြစ်ရလေသည်။ ကနောင်မင်းသားတွင် ကိုယ်လုပ်တော် ရှင်ကျေးမှ မွေးသော သမီးတယောက်ရှိလေသည်။ စမ္ပာယ်နဂိုရ်မင်းသမီးဟုခေါ် ပါ၏။ ထိုသမီးကို ကနောင်မင်းသားက အလွန်ချစ်ခင် အလိုလိုက်လေသည်။ တနေ့တွင် စမ္ပာယ် နဂိုရ်မင်းသမီးက အပျိုတော်စေလွှတ်၍ လှိုင်ထိပ်ခေါင်တင်ထံမှ လိမ်းတော်ဆီ တောင်းလေသည်။ လှိုင်ထိပ်ခေါင်တင်ကလည်း ဆီကို ဖန်ဘူးတွင် ထည့်၍ပို့ရာ ကံဆိုးချင်သောကြောင့်ထင့်၊ ဆီထဲ တွင် ဥခွံမှ ကျွတ်စ ပိုးဟပ်သေကလေး ပါသွားလေသည်။ ဤသည်ကို စမ္ပာယ်နဂိုရ်မင်းသမီးက အထင်လွဲကာ ကနောင်မင်းသားကို တိုင်ကြားလေသည်။

တိုင်ကြားရုံသက်သက်ဖြင့် ပြီးသွားလျှင်လည်း တော်ပါသေး၏။ ပြီးပြတ်မသွားပါ။ က နောင်မင်းသား ပွဲတော်တည်ချိန်၌ အရုပ်ဆိုးစရာ ဖြစ်ပါလေသည်။ ပွဲတော်တည်ချိန်၌ ပွဲတော် လိုက်ရသူမှာ လှိုင်ထိပ်ခေါင်တင်ပင် ဖြစ်လေသည်။ သူက အရိုးတွင် လိုရာဆက်စသည်ဖြင့် ကောင်း စွာ ပွဲတော်လိုက်ပါ၏။ သို့သော် လင့်မျက်နှာသုန်သုန်မှုန်မှုန်ကိုသာ တချိန်လုံး မြင်နေရသည်သာ ဖြစ်လေသည်။ ထို့ကြောင့် ပွဲတော်လိုက်အပြီးတွင် စိတ်ခု၍အဆောင်တွင်းသို့ တန်းဝင်လေသည်။



www.burmeseclassic.com

 www.burmeseclassic.com

ကနောင်မင်းသား၏ဒေါသလည်း ထိုအခါတွင် ပေါက်ကွဲလေတော့သည်။ “ငါလိုက်ပြီး ဓားနှင့် ငါးပိုင်းပိုင်းလိုက်ရ”ဆိုသောစကားမျိုး ထွက်လာတော့သည်။ လှိုင်ထိပ်ခေါင်တင်လည်း အလွန် နာကျည်းကာ ‘နာဂဆဒ္ဒန်’ဘောလယ်ကို ရေးဖွဲ့မိသည် ဖြစ်လေသည်။

သည်တခါ ကနောင်မင်းသား အတော်လွန်လေသည်။ လှိုင်ထိပ်ခေါင်တင်သည် ဘောလယ်ရေးရုံမျှဖြင့် စိတ်မကြေ။ သူက စိမ်းလျှင် ငါကလည်း စိမ်းနိုင်ပါသော်ကောဟု တွေးလေသလားမသိ။ နောက်တနေ့တွင် အကျီစိမ်း၊ ထဘီစိမ်း၊ မြနားဋ္ဌောင်းဆင်ကာ သားဖြစ်သူ ထန်းတပင်မင်းသားကို လက်ဆွဲ၍ နန်းတော်သို့ဝင်လေသည်။ သူအားကိုးသည်မှာ မင်းတုန်းမင်းနှင့်မိဖုရားခေါင်ကြီး ဖြစ်လေသည်။ ၁၈၄၅–ခုနှစ်တွင် သူ့အမိဖြစ်သူ အနောက်နန်းမိဖုရား မမြကလေးသည် သူပုန်မှုတွင် ပါဝင်သည်ဟု အစွပ်စွဲခံရပြီး သာယာဝတီမင်း၏ အမိန့်ဖြင့် အသတ်ခံခဲ့ရစဉ်က သူ့မှာ ၁၂–နှစ်အရွယ် မျက်စိသူငယ်ဖြင့် ကျန်ရစ်ခဲ့သည်။ ထိုအခါတွင် သာယာဝတီမင်း၏ သမီး (မင်းတုန်းမင်း၏ မိဖုရားခေါင်ဖြစ်လာမည့်)စုဘုရားကြီးက သူ့ကိုစောင့်ရှောက်ကြည့်ရှုခဲ့ဘူးသည် ဖြစ်လေသည်။ မင်းတုန်းမင်း(သား)နှင့်စုဘုရားကြီးသည် အထွတ်အမြတ်သို့ ရောက်၍ တနှစ်အကြာတွင် မင်းတုန်းမင်းကိုယ်တိုင် ညီဖြစ်သူ ကနောင်မင်းသားနှင့်သူ့ကို လက်ထပ်ပေးခဲ့သည်လည်းဖြစ်လေသည်။ ထို့ကြောင့် မင်းမိဖုရားနှစ်ဦးကို သူသည်ဖြစ်သမျှကို တိုင်ကြားကာ သူတို့က စီမံပေးသည့်အတိုင်း အိမ်ခွဲ၍ နေထိုင်ခဲ့လေသည်။ သို့သော် နှစ်ဖက်စလုံးကပင် သံယောဇဉ်ကြိုး မဖြတ်နိုင်ကြ။ ကနောင်မင်းသားက တောင်းပန်သည်နှင့်အကြင်လင်မယားကွဲ၍ တနှစ်ကြာတွင် လှိုင်ထပ်ခေါင်တင်သည် အိမ်ရှေ့တော်သို့ ပြန်ရောက်ရလေသည်။

သူတို့၏ ကံကြမ္မာကား ဆိုးလေစွ။ သူတို့နှစ်ဦး ကြာရှည်ပေါင်းနိုင်ဘို့အရေးတွင် ပြည်ထဲရေးက ဝင်ရောက်ဖျက်ပါလေသည်။ ကနောင်မင်းသားသည် မင်းတုန်းမင်းက အားကိုးရာဖြစ်ခဲ့ကြောင်း စောစောကလည်း လမ်းကြောင်းခဲ့ဘူးပါသည်။ ၁၈၅၇–ခုနှစ်တွင် မင်းတုန်းမင်းသည် အမရပူရမှ မန္တလေးသို့ မြို့ပြောင်းနန်းပြောင်းရန် ကြံရွယ်ရာတွင် ဦးစီးကွပ်ကဲရသူတဦးမှာ ကနောင်မင်းသားပင် ဖြစ်လေသည်။ နိုင်ငံကို ခေတ်မီရေးအတွက် ပြင်သစ်စသော ပြည်ပသို့ဦးမြူး၊ ဦးရွှေအိုး၊ ဦးအောင်သူလို ပညာတော်သင်များကို ရွေးချယ်စေလွှတ်ခဲ့သူမှာလည်း ကနောင်မင်းသားပင် ဖြစ်လေသည်။ အမြောက်သေနတ်၊ မဲနယ်ဒင်္ဂါးစက်ရုံများကို တည်စက ကြီးကြပ်ခဲ့သူမှာလည်း ကနောင်မင်းသားပင် ဖြစ်လေသည်။ ကနောင်မင်းသား၏ သြဇာအာဏာသည် အလွန်ကြီးမားခဲ့သည်ဖြစ်လေသည်။ မင်းတုန်းမင်း၏ သားများသည်လည်း ကနောင်မင်းသား၏ အစီအမံ၊ အကွပ်အကဲအောက်တွင် နေကြရသည်။ ဤသည်ကို မြင်ကွန်းနှင့်မြင်းခုံတိုင်မင်းသားများက မခံနိုင်။

www.burmeseclassic.com

ဆက်၍ ပြောရန် တချက် ကျန်သေးသည်။ မြန်မာရာဇဝင်တွင် ထီးနန်းဆက်ခံရေးကိစ္စသည် မရေမရာ ရှိချေသည်။ တမင်းလွန်၍ တမင်းတက်ရာတွင် တခါတရံ သားဖြစ်သူက တက်လိုက်၊ တခါတရံ ညီဖြစ်သူက တက်လိုက်နှင့်စနစ်ပုံစံမရှိဘဲ ဖြစ်နေသည်။ ထို့ပြင် မြန်မာမင်းတို့တွင် မိဖုရား မောင်းမမိဿံတွေ ပေါများလှသဖြင့် နန်းရနိုင်သူ၊ နန်းလုချင်သူ၊ ညီအကို သားချင်း၊ ဦးလေး ဘကြီးများ ဒုနှင့်ဒေး ဖြစ်နေလေသည်။ ယခုသော် ကနောင်မင်းသားသည် အိမ်ရှေ့မင်း ဖြစ်လျက်ရှိသည်။ ဤသည်ကို တူတော်သူ မြင်ကွန်းမင်းသားနှင့်မြင်းခုံတိုင်မင်းသားများက မကြိုက်။ သူတို့က တွက်သည်မှာ မင်းတုန်းမင်းလွန်လျှင် ကနောင်မင်းသားက ထီးနန်းဆက်ခံရလိမ့်မည်။ ထိုအခါ ကနောင်မင်းသား၏ သားကြီးဖြစ်သော ပတိမ်းမင်းသားသာ အိမ်ရှေ့အရာရစရာရှိလေသည်။ သူတို့မှာမူ မင်းဖြစ်ဘို့ မဆိုထားဘိ၊ အိမ်ရှေ့အရာကို ရရန်ပင် ဝေးလှသေးသည်။ ကနောင်မင်းသားကို လုပ်ကြံရန် သူတို့ကြံစည်ကြလေတော့သည်။ သူတို့၏ အကြံအစည်သည်လည်း ၁၈၆၆–ခုနှစ် ဇွန်လ ၁၆–ရက်နေ့တွင် လမ်းပွင့်လာလေသည်။

ဖြစ်ပုံမှာ မင်းတုန်းမင်းသည် နန်းတော်တွင်းမှ ရံဖန်ရံခါ ထွက်၍ အပြင်စံနန်းတော်တွင် နေထိုင်ကာ ကုသိုလ်ရေး၊ လူမှုရေးကိစ္စများကို ဆောင်ရွက်တတ်သည်ဖြစ်လေသည်။ ကနောင်မင်းသားနှင့်မှူးမတ်တို့မှာလည်း လောလောဆယ်ဆယ်အချိန်၌ လွှတ်တော်အနီးတဲကြီးတွင် တိုင်းရေးပြည်မှု အစည်းအဝေးများ ပြုလုပ်လျက်ရှိလေသည်။ ထိုနေရာသည် မြင်ကွန်းမင်းသား၏ ဝင်းနှင့်ကပ်လျက် ရှိပြန်လေသည်။ ထို့ကြောင့် မြင်ကွန်းမင်းသား၊ မြင်းခုံတိုင်မင်းသားတို့မှာ အခွင့်ရကာ ကနောင်မင်းသားနှင့်ပုဂ္ဂိုလ်အချို့ကို သတ်ဖြတ်လုပ်ကြံနိုင်ခဲ့လေသည်။ သို့သော် သူတို့၏ နန်းသိမ်းရေး အကြံမှာ မအောင်မြင်ခဲ့။ မင်းတုန်းမင်းအပေါ်တွင် မှူးမတ်စစ်သည်များက သစ္စာစောင့်သိမှုကြောင့် သူတို့မှာ ရှုံးနိမ့်ကာ အောက်မြန်မာနိုင်ငံသို့ ထွက်ပြေးရလေသည်။

အရေးအခင်းဖြစ်၍ ၂–ရက်အကြာတွင် ကနောင်မင်းသား၏ အလောင်းကို ခေါင်းသွင်း၊ ထီးဖြူဝဲယာ ၄–စင်းခြံရံ၍ အပြင်စံနန်းတော်ခန်းမဆောင်တွင် ပြင်ဆင်ထားရှိလေသည်။ ထိုအခါ လှိုင်ထိပ်ခေါင်တင်သည် အပျိုတော်ခင်ဆိုင်ကြီးနှင့်အတူ အလောင်းကို လာကြည့်သည်၊ ကြည့်ရာမှ နောက်သို့လှည့်၍ 'ဟဲ့ ဆိုင်ကြီး၊ မှတ်လိုက်'ဟု အမိန့်ပေးလေသည်။ ထို့နောက်–

"အပုပ်တော် ကိုယ်တော်ကျူပြီမို့
ရုပ်အိမ်တော် ညှိုးကာ ကြွသော်လဲ
ငိုသော်မှ မယ်မငို။
အကြံတတ်လေဘု
စရပ်မှာ ညွှတ်သည်ဆုံးသည်သို့
ဖုန်းပြုသကို။



www.burmeseclassic.com

www.burmeseclassic.com

ထီးဖြူတော် ရှစ်ချက်ကျင်းပါလို့
ကျောက်နီတင် ရွှေတည်းရယ်နဲ့
အမယ်မင်း သခင့်ကိုယ်
ရွှေဖိုနဲ့တင်ချင်သား။
ကြောင်းမခိုင်
မပေါင်းပိုင် အခြေဆိုက်တာကြောင့်
နှစ်လောင်းပြိုင် သေကာလိုက်ချင်ပေ့ါ
သောင်းတိုက်ညာဖွား"

ဟူ၍ ဖြည်းဖြည်းချင်း ဆိုချလေတော့သည်။

မုဆိုးမလှိုင်ထိပ်ခေါင်တင်သည် ၁၇၇၅–ခုနှစ်၊ အသက် ၄၂–နှစ်အရွယ်တွင် ကံကုန်ခဲ့လေသည်။ သားဖြစ်သူ ထန်းတပင်မင်းသားမှာမူ ၁၇၇၉–ခုနှစ်၌ သီပေါမင်း(သား)ထီးနန်းဆက်ခနိုင်ရေးအတွက် မင်းညီမင်းသားအများကို သုတ်သင်ရာတွင် ပါသွားရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com


## လှိုင်ထိပ်ခေါင်တင်

ချမ်းမြ၊ ဦး၊ စီစဉ်သူ၊ ၁၉၆၁–ခု၊ ကဗျာယဉ်စာယဉ်၊ မန္တလေး၊ လှခင်အင်ဆန်းစာပုံနှိပ်တိုက်။

နိုင်ငံတော်မူမဟာဂီတ၊ ဒု–တွဲ၊ ၁၉၅၆–ခု၊ ရန်ကုန်၊ ယဉ်ကျေးမှုဌာန။

မမကြီး၊ ဒေါ်၊ ၁၃၀၁–ခု၊ အမျိုးသမီးစာဆိုတော်များအထုပ္ပတ္တိနှင့်၎င်းတို့ရေးသားသော ကဗျာများ၊ ရန်ကုန်၊ မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်။

မြင့်ကြည်၊ ဦး၊ ၁၉၆၃ ခု၊ "ဘောလယ်နှင့်လှိုင်ထိပ်ခေါင်တင်" ယဉ်ကျေးမှုစာစောင်၊ အတွဲ ၄၊ အမှတ် ၃၊ မျက် ၁၃၁ မှ ၁၃၇ ထိ။

မင်းသုဝဏ်၊ ၁၉၆၅ ခု၊ "လှိုင်ထိပ်ထား၏ရှင်သောညဏ်" ပန်းနှင့်ပင်စည်၊ မန္တလေး၊ ကမ္ဘာ့ခေတ်စာပေတိုက်၊ မျက် ၂၁၇ မှ ၂၃၁ ထိ။

မောင်မောင်တင်၊ ဦး၊ ၁၃၃၀ ခု၊ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။

မောင်မောင်တင်၊ ဦး၊ ၁၉၆၈ ခု၊ "သမိုင်းတွင် မမေ့နိုင်သောနေ့" မြန်မာမင်း လက်ထက်တော် စာတန်းများ၊ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ မျက် ၁၇၇ မှ ၁၈၃ ထိ။

မောင်မောင်တင်၊ ဦး၊ ၁၉၄၀ ခု၊ "ယင်းတော်မလေး" ဒဂုန်မဂ္ဂဇင်း၊ ဝိသတိမတွဲ၊ အမှတ် ၂၃၈၊ မျက် ၈၅ မှ ၈၉ ထိ။

လှိုင်ထိပ်ခေါင်တင်၊ ၁၉၅၉ ခု၊ ဣန္ဒာဝံသနန်းတွင်းဇာတ်တော်ကြီး၊ ၂ တွဲ၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

သိန်း၊ မော်ပီဆရာသိန်း၊ ၁၉၆၇ ခု၊ နှောင်းဖြစ်စာတမ်း၊ ရန်ကုန်၊ အေးအေးစာပေတိုက်။

Secoett, J,G.1900. Gazetteer of Upper Burma and the Shan States. Part I. Vol I, Rangoon, Supdt., Government Printing, Burma.

Yule, H.1858. A Narrative of the Mission Sent by the Governor General of India to the Court of Ava in 1855. London, Smith, Elder and Co.

www.burmeseclassic.com

www.burmeseclassic.com

ဦးရွှေလူ


www.burmeseclassic.com

# ဦးရွှေလူ

ဦးရွှေလူအကြောင်းမှာ ပြည့်ပြည့်စုံစုံ မရှိလှ။ ရှိသလောက်မှာကား စိတ်ဝင်စားဘွယ်ရာ ဖြစ်လေသည်။ ဦးရွှေလူသည် ဘကြီးတော်မင်းတရားလက်ထက်၌ လက်ဝဲဝင်းမှူးအဖြစ်ဖြင့် အမှုထမ်းခဲ့သူဖြစ်သည်။ ဝင်းမှူးဆိုသည်မှာ ဘုရင်က ယုံမှတ်ပါမှ ခန့်အပ်သော အရာမျိုးဖြစ်သည်။ မှတ်စုငယ်အစောင်တွင်လည်း ဦးရွှေလူသည် ဘကြီးတော်၏ ကျွန်ရင်းဖြစ်၍ သစ္စာရှိရှိဖြင့် အများနည်းတူ မင်းမှုထမ်းခဲ့သော်လည်း သူ့တွင် အများနှင့်မတူသော ဝသီစရိုက်ရှိလေသည်။ သူက ရန်ကုန်တွင် နေထိုင်ခဲ့ဘူးသောကြောင့်ပေလား မသိ။ အနောက်တိုင်း (မျက်နှာဖြူ)များနှင့်အဆက်အဆံများသည် ထိုသူတို့၏ အစားအသောက်များကို လျှာတွေ့တတ်သည်။ ထို့ပြင် အဝ(နေပြည်တော်ရှိ)သူ့နေအိမ်တွင် အပူသက်သာရအောင် ရန်ကုန်ဆံဆံ ဆွဲယပ်များကို တပ်ဆင်ထားလေသည်ဖြစ်သည်။

သို့သော် ဤအချက်တို့သည် ကိုယ်ရေးသက်သက် ထူးခြားချက်မျှသာ ဖြစ်လေသည်။ သူ့တွင် လူတို့၏ ကျင့်ဝတ်သိက္ခာနှင့်စပ်ဆိုင်သော အခြားထူးခြားချက်တခုလည်း ရှိပါလေသည်။ မြန်မာတို့တွင် ချစ်သည်၊ ခင်သည်၊ ကြင်သည်၊ ကျွမ်းသည် မှန်စေအမှုရှိက (ထောက်ပံ့ကူညီမှု) ရခဲ့သည်ဟူ၍ ဆိုရိုးရှိလေသည်။ သူသူကိုယ်ကိုယ် ဘဝတကွေ့တွင် သူတပါး၏ အကူအညီအမအစကို တောင်းရတတ်သည်ဖြစ်လေသည်။ ထိုအခါ သူတပါးမှာ ကိုယ့်အပေါ် သာမန်အားဖြင့် မေတ္တာထားသည်မှန်သော်လည်း စည်းစိမ်ဥစ္စာ ပျက်ပြားမည့်အရေးကို ထောက်၍ ကူညီရန် ဝန်လေးသောအခြေ၌ ရှိတတ်လေသည်။ ဤတွင် ဦးရွှေလူ၏ ထူးခြားချက်မှာ အခြားမဟုတ်။ အရေးကြုံသည့်အခါမျိုးတွင် အခွင့်အခါ ကြည့်ရှုဆင်ခြင်၍ ကူညီဘို့ ဝန်မလေးတတ်ခြင်းပင် ဖြစ်လေသည်။ သူ ကူညီခဲ့၍လည်း ဆရာဂျတ်ဆင်တို့လင်မယား၏ ဒုက္ခသည် လျော့ပါးလေသည်ဖြစ်သည်။ ရှင်းပြရဦးတော့မည်။

ဘကြီးတော်မင်းတရားလက်ထက်၌ အဝနှင့်ရန်ကုန်မြို့များသည် အနောက်တိုင်းသား (မျက်နှာဖြူ)များ သွားလာနေထိုင်ရာ စုဝေးရာ အရပ်များဖြစ်ခဲ့လေသည်။ ထိုသူတို့သည် အင်္ဂလိပ်ပိုင် အိန္ဒိယဘက်မှတဆင့် ကူး၍လာသည်ဖြစ်ရာ အလုပ်အကိုင်အားဖြင့် ကုန်သည်သော်ရင်း၊ သာသနာပြုဆရာသော်ရင်း၊ အခြေအနေမဲ့သူသော်ရင်း ဖြစ်တတ်ကြသည်။ ထိုသူတို့တွင် အမေရိကန်

www.burmeseclassic.com

www.burmeseclassic.com

နှစ်ခြင်းသာသနာပြု ဆရာဂျတ်ဆင်နှင့်မယားဖြစ်သူ အန်လည်း အပါအဝင် ဖြစ်လေသည်။

ဆရာဂျတ်ဆင်တို့လင်မယားသည် မြန်မာနိုင်ငံသို့ ရောက်ခဲ့သည်မှာ ဘိုးတော်မင်းတရားလက်ထက် ၁၈၁၃–ခုနှစ်ကတည်းက ဖြစ်လေသည်။ သူတို့၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၌ သာသနာပြုစခန်းကို အမြဲတန်းတည်ထောင်၍ မြန်မာတိုင်းရင်းသားများကို ခရစ်ယန်ဝါဒသို့ သွတ်သွင်းရန်ပင် ဖြစ်လေသည်။ ထိုအလုပ်ကို ဖြစ်မြောက်ရအောင် မြန်မာစကား၊ မြန်မာစာတတ်ဘို့လိုလေသည်။ ထို့ကြောင့် ရှေးဦး ပထမ ရန်ကုန်တွင် အခြေစိုက်နေထိုင်ရင်း ရဟန်းလူထွက် ဦးအောင်မင်း၊ ဦးရွှေငုံ စသူများထံမှ မြန်မာစာ၊ ပါဠိစာကို ဆရာဂျတ်ဆင် စတင်သင်ယူလေသည်။ သင်ခြေအတော်ရလာသောအခါ အဘိဓာန်၊ သဒ္ဒါ၊ ခရစ်ယန်ကျမ်းစာ စသည်များကို မြန်မာလိုပြုစုခြင်း၊ တရားဟောစရပ်ဆောက်လုပ်၍ လာ,လာသမျှသော ယောကျ်ား၊ မိန်းမတို့ကို ခရစ်ယန်တရားဟောခြင်း အမှုတို့ကို ဆောင်ရွက်လေသည်။ သို့သော် ခရစ်ယန်ဝါဒဖြန့်မှုကို ပြည်ပိုင်အစိုးရငြိုငြင်ပါက မကောင်း။ ဤသို့စဉ်းစားမိသော ဆရာဂျတ်ဆင်တို့လင်မယားသည် ဘုရင်မင်းမြတ်ထံမှ သာသနာပြုခွင့်တောင်းမည့်အကြံဖြင့် ၁၈၁၉–ခုနှစ်၊ နောက်ပိုင်းတွင် ဘကြီးတော် ပထမနန်းထိုင်ရာ အမရပူရသို့ ထွက်ခဲ့ကြလေသည်။ အမရပူရသို့အရောက်တွင် အတွင်းဝန်ဦးစ၏ကျေးဇူးကြောင့် ဘကြီးတော်ကို တွေ့ဆုံခွင့်ရပါ၏။ သို့သော် ဘုရင်၏စိတ်အလိုနှင့်မတွေ့သောကြောင့် စိတ်လျှော့၍ ရန်ကုန်သို့ ပြန်ကြရလေသည်။

၁၈၂၂–ခုနှစ်၊ နောက်ပိုင်းတွင်ကား ဆရာဂျတ်ဆင် မြော်လင့်နေသောအခွင့်အခါ ဆိုက်လေသည်။ ဆရာဝန်လည်းဖြစ်၊ သာသနာပြုဆရာလည်း ဖြစ်သော ဒေါက်တာပရိုက်သည် အိန္ဒိယဘက်မှ ရန်ကုန်သို့ လာရောက်နေထိုင်ခဲ့လေသည်။ မကြာမီ ထိုသူ၏ ဆေးပညာအစွမ်းသည် ရန်ကုန်ကို ကျော်လွန်၍ အထက်မင်းနေပြည်အထိ ပျံ့နှံ့ကျော်ကြားခဲ့လေသည်။ သို့ဖြင့် ဒေါက်တာပရိုက်ကို အမရပူရသို့ ဘကြီးတော်က ဖိတ်ခေါ်သည်တွင် ဆရာဂျတ်ဆင်လည်း ဒေါက်တာပရိုက်နှင့်အတူ လိုက်သွားလေသည်။ ထိုအကြိမ်တွင် ဆရာဂျတ်ဆင်သည် စလင်းမင်းသားကြီးဦးအို့, အပါအဝင် မင်းညီမင်းသား၊ ဝန်စု၊ မှူးစုများထံသို့ ဝင်ထွက်သွားလာနိုင်ခဲ့သည်။ ဘကြီးတော်နှင့်ဘာသာရေး၊ ပထဝီ၊ နက္ခတ်စသော ပညာရပ်များကို ဆွေးနွေးခွင့်ရကာ ပို၍ ရင်းနှီးလာခဲ့လေသည်။ ရင်းနှီးမှုအပေါ် အခြေပြု၍ သူက တရားဟော စရပ်ဆောက်လုပ်ရန် မြေတောင်းသည်တွင် သူ့အလိုသည် ပြည့်လေသည်။ ထို့ကြောင့် ရန်ကုန်သို့ ဆရာဂျတ်ဆင်ပြန်ကာ ပစ္စည်းသိမ်း၊ မယားဖြစ်သူ အန်ကို ခေါ်ပြီးလျှင် ခုအခါ၌ မင်းနေပြည် ဖြစ်လာသော အဝသို့ပြန်လာခဲ့လေသည်။

သူတို့သည် အဝမြို့ကမ်းနားဘက်တွင် အလျား ပေ ၁၂၀၊ အနံ ပေ ၇၅ အကျယ်အ



www.burmeseclassic.com

ဝန်းရှိသော မြေရကာ အိမ်ငယ်တဆောင်ကို ဆောက်လုပ်နေထိုင်ခဲ့လေသည်။ တရားဟောရန် အသုံးပြုရာ နေရာကား ပထမ၌ စစ်ကိုင်းဘက်ရှိ ဒေါက်တာပရိုက်၏ နေအိမ်ပင် ဖြစ်လေသည်။ တရားကိုလည်း ဥပုသ်နေ့တိုင်း သူတို့ဟောလေသည်။ သို့သော် သူတို့၏ လုပ်ငန်းကို စစ်က ဝင်၍ ဖျက်ပါလေသည်။

စစ်မည်သည် ကိုယ့်ဖက်က မှန်၍ သူ့ဖက်က မှားသည်ပင် ထားဦး။ စစ်ဖြစ်ကြသောလူမျိုးအချင်းချင်း ဆက်ဆံပေါင်းသင်းရေးကို ထိခိုက်ရမည်မှာ မလွဲကေန် ဖြစ်သည်။ လူမျိုးအချင်းချင်း မယုံသင်္ကာမှုကို ဖန်တီးတတ်သည်မှာလည်း မလွဲကေန် ဖြစ်သည်။ ဖြစ်ပုံမှာ ဆရာဂျတ်ဆင်တို့ အဝသို့ ရောက်၍ တနှစ်ပင် မကြာတတ်သေး။ မြန်မာနှင့်အင်္ဂလိပ်တို့သည် ရှင်မဖြူကျွန်းကို သူပိုင် ငါပိုင် ငြင်းရာမှ မဏိပူရနှင့်ရခိုင်ဘက်တွင် စစ်စ၍ ဖြစ်လေသည်။ ထိုစစ်မျက်နှာများတွင် မြန်မာတို့သည် အောင်ပွဲရသလောက် ရနေပါ၏ ။ သို့သော် ဗိုလ်ချုပ်ကန်ဘယ်၏ အင်္ဂလိပ်တပ်သည် ရန်ကုန်ဘက်သို့ သင်္ဘောဖြင့် လှည့်ဝင်၍ တိုက်လေရာ ရန်ကုန်ရှိ မြန်မာတပ်မှာ အရေးနိမ့်လေသည်။ အင်္ဂလိပ်တပ်လည်း ရန်ကုန်ကို သိမ်းပိုက်နိုင်ခဲ့လေသည်။ ထိုအခါတွင် ဘကြီးတော်သည် ရခိုင်ဘက်၌ ရှိနေသော မြန်မာစစ်သူကြီး၊ မင်းကြီးမဟာဗန္ဓုလကို အဝသို့ ခေါ်ယူတိုင်ပင်လေသည်။ ထို့နောက် ရန်ကုန်သို့ ချီတက်ရန် အစီအစဉ် လုပ်စေလေသည်။

ရန်သူလက်သို့ ရန်ကုန်ကျခဲ့ရသည့်အတွက် ပြည်တွင်းရှိ အနောက်တိုင်းသား(မျက်နှာဖြူ)များ အပေါ်တွင် အစိုးရက ပို၍ အာရုံစိုက်လာလေသည်။ အဝတဝိုက်တွင်လည်း လတ်၊ ရော်ဂျာ၊ ဂုဂျာလို အင်္ဂလိပ်ကုန်သည်များ၊ ဆရာဂျတ်ဆင်၊ ဒေါက်တာပရိုက်လို အမေရိကန်သာသနာပြုဆရာများ နေထိုင်လျက်ရှိကြသည်။ ဤတွင် အင်္ဂလိပ်ကုန်သည်များသည် အိန္ဒိယနှင့်အဆက်အသွယ် မကင်းမှုကို အကြောင်းပြု၍ သူတို့ကို သူလျှိုအဖြစ်ဖြင့် မြန်မာအစိုးရက မြင်လေသည်။ တဖန် ဆရာဂျတ်ဆင်တို့မှာ ကုန်သည် ဂုဂျာ့ထံမှ ငွေယူငင်သုံးစွဲသည်ကို တွေ့ရသဖြင့် အင်္ဂလိပ်၏ ကျေးဇူးစားဟူ၍တွက်လေသည်။ သို့ဖြင့် ကုန်သည်များကို မြန်မာအစိုးရက စတင်ဖမ်းဆီးလေသည်။ ထို့နောက် ဆရာဂျတ်ဆင်နှင့်ဒေါက်တာပရိုက်တို့ကို ရုံးတော်သို့ခေါ်ယူစစ်ဆေးပြီး ကြေနပ်စရာ မတွေ့သောကြောင့် ဖမ်းလေသည်။ သူတို့အားလုံးကိုလည်း ခြေကျဉ်း ၃ ဆင့်ခတ်၍ လက်မရှိ့ထောင်ရှိ အတွင်းခန်း ကျဉ်းကျဉ်းကလေးထဲတွင် သွင်းထားလေသည်။ ထိုနောက် တဖန် ၃–၄ ရက်မျှအကြာတွင် ဆရာဂျတ်ဆင်အိမ်သို့အမှုထမ်းများလွှတ်၍ ပစ္စည်းသိမ်းယူစေပြန်သည်။ ထိုလူစုတွင် လက်ဝဲဝင်းမှူး ဦးရွှေလူပါလေသည်။ ဦးရွှေလူမှာ လူမျိုးခြားများနှင့်အဆက်အဆံများခဲ့သူဖြစ်၍ လူမျိုးရေး အစွဲကင်းပါ၏ ။ သို့သော် တာဝန်အရ ဆောင်ရွက်ရသည်ဖြစ်လေသည်။ သို့သော် ပစ္စည်းသိမ်းရာတွင် ဆရာဂျတ်ဆင့်မယားဖြစ်သူ အန်၏စိတ်ကို မထိခိုက်ရအောင် တတ်နိုင်သမျှ ဆောင်ရွက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤအတွင်း အန်သည် သူ့ယောကျ်ားလွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် အဝ မြို့ဝန်ဦးရောက်ကြီးထံတွင် စာတင်လေသည်။ အမှန်ဆိုလျှင် ဦးရောက်ကြီးသည် ဆရာဂျတ်ဆင်ကို လွတ်နိုင်ခွင့်မရှိ။ အထက်အာဏာပိုင်များထံသို့ ထောက်ကူအစီရင်ခံဘို့လည်း မဖြစ်။ သူအလွန်ဆုံး ခွင့်ပြုနိုင်ခဲ့သည်မှာ ဆရာဂျတ်ဆင့်ထံသို့ ထမင်းပို့ရေးနှင့် ဆရာဂျတ်ဆင့်ကို အတွင်းခန်းမှ လေကောင်းလေသန့်ရသော အပြင်ခန်းသို့ ရွှေ့ပေးရေးသာ ဖြစ်လေသည်။ ထိုအခါ အန်သည် ဩဇာရှိလှသော မင်းသားကြီးဦးအို၏ မယားထံသို့သွား၍ (ဦးအို၏ နှမဖြစ်သူ)မိဖုရားခေါင်ကြီး ထံသို့ တင်လျှောက်ပေးရန် မေတ္တာရပ်ခံလေသည်။ သို့သော် မိဖုရားခေါင်ကြီးထံမှ ''သာသနာပြု ဆရာတွေ မသေနိုင်ပါဘူး၊ ထောင်ထဲမှာဘဲ ရှိပေစေ''ဟူသော အဖြေကိုသာ ရလေသည်။ အန်လည်း နောက်ဆုံး ကြိုးပမ်းချက်အဖြစ်ဖြင့် အဝသို့ ပြန်ရောက်နေသော မင်းကြီး မဟာဗန္ဓုလကို ချဉ်းကပ်ပြန်လေသည်။ မင်းကြီးမဟာဗန္ဓုလသည် ထိုအချိန်ကာလတွင် အလွန်ဘုန်းတံခိုးကြီးမားနေလေသည်ဖြစ်သည်။ သူကသာ ဆောင်ရွက်ပေးပါက အကျဉ်းသား(များ)မှာ လွတ်နိုင်စရာအကြောင်းရှိလေသည်။ သို့သော် သူ့ထံမှလည်း ''ရန်ကုန်က အင်္ဂလိပ်တပ်ကို တိုက်ထုတ်ပြီးမှ အကျဉ်းသားတွေကို လွှတ်နိုင်မည်''ဟူသော အဖြေကိုသာ အန်သည်ရပြန်လေသည်။

ဟုတ်သည်။ ဆရာဂျတ်ဆင်တို့မှာ အပြစ်ကင်းသည်ပင် ထားဦး။ နှစ်ပြည်ထောင်စစ်ဖြစ်နေသည့်အတောအတွင်း ဤအရေးကို စဉ်းစားချင့်ချိန်မနေနိုင်။ ထို့ပြင် ကိုယ့်ဘက်မှ ပြန်လည်အနိုင်ရရေးအတွက် အရေးကြီးသထက် ကြီးနေချိန်တွင် ဘယ်နိုင်ငံခြားသားကိုမှမယုံကြည်စိတ်မချနိုင်။ မယုံကြည် စိတ်မချနိုင်သဖြင့် မင်းကြီးမဟာဗန္ဓုလသည် ရန်ကုန်မှ ဓနုဖြူသို့ ဆုတ်ခွာရသည့်အခါ မြန်မာအစိုးရသည် အကျဉ်းသားတွေကို ပိုမိုချုပ်ချယ်လာရသည်။ ထောင်အပြင်ခန်းမှ ထောင်အတွင်းခန်းသို့ သွင်းထားလိုက်သည်။

အန်သည် ကလေးမျက်နှာမြင်နေရ၍ ဤကိစ္စကို မသိလိုက်။ သိလာသောအချိန်၌ကား မွေးစကလေးကို ပြုစုနေရသည့်အကြားမှ ဦးရောက်ကြီးထံသို့ သွားရောက် အသနားခံပါလေသည်။ ဦးရောက်ကြီးသည် အန်ကို သိမ်းအရင်းလိုလည်း ခင်ပါ၏။ သနားလည်း သနားပါ၏။ သို့သော် ဘာမှ မတတ်နိုင်ရှာ။ သနားစိတ်ဖြင့် ''မျက်နှာဖြူ အကျဉ်းသားတွေကို မင်းသားကြီးက တိတ်တိတ်သတ်ခိုင်းသည်မှာ ၃ ခါရှိပါပြီ။ အကျဉ်းသားတွေ အခုထိ အသက်ရှင်နေကြသည်မှာ ကျုပ်က တင်းခံနေသောကြောင့် ဖြစ်ပါသည်။ သည်လောက်ဆိုလျှင် ဆရာကတော် ကြေနပ်ပါတော့''ဟူ၍ ဖွင့်ပြောရှာသည်။ ဤတွင် သူသည် အန်၏ အလိုဆန္ဒကို တနည်းတဖုံ ဖြည့်နိုင်ခဲ့လေသည်။ အကျဉ်းထောင် အတွင်းခန်းသို့ပြန်ရောက်နေသော ဆရာဂျတ်ဆင်သည် အပြင်းဖျားလေရာ သူ့ကို ကိုယ်ဖိရင်ဖိ ပြုစုရန်လိုလာလေသည်။ လက်မရှိ့ထောင်သည်လည်း ဦးရောက်ကြီး၏ ဝင်းနှင့်မဝေးလှ။ ထိုအခါ လူမမာ ပြုစုနိုင်ရန်ဟု အန်ကို ဦးရောက်ကြီးက မိမိ၏ ဝင်းအတွင်း၌



www.burmeseclassic.com

တဲအိမ်ဆောက်လုပ်နေထိုင်ခွင့် ပြုခဲ့လေသည်။ ဆရာဂျတ်ဆင်ကို အတွင်းခန်းမှ အပြင်ခန်းသို့ ထုတ်ယူပြုစုခွင့်လည်း ပေးခဲ့လေသည်။

ဦးရောက်ကြီး၏ အကူအညီသည် အရာမထင် ဖြစ်ရရှာသည်။ အဘယ်ကြောင့်ဆိုသော် ဆရာဂျတ်ဆင်ကို သက်သာအောင် စီမံပေး၍မှ မကြာခင် ဦးရောက်ကြီး၏ ဩဇာအာဏာကိုကျော်၍ ဆိုင်ရာတို့က အကျဉ်းသားတွေကို အဝမှ ၁၀ မိုင်ဝေးသော အောင်ပင်လယ်ရှိ ထောင်သို့ပို့လိုက်သောကြောင့်ပေတည်း။ ပို့လိုက်သောအကြောင်းကိုကား တတ်အပ်မသိရ။ ကြားသိရသည့် သတင်းအရမူ မြန်မာတို့ အားအကိုးကြီး ကိုးခဲ့သော မင်းကြီးမဟာဗန္ဓုလသည် ရန်သူ့ဗုံးဆံထိ၍ ဓနုဖြူတွင် ကျဆုံးသည်။ ကျဆုံး၍ မြန်မာတပ်သည် ပြည်ဘက်သို့ ဆုတ်၍ခံသည်။ ပြည်တွင်လည်း အရေးမလှ၍ မလွန်အထိ ဆုတ်ရပြန်သည်။ ထိုအခါ အင်္ဂလိပ်စစ်အတတ်ကို ဒဏ်ပြန်သည့်သဘောဖြင့် အကျဉ်းသားတွေကို စတေးဘို့ ပခန်းဝန်(ကြီး)ဦးမှိုင်းက စိတ်ကူးရသည်ဟုဆိုလေသည်။ ဦးမှိုင်းမှာ ခုတလော၌ ဩဇာရှိသလောက် ရှိနေသည်။ အင်္ဂလိပ်တပ်ကို တွန်းလှန်ဖြိုဖျက်ရန် အာဏာပေးအပ်ခြင်းလည်း ခံရသည်။ သို့သော် ဆရာဂျတ်ဆင်တို့ ကံကောင်းလေသည်မှာ ဦးမှိုင်းသည် ဖြောင့်မတ်စွာ အမှုမထမ်းဟု စွပ်စွဲခံရပြီးလျှင် ရက်ပိုင်းအတွင်း၌ ကွက်မျက်ခံရခြင်းပင် ဖြစ်လေသည်။

BURMESE CLASSIC .com

၁၈၂၅–ခုနှစ် အကုန်တွင် စစ်အခြေအနေသည် တမျိုးပြောင်းလာလေသည်။ မြန်မာတပ်သည် မလွန်ဘက်တွင် တပ်စွဲနေရာမှာ ဘကြီးတော်၏ အမိန့်အရ အင်္ဂလိပ်တပ်နှင့်စစ်ပြေငြိမ်းရေးကို ကမ်းလှမ်းရလေသည်။ စကားကမ်းလှမ်း ဆွေးနွေးမည်ဆိုလျှင် သူ့စကား ကိုယ့်စကားကို ပတ်ပတ်နပ်နပ် နားလည်ဘို့ အရေးကြီးသည်။ မြန်မာများအထဲတွင်လည်း အင်္ဂလိပ်စကားကို ကျွမ်းကျင်သူမရှိသဖြင့် ဆရာဂျတ်ဆင်နှင့်ဒေါက်တာပရိုက်တို့၏ အကူအညီ လိုလာလေသည်။ ထို့ကြောင့် စကားပြန်လုပ်ရန် သူတို့ကို အောင်ပင်လယ်ထောင်မှ လွှတ်ရမည်ဖြစ်လေသည်။ ဤတွင် ဦးရွှေလူအတွက် အခွင့်ကောင်း ပေါ်လာလေပြီဖြစ်သည်။ သူသည် ဝင်းမှူးဖြစ်၍(လွှတ်တော် ဗြဲတိုက်တို့နှင့်ဆိုင်သော)တိုင်းရေးပြည်မှုတွင် ဝင်ပြီးစွက်ဖက်ခွင့်မရ။ မရလေသောကြောင့် ဆရာဂျတ်ဆင်၏ လွှတ်မြောက်ရေးကို တိုက်ရိုက်ဝင်၍ မကူနိုင်ခဲ့။ ဆရာဂျတ်ဆင်တို့လင်မယားကို မေတ္တာပို့ရှာသာ ပို့နိုင်ခဲ့လေသည်။ ယခုလို ဆရာဂျတ်ဆင်ကို ထောင်မှလွှတ်မည့်အရေးတွင်မူ များများစားစား မဟုတ်သည့်တိုင် အနည်းအကျဉ်းဖြင့် ကူညီနိုင်စရာရှိနေလေသည်။ သူသည် ဆရာဂျတ်ဆင် မလွှတ်ခင်တနေ့ ကြိုတင်၍ အောင်ပင်လယ် ရှိနေသော အန်ထံသို့ လူလွှတ်အကြောင်းကြားနိုင်ခဲ့လေသည်။

နောက်တကြိမ်တွင်မူကား ဦးရွှေလူသည် ဆရာဂျတ်ဆင်တို့အပေါ် ထိထိရောက်ရောက်

www.burmeseclassic.com

www.burmeseclassic.com

ကူညီနိုင်ခဲ့ပါ၏။ ဖြစ်ပုံမှာ ဆရာဂျတ်ဆင်သည် မလွန် ညောင်ပင်ဆိပ်ဘက်၌ မြန်မာနှင့်အင်္ဂလိပ်တို့ စစ်ပြေငြိမ်းရေး ဆွေးနွေးကြရာတွင် စကားပြန်အဖြစ် ဆောင်ရွက်ခဲ့ရသည်။ သို့သော် အင်္ဂလိပ်ဘက်က ရခိုင်၊ တနင်္သာရီနယ်များကိုင်း၊ စစ်စရိတ် ငွေ ၂–ကုဋေကိုင်း တောင်းဆိုခြင်းကြောင့် မြန်မာဘက်က လက်မခံနိုင်ဘဲ ဆွေးနွေးပွဲ ပျက်ခြင်းကြောင့် မြန်မာဘက်က လက်မခံနိုင်ဘဲ ဆွေးနွေးပွဲ ပျက်လေသည်။ ထိုအခါ ဆရာဂျတ်ဆင်မှာ စကားပြန်လုပ်ရန် မလိုတော့ပြီဖြစ်၍ အဝသို့ ပြန်လာရသည်။ ပြန်အရောက်တွင် သူ့ကို အောင်ပင်လယ်သို့ ပြန်ပို့ရန် ဆိုင်ရာက စီမံလေတော့သည်။ ဤအတိုင်းသာဆိုလျှင် ဆရာဂျတ်ဆင်မှာလည်း ခံနိုင်အားမရှိတော့။ သူ့မယား အန်မှာလည်း သေဘွယ်ရာ ရှိတော့သည်။ အကြောင်းမှာ ဆရာဂျတ်ဆင်မှာ မလွန် ညောင်ပင်ဆိပ်၌ စကားပြန်လုပ်သာလုပ်ခဲ့ရသည်။ လူက လူမမာ ဖြစ်နေသည်။ အန်မှာလည်း အဖျားရောဂါဒဏ်ကြောင့် ခေါင်းကို ကတုံးရိပ်ထားရပြီး ချည့်နဲ့နေသည်။ ဆရာဂျတ်ဆင်တို့အဖြစ်ကို သနားသူရှိသလောက် ရှိကြပါ၏။ သို့သော် ဘယ်သူကမှ မကယ်နိုင်။ ထိုအခြေအနေတွင် ဆရာဂျတ်ဆင့်သတင်းကို အန်ထံမှ ဦးရွှေလူကြားရလေသည်။ ကြားကြားချင်းပင် ဆရာဂျတ်ဆင်ကို အကျဉ်းသားအဖြစ်မှ လွှတ်ပေးပါမည့်အကြောင်း သူ့အတွက် မိမိပင် တာဝန်ယူပါကြောင်း စသည်ဖြင့် ရှင်းရှင်းပင် လွှတ်တော်သို့စာတင်လေသည်။ လွှတ်တော်ကလည်း သဘောတူခဲ့လေသည်။ ထို့ကြောင့် ဦးရွှေလူသည် ဆရာဂျတ်ဆင်တို့လင်မယားကို မိမိအိမ်တွင် နေထိုင်စေကာ ဂရုတစိုက် ကျွေးမွေးပြုစုခဲ့လေသည်။

ဦးရွှေလူသည် အချို့အချို့သော မင်းမှုထမ်းများကဲ့သို့ ပရိယာယ်ဝေဝုစ် မသုံးတတ်။ ခေါင်းကို ရှင်းရှင်းထားတတ်သည်။ စကားကို ရှင်းရှင်းပြောတတ်သည်။ အလုပ်ကို ရှင်းရှင်းလုပ်တတ်သည်။ ထို့ကြောင့်ပေလားမသိ။ ၁၈၂၆–ခုနှစ်တွင် သူသည် အသက် ၆၂–နှစ် ရှိခဲ့ပြီဖြစ်သော်လည်း အသက် ၄၀–အရွယ်လောက်သာ ထင်ရသည်ဟု ဆိုကြလေသည်။

ဦးရွှေလူ

မင်းကျော်ရာဇာ၊ ၁၉၆၂ ခု၊ “ဝန်ကြီးမှူးကြီးများအကြောင်း”မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ်၊ အတွဲ ၄၅၊ အပိုင်း ၂၊ မျက် ၁၃၇ မှ ၁၆၂ ထိ။

မောင်မောင်တင်၊ ဦး၊ ၁၃၃၀ ခု၊ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။

Crawfurd. J.1834, Journal of an Embassy from the Governor General of India to the Court of Ava. Vol I. London. Henry Colburn.

Desai, W.S.1939.History of the British Residency in Burma. 1826-1840. University of Rangoon.

Hall, D.G.E. 1957. "Burney's Comments on the Court of Ava in 1832,, Bulletin of the School of Oriental, Vol.XX, pp.305-314.

Knowles, J. D. 1829. Memoir of Mrs.Ann H Judson. London, Book Society for Promoting Religious Knowledge.

www.burmeseclassic.com